# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၁၉ ခုနှစ်၊ မေ ၁၈ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၂၃၀)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်ဆည်မြို့နယ် ဘဲလင်း ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား



နေပြည်တော် မေ ၁၇

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဘဲလင်း ၂၃၀ ကေဗွီဓာတ်အားခွဲရုံဝင်းအတွင်း၌ တည်ဆောက်ပြီးသွားသည့် ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူနှင့် ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ဘဲလင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ကြသည့် Powergen Kyaukse Co.,Ltd မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**လျှပ်စစ်ဓာတ်အားရရှိဖို့ အများကြီးကြိုးစားနေ**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “လျှပ်စစ်ဓာတ်အားဟာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တွေထဲက တစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံ အတော်များများ မှာဆိုရင် ၈၀ ရာခိုင်နှုန်းကျော်၊ ၉၀ ရာခိုင်နှုန်းကျော်၊ ၁၀၀ ရာခိုင်နှုန်းပြည့် စသည်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ပေမယ့် ကျွန်မတို့နိုင်ငံမှာ အခုအချိန်အထိ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းတောင် မပြည့်သေးတာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိဖို့ အများကြီးကြိုးစားနေဖို့လိုပါတယ်။ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အားလိုင်းသစ်တွေဖွင့်လှစ်ခြင်း၊ ဓာတ်အားခွဲရုံ အသစ်တွေဖွင့်လှစ်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**၂၀၂၅ မှာ တစ်နိုင်ငံလုံး ရာနှုန်းပြည့်သုံးစွဲနိုင်မယ် မျှော်မှန်း**

“ဒီနှစ်မကုန်ခင်မှာလည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်၊ ဒါဟာ ကျွန်မတို့ ၂၀၁၆ ခုနှစ်တုန်းက ၃၀ ရာခိုင်နှုန်းလောက် ကနေပြီးတော့ အခု ဒီနှစ်မကုန်မီ ၅၀ ရာခိုင်နှုန်းအထိ ရောက်ဖို့အတွက် ကြိုးစားနေခြင်းပဲဖြစ်ပါတယ်။ လာမယ့် ၂၀၂၅ မှာဆိုရင် တစ်နိုင်ငံလုံး ရာနှုန်းပြည့်သုံးစွဲနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

“အခုအစိုးရတာဝန်ယူပြီးနောက်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ခဲ့တဲ့ မြင်းခြံသဘာဝဓာတ်ငွေ့နဲ့ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ၂၂၅ မဂ္ဂါဝပ်၊ V Power ကုမ္ပဏီမြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံ ၉၀ မဂ္ဂါဝပ်၊ ဒီနေ့ဖွင့်လှစ်တဲ့ ကျောက်ဆည်(ဘဲလင်း) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၄၅ မဂ္ဂါဝပ်နဲ့ ၂၀၁၆ ခုနှစ် မေလက

*စာမျက်နှာ ၃ ကော်လံ ၁* ❊

**အမှာစကား ပြောကြား**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်ဆည်မြို့နယ် ဘဲလင်း ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်






မြန်မာ့အလင်း



# သင့်တင့်လျောက်ပတ် နေအပ်သည့်နေရာ

ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် မင်္ဂလသုတ်ဒေသနာတော်တွင် "ပတိရူပဒေသဝါသောစ" သင့်တင့်လျောက်ပတ်သောအရပ်၌ နေထိုင်ခြင်းကို မင်္ဂလာတစ်ပါးအဖြစ်ပြဆိုထားသည်။ ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သည့် တရားတော်၊ မကောင်းမှုတို့ကို ပယ်ဖျောက်သည့် တရားတော်ဖြစ်သော မင်္ဂလသုတ်တွင် ထည့်သွင်းဟောကြားခဲ့ခြင်း ဖြစ်သည့်အလျောက် "သင့်တင့်လျောက်ပတ်သော အရပ်ဒေသ"၌ နေထိုင်ခြင်းသည် မည်မျှအရေးကြီးကြောင်း သုံးသပ်ဆင်ခြင်မိနိုင်ကြမည် ဖြစ်သည်။

အကယ်၍ အရပ်ဒေသတစ်ခုတွင် တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေသည်။ ဒုစရိုက်သမားတို့ ထကြွသောင်းကျန်းနေကြသည်။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်၍မရ။ အကျင့်ပျက်မှုများ နေရာတကာတွင် ရှိနေသည်။ လာဘ်ပေးလာဘ်ယူမှုများလည်း ထူပြောသည်။ စည်းမဲ့ကမ်းမဲ့ ပြုမူနေထိုင်သူများက အများစုဖြစ်နေသည်။ ရေထု၊ မြေထု၊ လေထုတို့ ညစ်ညမ်းနေသလို လူတို့၏စိတ်နှလုံးများကလည်း ညစ်နွမ်းနေကြသည်။ လူ့အသိုင်းအဝိုင်းတွင် လောကပါလတရားတို့လည်း ပျောက်ဆုံးနေကြသည်။ ပညာရှာဖွေရန်ခက်ခဲလျက် အသက်မွေးဝမ်းကျောင်းရန် အခွင့်အလမ်းတို့ကလည်း နည်းပါးလှသည် စသည်ဖြင့်ဆိုပါအံ့။ ဤသို့သော အရပ်ဒေသမျိုးသည် သင့်တင့်လျောက်ပတ်သောအရပ် တစ်နည်းအားဖြင့် ပတိရူပဒေသ မည်သို့မျှမဟုတ်နိုင်ပါ။ "ရေကြည်ရာ မြက်နုရာ"ဟု ဆိုကြသည့် နေထိုင်ကောင်းမည့်နေရာ၊ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည့် နေရာမဖြစ်နိုင်ပါ။ "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဟူသည့် စကားပုံအတိုင်း ဤသို့သောနေရာမျိုးကို စွန့်ခွာ၍ အခြားသောသင့်တင့်လျောက်ပတ်ရာနေရာဒေသများဆီသို့သာ သွားရောက်ကြရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် နေရပ်ကိုမစွန့်ခွာနိုင်ပါမူ မိမိတို့နေထိုင်ရာ အရပ်ဒေသကို ပတိရူပဒေသဖြစ်လာအောင်၊ သင့်တင့်လျောက်ပတ်သော အရပ်ဒေသဖြစ်လာအောင် မဆုတ်မနစ် ကြိုးပမ်းအားထုတ်ကြခြင်းသည်သာ မှန်ကန်သောနည်းလမ်း၊ ပြုသင့်ပြုအပ်သောအလုပ်ဖြစ်မည်ဟူ၍ ဆင်ခြင်မိသည်။

လူဟူသည် တစ်ကိုယ်ထီးတည်းနေထိုင်တတ်သော သတ္တဝါမျိုးမဟုတ်ဘဲ အသိုက်အဝန်းနှင့် ပေါင်းသင်းဆက်ဆံနေထိုင်တတ်သော သဘာဝရှိသည့်သတ္တဝါမျိုးဖြစ်သည်။ မိသားစု၊ အပေါင်းအသင်း၊ အစုအရုံး၊ အဖွဲ့အစည်း စသည်ဖြင့် စုပေါင်းနေထိုင်တတ်သည့်အလျောက် မိမိနှင့်ကျန်အများတို့အကြားတွင် လိုက်လျောညီထွေအောင် ပြင်ဆင်ပြုမူမှုများ ပြုလုပ်ကြရသည်။ ညှိယူမှု၊ တာဝန်ယူမှုတို့လည်း ရှိလာရသည်။ မိသားစုတာဝန်၊ ရပ်ရွာတာဝန်၊ အသင်းအဖွဲ့တာဝန်တို့ကို ထမ်းဆောင်လာရသည်။ နိုင်ငံသူ နိုင်ငံသားတစ်ယောက်အဖြစ်လည်း နိုင်ငံသူနိုင်ငံသားတာဝန်တို့ကို ထမ်းဆောင်ကြရသည်။ နိုင်ငံသူနိုင်ငံသားကောင်း ဖြစ်လာရန်လည်း မိမိကိုယ်ကိုယ် ကြိုးပမ်းဖြည့်ဆည်းကြရမည်။

အရည်အချင်းပြည့်ဝသည့် နိုင်ငံသူနိုင်ငံသားတို့က မိမိကိုယ်ကိုယ်သာမက မိမိတို့၏ပတ်ဝန်းကျင်များကိုပါ ပြုပြင်ကြသည်။ တရားဥပဒေစိုးမိုးရေး၊ အကျင့်ပျက်မှုများ ကင်းစင်ရေး၊ ကျင့်ဝတ်စည်းကမ်းတို့နှင့် ညီညွတ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ လောကပါလတရားတို့ ထွန်းကားရေး၊ စီးပွားရေးကြီးပွားရေးအတွက် ရေခံမြေခံကောင်းများ တည်ဆောက်ဖြစ်ပေါ်လာရေးတို့အတွက် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြသည်ဆိုပါက မည်သည့်အရပ်ဒေသကိုမျှ ရွှေ့ပြောင်းသွားလာရန်မလိုအပ်ဘဲ မိမိတို့နေရင်းရပ်ရွာဒေသတို့သည်ပင် ပတိရူပဒေသများအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ သင့်တင့်လျောက်ပတ်သောအရပ်ဒေသကို အခြားတစ်ပါးသော နေရာဒေသများဆီသို့ သွားရောက်ရှာဖွေခြင်းထက် မိမိမြို့ရွာဒေသ ပတ်ဝန်းကျင်များတွင် ပြုပြင်ပြောင်းလဲ ဖန်တီးကြခြင်းအားဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါစေကြောင်း။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်

# တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၁၉ ခုနှစ် ပထမအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၇**

တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၁၉ ခုနှစ် ပထမအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ရင်းနှီးမြှုပ်နှံမှုထိပ်သီး အခမ်းအနားအား ရန်ကုန်မြို့ရှိ ဆီဒိုနားဟိုတယ်၌ ယနေ့ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးဟောင်း Mr. Guan Mu၊ တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အခြား ဆွေးနွေးပြောကြားသူများက တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း၏ ရည်ရွယ်ချက်နှင့်အညီ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်သည်။

**သတင်းစဉ်**




# တတိယအကြိမ် အစိုးရအသုံးစရိတ်ပြန်လည်သုံးသပ်မှု ကနဦးတွေ့ရှိချက်များဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ အစိုးရအသုံးစရိတ်များ၊ သုံးစွဲမှုပုံစံများကို လေ့လာဆန်းစစ်လျက်ရှိရာ တတိယအကြိမ် အစိုးရအသုံးစရိတ်ပြန်လည်သုံးသပ်မှုဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်၊ Renaissance Institute နှင့် အစိုးရအသုံးစရိတ် ပြန်လည်သုံးသပ်မှုအတွက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင် ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့မှ တတိယအကြိမ် အစိုးရအသုံးစရိတ် ပြန်လည်သုံးသပ်မှုဆိုင်ရာ တွေ့ရှိချက်များအား တင်ပြရာတွင် MSDP ၏ မဏ္ဍိုင် (၁)၊ ပန်းတိုင် (၁)၊ (၂) တို့နှင့် ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရသို့ ပြည်ထောင်စုမှ ဘဏ္ဍာငွေလွှဲပြောင်းပေးမှုများနှင့် ၎င်းတို့၏ ကိုယ်ပိုင်ဘဏ္ဍာငွေကောက်ခံရရှိမှုအခြေအနေများ၊ အသုံးစရိတ်အခြေအနေများ၊ ပြည်ထောင်စု၏ အသုံးစရိတ်အခြေအနေများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ ရှေ့ဆက်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖင်လန်နိုင်ငံကြက်ခြေနီအသင်းမှ လွိုင်ကော်မြို့နယ် လွယ်ထွဲကျေးရွာတွင် သတင်းမှတ်တမ်းရိုက်ကူး

**လွိုင်ကော် မေ ၁၇**

ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းသောအဖွဲ့သည် လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် "ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားရေးစီမံချက်"ပါ လုပ်ငန်းများ သတင်းမှတ်တမ်းရိုက်ကူးခြင်း တတိယနေ့ကို မေ ၁၇ ရက် နံနက်ပိုင်းမှစပြီး စီမံချက်ပါကျေးရွာဖြစ်သည့် နွားလဝိုးကျေးရွာအုပ်စု လွယ်ထွဲကျေးရွာအတွင်း ရိုက်ကူးရေး ဆောင်ရွက်ခဲ့သည်။



လွယ်ထွဲကျေးရွာရှိ မိသားစုတစ်စု၏ တစ်နေ့တာ လှုပ်ရှားဆောင်ရွက်မှုကို သတင်းမှတ်တမ်း ရိုက်ကူးနေစဉ်။

အဆိုပါအဖွဲ့သည် လွယ်ထွဲကျေးရွာအတွင်း ထောက်ပံ့ပေးထားသော ဂါလံ ၅၀၀၀ ဆံ့ ရေကန် နှစ်ကန်၊ ရေငုတ် ၂၀ ခု၊ မသန်စွမ်းကလေးများအတွက် ရေချိုးခန်းနှင့်အိမ်သာ တစ်လုံး၊ စာသင်ကျောင်းအတွက် နှစ်ခန်းတွဲအိမ်သာ တစ်လုံး၊ ဘေစင်နှင့် လီတာ ၅၀၀ ဆံ့ ရေစင်တစ်ခုနှင့် ဆေးစိမ်ခြင်ထောင် အသုံးပြုမှုများကိုလည်းကောင်း၊ အရင်းမပျောက် မတည်ငွေ ကျပ် ၁၀ သိန်းဖြင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင် အကျိုးရှိစွာ အသုံးပြုမှုအခြေအနေများကို လည်းကောင်း၊ မိသားစုတစ်စု၏ တစ်နေ့တာ လှုပ်ရှားဆောင်ရွက်မှုအခြေအနေ၊ တွေ့ကြုံရသောအခက်အခဲ စသည်များကို လည်းကောင်း တွေ့ဆုံမေးမြန်းရိုက်ကူးခဲ့ကြောင်းနှင့် စတုတ္ထနေ့အဖြစ် လောပိတကျေးရွာအုပ်စု ကန်နီကျေးရွာသို့ ဆက်လက် ကွင်းဆင်းရိုက်ကူးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅)ပါ "ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေး" သတင်းခေါင်းစဉ်ကို "ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**






**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့ စက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၁၄၅ ဒသမ ၄၉ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်နိုင်ရန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

❋ *ရှေ့ဖုံးမှ*

စတင်လည်ပတ်ခဲ့တဲ့ မြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံ ၆၅ မဂ္ဂါဝပ် စုစုပေါင်း ၅၂၅ မဂ္ဂါဝပ် ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပြီး အဲဒီစက်ရုံတွေက ထုတ်လုပ်တဲ့ ဓာတ်အားတွေဟာ မန္တလေးတိုင်းဒေသကြီးရဲ့ သုံးစွဲမှုကို ထောက်ပံ့ပေးတဲ့အပြင် ဓာတ်အားစခန်းနဲ့ ချိတ်ဆက်ပို့လွှတ်နေတဲ့အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများထံသို့ ရောက်ရှိနေပြီးတော့ သုံးစွဲနိုင်ပြီး ဖြစ်ပါတယ်။

**ဓာတ်အားလုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်ရေး**

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်း စီမံကိန်း၊ ၂၃၀ ကေဗွီ မြင်းခြံ၊ မိတ္ထီလာ၊ တောင်တွင်းကြီး ဓာတ်အားလိုင်းစီမံကိန်း၊ ၅၀၀ ကေဗွီ မိတ္ထီလာဓာတ်အားခွဲစက်ရုံ စီမံကိန်း၊ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း (၆၀ မဂ္ဂါဝပ်) လုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်။

**လျှပ်စစ်ဓာတ်အားရရှိရေး**

"အစိုးရတာဝန်ယူတဲ့ အချိန်ကစပြီးတော့ နိုင်ငံတိုးတက်ရေးအတွက်၊ ဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ကိစ္စနှစ်ခုဟာ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အားရရှိရေးပဲ ဖြစ်တယ်ဆိုတာ ကျွန်မတို့ သဘောပေါက်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာပြီ၊ လျှပ်စစ်ဓာတ်အားရလာပြီဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားများရဲ့ဘဝ မြန်မြန်ကြီးကို တိုးတက်တယ်ဆိုတာ ကျွန်မတို့ သတိပြုမိပါတယ်။

"လျှပ်စစ်ဓာတ်အားရရှိတယ်ဆိုတာဟာ မီးခလုတ်လေးဖွင့်ရုံနဲ့ မီးလင်းရုံတင်မကဘူး၊ မီးလင်းသွားခြင်းရဲ့အကျိုးဆက်တွေကို ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေ ခံစားရပါတယ်။ အကျိုးဆက်တွေက အရိုးဆုံး၊ အရှင်းဆုံးပြောရမယ်ဆိုရင် အိမ်အလိုက်၊ မိသားစုအလိုက် လျှပ်စစ်ဓာတ်အားမရတဲ့ အခြေအနေကနေပြီးတော့ ရတဲ့အခြေအနေကို ရောက်သွားရင် ကျောင်းသွားတဲ့ကလေးတွေ စာကောင်းကောင်း ပိုပြီးတော့ ကျက်နိုင်တာကနေစပြီးတော့ မိဘတွေအနေနဲ့ အိမ်တွင်းမှာ လုပ်ငန်းကလေးတွေ လုပ်ချင်ရင်တောင်မှ လုပ်နိုင်တဲ့အခြေအနေကို ရောက်သွားပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်ဓာတ်အားရရှိရေးဟာ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး ကောင်းတယ်လို့ ဆိုလိုပါတယ်။

**အမှောင်ကိုခွင်းလို့ အလင်းကိုရောက်**

"လျှပ်စစ်ဓာတ်အားရရှိရေးဆိုရင် အလင်းနဲ့ပြည်သူတွေက ဆက်စပ်ပြီးတော့ စဉ်းစားပါတယ်။ အမှောင်ကိုခွင်းလို့ အလင်းကိုရောက်ပြီဆိုတဲ့ သဘောမျိုးပါ၊ ဒါပေမယ့် အမှောင်ကိုခွင်းလို့ အလင်းကို ရောက်ပြီဆိုတာ ကျွန်မတို့ ဟိုးအရင်တုန်းက စာပေဗိမာန်ရဲ့ဆောင်ပုဒ် ဖြစ်ပါတယ်။ ဒါဟာ ပညာအလင်းကိုပေးခြင်းကို ဆိုလိုတာပါ။ ဒါကြောင့်မို့ ကျွန်မကတော့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေအားလုံးကို အသိပေးချင်တာကတော့ လျှပ်စစ်မီးရခြင်းဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာအရ၊ နည်းပညာပိုင်းဆိုင်ရာအရ ပြည်သူတွေကို အလင်းပေးခြင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့နိုင်ငံ တကယ့်ကို လင်းဖို့ဆိုရင် ပြည်သူတွေ ကိုယ်တိုင်ကြိုးစားရမှာပါ။ လျှပ်စစ်မီးရဲ့ လင်းနိုင်ဖြစ်ပါတယ်။

**ပိုင်းခြားစိတ်ဖြာနိုင်**

"ဒါကြောင့်မို့ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားများဟာ ပညာကြိုးစားရမယ်၊ ပညာရှိအောင် ဆောင်ရွက်ကြရမယ်၊ ပညာဆိုတာ အတန်းပညာကို ပြောနေတာမဟုတ်ပါဘူး။ မှန်မှန်ကန်ကန် အခြေအနေတစ်ခုကို ပိုင်းခြားစိတ်ဖြာနိုင်တဲ့၊ အစွမ်းရှိတဲ့ပညာ၊ ဒီလို ပိုင်းခြားစိတ်ဖြာပြီးတဲ့အခါကျရင် ပိုမိုပြီးတော့ အခြေအနေတွေကောင်းမွန်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားဆွေးနွေးပြီးတော့ တာဝန်ယူနိုင်တဲ့ ပညာ၊ အဲဒီလိုဖြစ်တယ်ဆိုတာ ကျွန်မ သတိပေးပါတယ်။ ပြည်ထောင်စုဖြစ်တာကြောင့် ဒီနိုင်ငံမှာ ဘာပဲလုပ်လုပ် ကျွန်မတို့တစ်နိုင်ငံလုံးအတွက် မျှမျှတတဖြစ်ရဲ့လားဆိုတာ စဉ်းစားပြီးမှ ကျွန်မတို့ကြိုးစားပြီးတော့ လုပ်ပါတယ်။ တစ်နေရာတည်းမှာ စီးပွားရေးအမြင်တစ်ခုနဲ့ပဲ ဒီနေရာမှာတော့ လျှပ်စစ်မီးရရင် စီးပွားရေးက တိုးတက်မယ်။ မြန်မြန်ဆန်ဆန် ချမ်းသာမယ်ဆိုတဲ့ အမြင်တစ်ခုနဲ့ပဲ ကျွန်မတို့ ကြည့်လို့မရပါဘူး။ ကျွန်မတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုပြီးတော့ခိုင်မာရေးအတွက် ကျွန်မတို့မှာရှိတဲ့ နေအင်အား




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ Powergen Kyaukse Co.,Ltd. ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်



**ဘဲလင်း ၂၃၀ ကေဗွီဓာတ်အားခွဲရုံ၌ တည်ဆောက်ပြီးသွားသည့် ၁၄၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။** သတင်းစဉ်

တဲ့အင်အားထက် ပိုပြီးတော့ကြီးတာဟာ ပညာအလင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ပညာအလင်းထက် ပိုပြီးတော့တောင် တန်ဖိုးရှိတာဟာ မေတ္တာအလင်းပဲ အဆင့်ဆင့်ပညာတွေ ကျွန်မတို့မှာ လိုပါတယ်။

**ယခုဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် ၁၄၅ မဂ္ဂါဝပ်ဓာတ်အားကို ဘဲလင်း ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်ပြီး ၁၃၂ ကေဗွီ အောင်ပင်လယ်-တံခွန်တိုင်ဓာတ်အားလိုင်းဖြင့် မန္တလေးမြို့သို့ ၉၀ မဂ္ဂါဝပ် ပမာဏကိုလည်းကောင်း၊ ကျန်ရှိသည့် ၅၅ မဂ္ဂါဝပ်ကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့တို့သို့လည်းကောင်း ပို့လွှတ်ပေးလျက်ရှိပြီး ၎င်းဓာတ်အားများဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်ဆင့် လိုအပ်သောနေရာများသို့ ဖြန့်ဝေပေးသွားမည်**

**လျှပ်စစ်မီးရရင် စီးပွားရေးတိုးတက်မယ်**

"ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုတွေ၊ နိုင်ငံတော်ရဲ့ဘဏ္ဍာနဲ့ ကျွန်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်တဲ့ ပြည်ပရော၊ ပြည်တွင်းက ပုဂ္ဂိုလ်တွေရောရဲ့ အင်အားတွေကို နိုင်ငံအတွက်ဖြစ်အောင် ဘယ်လိုသုံးမလဲလို့ စဉ်းစားတဲ့အခါမှာ ပြည်ထောင်စုဆိုတဲ့ အတွေးအခေါ်နဲ့ စဉ်းစားရပါတယ်။ ပြည်ထောင်စုတစ်ခုလုံး ချမ်းသာလာရုံတင်မက ပိုပြီးတော့ ညီညွတ်လာအောင်လို့ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ နားလည်မှုပိုပြီး ရှိလာအောင်လို့ ဦးတည်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ရပါတယ်။

"ကျွန်မစောစောက ပြောသလိုပဲ လျှပ်စစ်ဓာတ်အားပေးရေးကို စဉ်းစားတဲ့အခါကျရင် ပိုက်ဆံအတွက်တစ်ခုတည်းနဲ့ မစဉ်းစားပါဘူး။ နိုင်ငံရဲ့ အနာဂတ်အတွက် ဘယ်လိုအကျိုးပြုနိုင်မလဲဆိုတဲ့

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်ဆည်မြို့ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဥဘုရား၌ လှည့်လည်ဖူးမြော်စဉ်။ သတင်းစဉ်

ဒေါ်အုန်းကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းနှင့် Powergen Kyaukse Co.,Ltd ဒါရိုက်တာ ဦးအောင်လှိုင်ဦးတို့က ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က စက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၁၄၅ ဒသမ ၄၉ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်နိုင်ရန် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**၁၁ လခန့်သာ အချိန်ယူတည်ဆောက်**

ယခုဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံသည် ပုဂ္ဂလိကပိုင်ကဏ္ဍ BOO စနစ်ဖြင့် ငါးနှစ်တာ ဓာတ်အားထုတ်လုပ်ခြင်းဆောင်ရွက်မည့် ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံဖြစ်ပြီး ပြည်တွင်းထွက်သဘာဝဓာတ်ငွေ့ဖြစ်သည့် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၃၀ ကို အသုံးပြုကာ ဓာတ်အား ၁၄၅ မဂ္ဂါဝပ်ကို ရေတိုငါးနှစ်တာကာလအတွက် ဓာတ်အားထုတ်လုပ်မည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးအောင် တည်ဆောက်ရေးကာလ ၁၁ လ ခန့်သာ အချိန်ယူတည်ဆောက်ခဲ့ကြောင်း၊ ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် ၁၄၅ မဂ္ဂါဝပ်ဓာတ်အားကို ဘဲလင်း ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ကုမ္ပဏီ၏ မြင်းခြံဓာတ်အားပေးစက်ရုံမှ ၆၅ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးလျက်ရှိပြီး ရေအားလျှပ်စစ်စက်ရုံများအနေဖြင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၇၉၀ မဂ္ဂါဝပ်၊ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၅၆ မဂ္ဂါဝပ်၊ ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၂၅ မဂ္ဂါဝပ် စုစုပေါင်း ၈၇၁ မဂ္ဂါဝပ်ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝအရင်းအမြစ်များကိုအခြေခံ၍ နိုင်ငံတော်ဓာတ်အားစနစ်တွင် စုစုပေါင်း ၁၃၉၆ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပြီး မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများထံသို့ရောက်ရှိပြီး သုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

ယခုအစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း မြို့ပေါင်း ၆၈ မြို့ ရွာပေါင်း ၅၁၉၁ ရွာအား ၂၄ နာရီ မီးသုံးစွဲနိုင်အောင် ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် မီးသုံးစွဲသူ ၃၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၄၄ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၃၀၊ ကျေးရွာပေါင်း ၃၆၃၂၊ အိမ်ထောင်စုပေါင်း ၇၈၇၄၃၃ လျှပ်စစ်ဓာတ်အားရရှိလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားလုံလောက်စွာနှင့် ပိုမိုပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး

*စာမျက်နှာ ၃ မှ*

အချက်တွေကို အဓိကထားပြီးတော့ စဉ်းစားပါတယ်။ ကျွန်မတို့နိုင်ငံ ပိုပြီးတော့ လင်းလာအောင် ပြည်သူပြည်သားများ ကြိုးစားပေးကြပါလို့ ထပ်တလဲလဲ မေတ္တာရပ်ခံခဲ့သလို ယခုလည်း ထပ်ပြီးမေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့ အချိန်ကနေစပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေး ၁၀၀ ရာခိုင်နှုန်းဆိုတာမရခဲ့ပါဘူး။ တစ်ချိန်လုံး ဟိုနေရာမဟုတ် ဒီနေရာလာ ပြည်တွင်းပဋိပက္ခမီးတွေက တောက်လောင်နေတာတွေ့ရပါတယ်။ လျှပ်စစ်ဓာတ်အားထက် ပိုပြီးတော့ အရေးကြီးတာက ကျွန်မတို့နိုင်ငံမှာ တောက်နေတဲ့ အပူမီးတွေကို ဘယ်လိုငြိမ်းသွားအောင် လုပ်ပေးနိုင်မလဲဆိုတာ ပညာတွေထက် မေတ္တာတွေကို တိုးပွားအောင်လုပ်ဖို့ ဖြစ်ပါတယ်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြစ်တည်လာ**

“လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ခု အသစ်ဖွင့်တိုင်းဖွင့်တိုင်း လျှပ်စစ်ဓာတ်အားပေးမှုလုပ်ငန်းတစ်ခု အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်တိုင်း ဖော်နိုင်တိုင်း ပြန်ပြီးတော့ သုံးသပ်ပါတယ်။ လျှပ်စစ်ဓာတ်အားစက်ရုံတစ်ခု ပိုပြီးတော့ရှိတဲ့အတွက် ဘယ်လိုကျွန်မတို့နိုင်ငံအတွက် အကျိုးရှိနိုင်မလဲ၊ စီးပွားရေးအရ ဘယ်လိုအကျိုးရှိနိုင်မလဲ၊ လူမှုရေးအရ ဘယ်လိုအကျိုးရှိနိုင်မလဲ၊ နိုင်ငံရေးအရ ဘယ်လိုအကျိုးရှိနိုင်မလဲဆိုတာကို စဉ်းစားရပါတယ်။ နိုင်ငံရေးဆိုတာ ကျွန်မ စောစောကပြောတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံတဲ့ နိုင်ငံရေးဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံတဲ့နိုင်ငံရေးကို အားလုံး တစ်ညီတစ်ညွတ်တည်းနဲ့ ထမ်းဆောင်မယ်ဆိုရင် ဒီနိုင်ငံဟာ ဘယ်လိုအခက်အခဲတွေ၊ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ အမြန်တိုးတက်မယ်။ ခိုင်ခိုင်မာမာ အနာဂတ်အတွက် ထိန်းသိမ်းထားနိုင်တဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်တည်လာနိုင်မယ်လို့ အဓိကယုံကြည်ပါတယ်။

**စာဖတ်ခြင်းဟာ အများအတွက် ဖြစ်ပါစေ**

“ဒါကြောင့် ပြည်သူကိုအားကိုးတယ်။ ပြည်သူကိုယုံကြည်တယ်။ ပြည်သူကို အားကိုးပြီးတော့ ပြည်သူကို ယုံကြည်ပြီးတော့ နိုင်ငံရေးလုပ်ငန်းကို လုပ်ရပါတယ်။ ဒီမိုကရေစီ ဒီမိုကရေစီဆိုပြီးတော့ ပြောတဲ့အခါမှာ တချို့တွေက အခွင့်အရေးတွေကိုပဲဖိပြီးတော့ ပြောကြပါတယ်။ အခွင့်အရေးတွေကိုပဲ ဖိပြီးတော့ ပြောလို့ မရပါဘူး။ တာဝန်ဝတ္တရားတွေကိုလည်း သိရမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်ရသွားပြီဆိုရင် လျှပ်စစ်ဓာတ်မီးရခြင်းကြောင့် ပိုလာတဲ့အလင်းရောင်တွေကို အများအတွက် အကျိုးရှိအောင်လို့ သုံးပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။ ကျောင်းသူ ကျောင်းသားများဟာ အရင်တုန်းကနဲ့ပိုပြီးတော့ စာဖတ်နိုင်တဲ့အနေအထား၊ စာကျက်နိုင်တဲ့အနေအထားရှိလာတဲ့အခါမှာ စာကျက်ခြင်းတွေ စာဖတ်ခြင်းတွေဟာ အများအတွက်ဖြစ်ပါစေလို့ တိုက်တွန်းချင်ပါတယ်။

**ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်**

“တစ်နိုင်ငံလုံးကို မကြာမီကာလအတွင်း ၁၀၀ ရာခိုင်နှုန်းရဖို့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေ စီမံကိန်းတွေ အောင်မြင်တဲ့အခါမှာ ဒီနိုင်ငံဟာ တစ်မူထူးခြားပြီး တိုးတက်တဲ့နိုင်ငံတစ်ခု ဖြစ်လာစေချင်ပါတယ်။ ဘာဖြစ်လို့ တစ်မူထူးတယ်လို့ ပြောချင်တာလဲဆိုတော့ အခုကမ္ဘာကြီးမှာဆိုရင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအင်မတန်မှ ဦးစားပေးပါတယ်။ ဒီလိုရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ဦးစားပေးလို့ ဖြစ်ပေါ်လာတဲ့လူမှုရေးပြဿနာတွေကိုလည်း ဘယ်လိုဖြေရှင်းရမလဲဆိုတာ အခုထိ အဖြေမပေါ်သေးပါဘူး။ ကျွန်မတို့နိုင်ငံအနေနဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကစရုံပဲ ရှိသေးတဲ့အပေါ်မှာ တိုးတက်ဆဲနိုင်ငံ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အချိန်ကစပြီးတော့ တကယ်ကို ဖွံ့ဖြိုးတိုးတက်တဲ့ စိတ်ဓာတ်တွေကို မွေးမြူဖို့ကလိုပါတယ်။ အဲဒီလို ဖွံ့ဖြိုးတိုးတက်တဲ့ စိတ်ဓာတ်တွေသာ ကျွန်မတို့မှာရှိမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုရှိနေတဲ့ နိုင်ငံတွေထက် ပိုပြီးတော့ ကျွန်မတို့ရဲ့ပြည်သူပြည်သားများဟာ အဖိုးတန်တဲ့လူသားတွေကို အကျိုးပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာမှာပါ။ အခု လျှပ်စစ်ဓာတ်အားပေးရုံတစ်ခုပိုပြီးတော့ များလာခြင်းကြောင့် ကျွန်မတို့နိုင်ငံကြီး ငြိမ်းချမ်းဖို့အခွင့်အရေးတွေ ဖွံ့ဖြိုးတိုးတက်လာပါစေ။ ပြည်သူပြည်သူများဟာ ပြည်ထောင်စုကြီးတင်မက ကမ္ဘာကြီးကို အကျိုးပြုနိုင်တဲ့ လူသားများ ဖြစ်လာနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

**လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေ**

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ခဲ့မှု၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းမှရရှိသော အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှု ဗီဒီယိုရုပ်သံမှတ်တမ်းကိုပြသပြီး ဓာတ်အားပေးစက်ရုံတည်ဆောက်ပေးမှုအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်ရုံအတွက် အင်ဂျင်များ သယ်ယူရန်ပံ့ပိုးကူညီပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းအောင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ကြသည့် Powergen Kya-



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြို့ကြီးရေလှောင်တမံကို လှည့်လည်ကြည့်ရှုစဉ်။

သက်အောင်

ukse Co.,Ltd မှ ဥက္ကဋ္ဌ ဦးမောင်ကျေးနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုသစ်သီးခြင်းကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ Powergen Kyaukse Co., Ltd ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး**

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကြည်မို့မို့လွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ချိတ်ဆက်ပြီး ၁၃၂ ကေဗွီ အောင်ပင်လယ်-တံခွန်တိုင်ဓာတ်အားလိုင်းဖြင့် မန္တလေးမြို့သို့ ၉၀ မဂ္ဂါဝပ် ပမာဏကိုလည်းကောင်း၊ ကျန်ရှိသည့် ၅၅ မဂ္ဂါဝပ်ကို ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့တို့သို့ လည်းကောင်း ပို့လွှတ်ပေးလျက်ရှိပြီး ၎င်းဓာတ်အားများဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်ဆင့် လိုအပ်သောနေရာများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ယခု အစိုးရသစ်တက်ပြီးနောက်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့အသုံးပြု၍ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် Sembcorp ကုမ္ပဏီ၏ မြင်းခြံသဘာဝဓာတ်ငွေ့ဖြင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံမှ ၂၂၅ မဂ္ဂါဝပ်နှင့် VPower ကုမ္ပဏီ၏ မြင်းခြံ Gas Engine ဓာတ်အားပေးစက်ရုံမှ ၉၀ မဂ္ဂါဝပ်၊ ၂၀၁၆ ခုနှစ် မေလတွင် စတင်လည်ပတ်ခဲ့သည့် V Power ဓာတ်အားမရရှိ မသုံးစွဲနိုင်သေးသော ပြည်သူများ ဓာတ်အားရရှိသုံးစွဲနိုင်ရေးတို့အတွက်ရည်ရွယ်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေး**

မြန်မာနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇ သန်း အနက် ၄၄ ရာခိုင်နှုန်းခန့်မှာ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီး ယခုနှစ် ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှပ်စစ်မီးတိုးတက်ရရှိရန် ရည်မှန်းဆောင်ရွက်နေကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေးအတွက် ရည်မှန်းထားကြောင်း သိရသည်။

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၄ ။)**
**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ၏နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဆ) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖြစ်သည်။”

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၃။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၉၀ နှင့် ၂၉၂ တို့တွင် ဖော်ပြထားသော နိုင်ငံ့ဝန်ထမ်းများမှအပ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အသီးသီးရှိ နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်စေရမည်။”

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဃ) ဝန်ထမ်းရေးရာကိစ္စရပ်များကို သုတေသန ပြုလုပ်ခြင်း၊”

(ခ) ပုဒ်မခွဲ(ဃ) ၏နောက်တွင် ပုဒ်မခွဲ (ဃ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဃ-၁) ဝန်ထမ်းများ၏ ဝန်ဆောင်မှုအပေါ် ပြည်သူများ၏ သဘောထားအမြင်များကို စစ်တမ်းကောက်ယူပြီး သုတေသနပြုလုပ်ခြင်း၊”

(ဂ) ပုဒ်မခွဲ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“( စ ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြန်ကြားခြင်း၊

(ဆ) ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခြင်း၊”

(ဃ) ပုဒ်မခွဲ (ဆ)၏နောက်တွင် ပုဒ်မခွဲ(ဆ-၁)မှ (ဆ-၃)အထိအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဆ-၁) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် ထိုအရာရှိ၏ လုပ်ငန်းအတွေ့အကြုံသည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဌာန၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီမှုရှိ၊ မရှိ အပါအဝင် အခြားလိုအပ်သည့် စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စုအစိုးရ အဖွဲ့ထံ တင်ပြခြင်း၊

(ဆ-၂) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲတင်ပြခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံအကြံပြု တင်ပြခြင်း၊

(ဆ-၃) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်း ရာထူးအုပ်စုများအလိုက် ကျွမ်းကျင်မှု မူဘောင်များနှင့် လုပ်ငန်းတာဝန် သတ်မှတ်ချက်များ ရေးဆွဲနိုင်ရေး အထောက်အကူပြု ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊”

(င) ပုဒ်မခွဲ (ဇ)နှင့် (ဈ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဇ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေး ကိစ္စများနှင့် စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့တာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများအား ခန့်အပ်ခြင်းတို့ပြုရာ တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ကြိုတင်ညှိနှိုင်း၍ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ ဖွဲ့စည်းခန့်အပ်နိုင်ရန် ဆောင်ရွက်ခြင်း၊”

၅။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေတွင်-

(က) ပုဒ်မ ၉ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉။ ဝန်ထမ်းများအားခန့်ထားရေးနှင့် ရာထူးအဆင့်တိုးမြှင့်ရေး တို့အတွက် ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-”

(ခ) ပုဒ်မခွဲ(ခ) မှ (စ) အထိတို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိဝန်ထမ်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ရွေးချယ်ရန်သတ်မှတ်ခြင်း၊

(ဂ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများကို ရွေးချယ်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးက အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်စေရန် လွှဲအပ်ခြင်း၊

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဇ) ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဈ) ပါ ဝန်ထမ်းများခန့်အပ်လိုသည့် ကိစ္စများတွင် အဖွဲ့၏ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ဆောင်ရွက်စေခြင်း၊

(င) ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်ကြောင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုခုတွင် မည်သည့်အဆင့်ဝန်ထမ်းကိုမဆို ခန့်အပ်ရန် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံ တင်ပြခြင်း၊

(စ) ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများပါ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ထောက်ခံလာသော ကိစ္စရပ်များ ကို စိစစ်ဆောင်ရွက်ခြင်း။”

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၁၀ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဃ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးက ယင်းတို့၏ ဝန်ထမ်း များအတွက် ဖွင့်လှစ်သင်ကြားသည့် ဌာနဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း၊”

(ခ) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(င) ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ရာထူးနေရာများတွင် စွမ်းဆောင်ရည်ရှိသူများကို ထိုက်တန်စွာရွေးချယ်ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက် ဝန်ထမ်းအဆင့်အလိုက် ထိရောက်စွာ လေ့ကျင့်ပျိုးထောင် ပေးခြင်း။”

၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၂။ အဖွဲ့သည် အဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီလိုအပ်ပါက ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံမှ လည်းကောင်း၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များထံမှလည်းကောင်း အကူအညီတောင်းခံခွင့်ရှိသည်။

၁၃။ အဖွဲ့သည် ဝန်ထမ်းများနှင့်ပတ်သက်သည့် လိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံမှ တောင်းခံခွင့်ရှိသည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၄ မှ*

**“မြို့ကြီးရေလှောင်တမံ တည်ဆောက်နိုင်ခြင်းကြောင့် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းလာသည့်ရေများကို စုပေါင်းသိုလှောင်၍ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်ပြီး ကျောက်ဆည် ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧက ၈၂၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည့်အပြင် မိတ္ထီလာလွင်ပြင်ရှိ ဧက ၃၃၀၀၀ ကိုလည်း စိုက်ပျိုးရေပေးဝေလျက်ရှိ ”**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ဆည်မြို့ ညောင်ပင်သောက်ကျေးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်တမုတ် ရှင်ပင်ရွှေဂူဘုရားသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြောင်ပန်းကုန်း၊ ညောင်ပင်ဇောက်၊ ငယ်တိုးကျေးရွာ အနီးတွင်တည်ရှိပြီး အနော်ရထာမင်း လက်ထက်တွင် လယ်တွင်း ၁၁ ခရိုင် မြို့များတွင် ရွှေဂူစေတီကိုးဆူကို တည်ထားခဲ့ရာ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်မှာ တစ်ဆူအပါအဝင်ဖြစ်ကြောင်း၊ နရပတေ့စည်သူမင်း လက်ထက်တွင် ယိုယွင်းနေသော မူလစေတီတော် အထွတ်တင် တစ်ထပ်ဂူဘုရားငယ်ကို ကွမ်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် ပြုပြင်ပြောင်းလဲခဲ့ကြောင်း။

ပင်းယခေတ် ဥစ္စနာမင်းလက်ထက်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ထပ်မံလွှမ်းခြုံ၍ စေတီတော်အသစ် တည်ထားခဲ့ကြောင်း၊ သက္ကရာဇ် ၇၁၈ ခုနှစ်တွင် ပင်းယဘုရင်ဆင်ဖြူရှင်ကျော်စွာမင်း တမုတ်ရွှေဂူဘုရားသို့ ကြွရောက်လာပြီး ဘုရားမြေများနှင့် အမှုအလုပ်ကျွန်များကို လှူဒါန်းခဲ့ကြောင်း၊ ပင်းယခေတ်နောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းနှင့် သဘာဝဘေးဒဏ်များကြောင့် ပြိုကျပျက်စီး၍ ဘုရားကုန်းတော်တစ်ခုလုံး တောချုံများ ဖုံးလွှမ်းခဲ့ကြောင်း။

**ရှေးမူမပျက် ပြန်လည်ပြင်ဆင်**

၁၉၁၅ ခုနှစ်တွင် ကြောင်ပန်းကုန်းကျေးရွာနေ ဦးစံထွားက ပြိုကျပျက်စီးနေသော ဘုရားကုန်းတော်ကြီး၏ထိပ်တွင် ဉာဏ်တော် ၂၁ ပေရှိ ကိုးတောင်ပြည့် စေတီတစ်ဆူကို အသစ်ထပ်မံ တည်ထားခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ သတင်းသုံးနေထိုင်ပြီး ဘုရားကုန်းတော်၏ မြောက်ဘက်ခြမ်းကို ရှင်းလင်းရာမှ မူလစေတီတော်၏ မြောက်ဘက်မုခ်ကို တွေ့ရှိခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ဆရာတော်၏ ဦးဆောင်မှုဖြင့် ဒေသခံရွာသားများက ဆက်လက်ရှင်းလင်းရာ မူလစေတီတော် ပန္နက်၊ ပစ္စယာ၊ လှေကားခုံတို့ကို ထပ်မံတွေ့ရှိခဲ့သဖြင့် ပြုပြင်ခွင့်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တောင်းခံခဲ့ရာ ၂၀၀၈ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခွင့်ပြုခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် အင်္ဂတေပန်းတော့ အနုစိတ်လက်ရာများဖြင့် တန်ဆာဆင်ထားသော မြောက်ဘက်မျက်နှာလှည့် နှစ်ထပ်စေတီတော်ကြီး ထပ်မံပေါ်ထွက်ခဲ့ကြောင်း၊ စေတီတော်ကြီး၏အတွင်းအပြင်တွင် ပုဂံခေတ် အင်္ဂတေပန်းတော့ ရုပ်ကြွလက်ရာဒီဇိုင်းများ၊ နံရံဆေးရေးပန်းချီများ၊ ဇာတ်တော်နံပါတ်စဉ်များနှင့် ဇာတ်တော်အမည် ရေးထိုးထားသော ငါးရာ့ငါးဆယ် သရုပ်ဖော် ဖောင်းကြွရုပ်ပုံများ၊ ရုပ်ပွားတော်များနှင့် စေတီတော်လေးမျက်နှာရှိ မုခ်ဦးတံကဲကနုတ်ပန်းများ ထွက်ပေါ်လာကြောင်း၊ တမုတ်ရွှေဂူကြီးဘုရားသည် ပုဂံခေတ်၊ ပင်းယခေတ် ဗိသုကာ လက်ရာများ ရှေးမူလက်ရာမပျက် ကျန်ရှိနေခြင်းကြောင့် တန်ဖိုးမြင့်မားသော စေတီတော်ကြီးတစ်ဆူဖြစ်ကြောင်း သိရသည်။

**ကြိုဆို**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ဆည်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မြို့ကြီးရေလှောင်တမံသို့ရောက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် စက်လှေဖြင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုသည်။ ထိုသို့ လိုက်လံကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က မြို့ကြီးရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေဖြန့်ဝေပေးနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**တမံအခြေအနေ ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် တမံပတ်လမ်းအတိုင်း တမံတည်ဆောက်ထားမှုအခြေအနေနှင့် ရေယူအဆောက်အဦအား လိုက်လံကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေပေးဝေနေမှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ကြည့်ရှုသည်။

မြို့ကြီးရေလှောင်တမံ တည်ဆောက်နိုင်ခြင်းကြောင့် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းလာသည့်ရေများကို စုပေါင်းသိုလှောင်၍ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်ပြီး ကျောက်ဆည် ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧက ၈၂၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည့် အပြင် မိတ္ထီလာလွင်ပြင်ရှိ ဧက ၃၃၀၀၀ ကိုလည်း စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇော်ဂျီရေလှောင်တမံ အထက်ပိုင်းတွင် တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံ ပြီးစီးပါက စီးဆင်းလာမည့် ရေ ၁၁ ဒသမ ၅ သိန်း ဧကပေကို ထိန်းချုပ်နိုင်ပြီး ဇော်ဂျီ ရေသောက်စနစ်အတွက် ရေပမာဏ ခုနစ်သိန်းနှင့် ကင်းတားလက်ယာမြောင်း၏ ပြောင်းပြာလိုင်းဇင်ရေသောက်ဧရိယာအတွက် ရေပမာဏ ၄ ဒသမ ၅ သိန်းကိုလည်း ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် ၁၅ မဂ္ဂါဝပ် စက်နှစ်လုံးတပ်ဆင်ထားကာ တစ်နှစ်လျှင် ယူနစ်သန်းပေါင်း ၁၃၅ သန်းခန့် ထုတ်လုပ်နိုင်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ရွှာင် (ပင်းတယ)၊ တီကျစ်၊ ပင်လောင်း၊ ပေါင်းလောင်းဒေသများ၏ သဘာဝပတ်ဝန်းကျင် အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# သီတဂူဆရာတော်၏ ဗုဒ္ဓနေ့သဝဏ်လွှာ သာသနာနှစ် ၂၅၆၂ ကဆုန်လပြည့် ဗုဒ္ဓနေ့

**သကျမုနိဂေါတမသိဒ္ဓတ္ထ ဖွားမြင်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၆၄၂ နှစ် ကြာခဲ့လေပြီ။**
**သကျမုနိ ဂေါတမသိဒ္ဓတ္ထ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၇ နှစ် ရှိခဲ့လေပြီ။**
**သကျမုနိဂေါတမသိဒ္ဓတ္ထ ပရိနိဗ္ဗာန် ပြုခဲ့သည်မှာ နှစ်ပေါင်း ၂၅၆၂ နှစ်မျှ လွန်ခဲ့လေပြီ။**



သီတဂူဆရာတော် (အဓိပတိ -သီတဂူ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်းတောင်ရိုး)

ဗုဒ္ဓသည် ကမ္ဘာအသချေ်အနန္တ လွန်လေသောအခါမှ တစ်ဆူတစ်လေသာ ပေါ်ပေါက်ခဲ့သည် ဖြစ်ပါ၏။ သူ၏ လက်တစ်ကမ်းသို့ ရောက်နေသော **ဝိမုတ္တိ** နှင့် **သန္တိသုခ**ကို ကမ္ဘာများစွာ ရပ်ဆိုင်းထားလျက် သတ္တဝါများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ အားထုတ်အလုပ်လုပ်ခဲ့တော်မူ၏။

အမှန်တရား၊ လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အသက်ခန္ဓာ၊ ရာထူးအာဏာ၊ စည်းစိမ်ဉစ္စာ၊ ဇနီးမယား၊ သားသမီး အားလုံးကို ရက်ရက်ရဲရဲ စွန့်လွှတ်တော်မူခဲ့၏။ သူသိသော ဗောဓိဉာဏ်ကို သူ့လက်ဆုပ်မှာသာ မထားဘဲ သူတစ်ပါးတို့အား ဝေပေးတော်မူခဲ့၏။ ဗုဒ္ဓသည် သူ၏ လွတ်မြောက်ရေး၊ ချမ်းသာရေးအတွက် မည်သူ့ကိုမျှလည်း ဒုက္ခမပေးခဲ့။

ဗုဒ္ဓသည် လူ့ဘဝ၏ အနှစ်သာရသည် သစ္စာတရားဖြစ်၍ သစ္စာကို သိမြင်ခြင်းသည် လူသားတိုင်း၏ ဘဝပန်းတိုင်၊ သစ္စာကိုသိမှ ဘဝပြဿနာအားလုံးကို ဖြေရှင်းနိုင်မည်ဟူသော မူစနစ်ကို ချမှတ်တော်မူခဲ့၏။ သစ္စာတရားဟူသည် တစ်လံမျှသာရှိသည့် ခန္ဓာမှာရှိသည်။ ဤကိုယ်ကာယ တစ်လံမျှ၌ လေးလီ သစ္စာ မြတ်ဓမ္မာကို အတည်ပြုဟောကြားတော်မူခဲ့၏။

အမှန်တရားထွန်းကားရေးနှင့် လွတ်လပ်ရေးတို့အတွက် အရိုးကြေကြေ၊ အရေခမ်းခမ်း မည်သည့် အကျင့်မျိုးမဆို ရက်ရက်ရဲရဲ ကျင့်ဆောင်တော်မူခဲ့၏။ **သစ္စာ၊ သန္တိနှင့် ဝိမုတ္တိ**တို့ကို လမ်းညွှန်ချက်ပေးနိုင်မည်ဆိုလျှင် မည်သည့်ဆရာမျိုးကိုမဆို ချဉ်းကပ်တော်မူခဲ့၏။ မည်သည့်ဆရာမျိုးကမျှ သူ၏ ရည်မှန်းချက်တို့ကို လမ်းညွှန်ချက် မပေးနိုင်ခဲ့ကြသဖြင့် ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်လမ်းပေါ်မှာ တစ်ယောက်ထီးတည်း လျှောက်လှမ်းခဲ့ရ၏။

ငြိမ်းချမ်းရေးနှင့် လွတ်မြောက်ရေးကို ပေးမည်ဟု ကြွေးကြော်ကြကုန်သော ရှေးရှေးက ဘာသာရေး ဂိုဏ်းဆရာတို့သည် တစ်ဖက်သတ်၊ တစ်ယူသန်၊ အစွန်းရောက်တို့သည်သာချည်းဟု သိမြင်တော်မူလာသောအခါ မြတ်ဗုဒ္ဓသည် **ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ သစ္စာတရား**နှင့် ငြိမ်းချမ်းရေးကို ရှာဖွေသောသူတိုင်းသည် အစွန်းနှစ်ဖက် လွတ်အောင် ရှောင်ရမည်။ **မဇ္ဈိမပဋိပဒါ** သည်သာလျှင် အကန်းကမ္ဘာ၌ မျက်လုံးကို ပေးလိမ့်မည်။ ရန်များသော ကမ္ဘာ၌ ငြိမ်းချမ်းရေးကို ပေးလိမ့်မည်။ ကွဲပြားသော ကမ္ဘာ၌ ညီညွတ်မှုကို ပေးလိမ့်မည်။ အစွဲသန်သော ကမ္ဘာ၌ စွန့်လွှတ်ခြင်းကို ပေးလိမ့်မည်။ အယူဝါဒနှင့် ကိလေသာ အကျဉ်းထောင် ကျရောက်နေကြကုန်သော သတ္တဝါအပေါင်းတို့အတွက် လွတ်မြောက်ခြင်းကို ပေးလိမ့်မည်ဟု တစ်လောကလုံးကို လမ်းညွှန်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါ တစ်စုံတစ်ယောက်ကမျှ ဖော်ထုတ်နိုင်စွမ်း မရှိသော **မဇ္ဈိမပဋိပဒါနှင့် စတုသစ္စာ**တို့ကို ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်ဝီရိယဖြင့် ဖော်ထုတ်တော်မူခဲ့သည်။ ဗုဒ္ဓသည် အမှောင်လမ်းမှာ ယောင်ယမ်းစွာဖြင့် ပြင်ပမှ ကိုးကွယ်ရာကို ရှာနေကြကုန်သော လူသားတို့အား "သင်တို့၏အတွင်းကမ္ဘာ၌ရှိသော **သစ္စာတရား** ကို သိမြင်နားလည်ခြင်းသည်သာလျှင် သင်တို့၏ ကိုးကွယ်ရာ အစစ်"ဟု ညွှန်ပြတော်မူခဲ့သည်။

စမ်းတဝါးဝါးနှင့် လမ်းမှားနေကြကုန်သော လူသားတို့ အား သင်တို့ကိုယ်တိုင်ကျင့်သော **စရဏ**နှင့် ကိုယ်တိုင်သိသော **ဝိဇ္ဇာ** သည်သာလျှင် သင်တို့၏ ကိုးကွယ်ရာအစစ်အမှန် ဖြစ်သည်ဟု ညွှန်ပြတော်မူခဲ့သည်။ မသိသူတို့က မမြင်သူတို့ကို ခေါင်းဆောင်ခဲ့သော လူကန်းတို့၏ အစဉ်အတန်းကြီး လမ်းသွားသလို ဖြစ်နေသော ကမ္ဘာဦးဘာသာရေး၌ **မဇ္ဈိမပဋိပဒါ** ဖြင့် မျက်စိဖွင့်ပေးခဲ့သည်။

ဗုဒ္ဓသည် သူ၏ ဓမ္မစက်ကို စတင်လှည့်လည်တော်မူသည်မှ စ၍ ယနေ့ထက်တိုင်အောင် လူသားတို့၏သွေး ကမ္ဘာမြေ၌ တစ်စက်တစ်ပေါက်မျှ မစွန်းထင်းစေခဲ့။ သက်ဦးဆံပိုင်စနစ်၊ ကျေးကျွန်စနစ်၊ ပြည့်တန်ဆာစနစ်၊ လူကုန်ကူးစနစ်တို့ကို ပြတ်ပြတ်ရဲရဲ တွန်းလှန်တော်မူခဲ့သလို မင်းနှင့်ပြည်သူ၊ သူဌေးနှင့် ဆင်းရဲသား ၊ သူတော်ကောင်းနှင့် လူမိုက်များ၊ မင်းသမီးနှင့် ပြည့်တန်ဆာ၊ ဗြဟ္မဏနှင့် အမှိုက်ကျုံးသမား မကွဲမပြား၊ မခွဲမခြား တစ်သားတည်း ဆက်ဆံတော်မူခဲ့သည်။

ဗုဒ္ဓသည် Non-Aggressive၊ Non Dogmatic၊ Non Extremist၊ Non Theocentric၊ Realistic၊ Homocentric၊ Ethical Teaching ဖြစ်သည့် **ဝိဇ္ဇာ**နှင့် **စရဏ** မြတ်ဓမ္မကို ဟောကြားတော်မူခဲ့သည်။ သိဒ္ဓတ္ထဂေါတမသည် ဗုဒ္ဓကလေးလေး (Little Buddha) အဖြစ် မွေးလာသည်မဟုတ်။ နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင် **ပါရမီ** အကျင့်တို့ကို ကျင့်သုံးခြင်းဖြင့် သူ့ကိုယ်သူ လူသားအဖြစ်မှ ဗုဒ္ဓအဖြစ်သို့ရောက်အောင် ပြုလုပ်၊ ကြိုးကုတ်၊ အားထုတ်ခဲ့ခြင်း ဖြစ်သည်။

ဗုဒ္ဓသည် လူသားတစ်ယောက်အဖြစ် မွေးဖွားလာခဲ့ပြီး လူသားတစ်ယောက်ကဲ့သို့ နေထိုင်သွားခဲ့သည်။

ဗုဒ္ဓသည် ဒဏ္ဍာရီထဲက လူသားမျိုး မဟုတ်သကဲ့သို့ နတ်ဗြဟ္မာမျိုးနွယ်လည်း မဟုတ်။ လူသားသာမန်တို့ထက် ထူးမြတ်သော မြတ်ဗုဒ္ဓသည် လူသားတို့မကျင့်နိုင်သည့် အကျင့်မြတ်တို့ကို ကျင့်တော်မူခဲ့၏။ လူသားတို့၊ နတ်ဗြဟ္မာတို့ မသိနိုင်သည့် ဓမ္မတို့ကို သိတော်မူခဲ့၏။ သဘောထားကြီးသောအရာမှာ အတုမဲ့ဖြစ်သလို၊ သည်းခံသောအရာမှာ အနှိုင်းမဲ့ဖြစ်၏။ ခွင့်လွှတ်သောအရာတွင်မူ ပြိုင်ဘက်ကင်းပေသည်။

ဗုဒ္ဓသည် သတ္တဝါလောကကို လမ်းညွှန်ကောင်းပေးဖို့ ရောက်ရှိလာတော်မူခြင်းဖြစ်သည်။ ကိုယ်တိုင်ကျင့်ထားသော ကိုယ်၏ **ဓမ္မ**သည်သာလျှင် ကိုယ့်အတွက်အားကိုးရာ၊ ကိုယ်ကျင့်ထားသော **ဓမ္မ**သည် ကိုယ့်ဘဝ၏ လမ်းပြဆီမီးတိုင်၊ ကိုယ်ကျင့်ထားသော ကိုယ့်ဓမ္မသည်သာလျှင် ကိုယ်ကိုယ်တိုင် ကူးခပ်နေရသော ဘဝပင်လယ်မှာ ကိုယ်၏ မှီခိုရာကျွန်း၊ ဤသို့လျှင် မိမိကိုယ်ကိုယ်မိမိအားကိုးစိတ် **"အတ္တဒီပ၊ အတ္တသရဏ"** ဟူသော "လူ့သတ္တိ" ကို တောက်ပြောင်လာအောင် နှိုးဆော်အားပေးတော်မူခဲ့ပါသည်။

လူ့ဘဝတစ်ခုလုံး လူသားအားလုံးတို့၏ အမြတ်ဆုံးဥစ္စာသည် "သီလနှင့် ပညာ" ဤ နှစ်ဖြာဖြစ်ကြောင်းကို ထင်ရှားပြတော်မူခဲ့သည်။

အမျိုးဇာတ်အားဖြင့် မည်သည့်လူမျိုးမှာမှ အယုတ်၊ အလတ်၊ အမြတ်မရှိ။ **ဝိဇ္ဇာ**နှင့် **စရဏ** ပြည့်စုံသူ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံသားမဆို မြတ်သည်သာတည်း။ **ဝိဇ္ဇာ**ကိုလည်းကောင်း၊ **စရဏ**ကိုလည်းကောင်း (Wisdom and Character) တစ်ခုခုကို ဖယ်ထား၍ လူပီသသော လူ့ဘဝတစ်ခုကို တည်ဆောက်၍ မရနိုင်။ ထိုနှစ်ပါးပြည့်စုံမှ ဘဝအဓိပ္ပာယ်ပြည့်စုံသည်ဟု အစဉ်မပြတ် ဆုံးမတော်မူလေ့ရှိသော မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ခဲ့သည်မှာ ယနေ့တွင် နှစ်ပေါင်း ၂၅၆၂ နှစ် ရှိခဲ့လေပြီ။

မြတ်ဗုဒ္ဓသည် ဘာကိုမျှ ယူမသွား။ သူ့ငြိမ်းချမ်းရေးကိုသာ သူယူဆောင်သွားသည်။ ကမ္ဘာအသချေ် အနန္တ သူကျင့်သွားသော **စရဏဓမ္မ** (ကျင့်နည်းစနစ်များ) နှင့် သူကိုယ်တိုင်သိခဲ့သည့် **ဝိဇ္ဇာဓမ္မ** (အမှန်တရားနှင့် ငြိမ်းချမ်းရေး) တို့ကို သူအပြည့် အစုံထားခဲ့ပေသည်။

မြတ်ဗုဒ္ဓ၏ **ဝိဇ္ဇာ**နှင့် **စရဏ** ဓမ္မသည်လည်းကောင်း၊ **သစ္စာ၊ သန္တိ**နှင့် **ဝိမုတ္တိဓမ္မ**တို့သည် လည်းကောင်း၊ တစ်စုံတစ်ခုသော လူမျိုး၊ တစ်စုံတစ်ခုသော ဘာသာတရား၊ တစ်စုံတစ်ခုသော တိုင်းပြည်အတွက် ကွက်၍ ဟောထားခဲ့သည် မဟုတ်ပါ။

ဤ**ဝိဇ္ဇာ**နှင့် **စရဏ** မြတ်ဓမ္မသည် အကောင်းမြင်ဝါဒလည်း မဟုတ်၊ အဆိုးမြင်ဝါဒလည်း မဟုတ်။ အရှိနှင့် အမှန်ကို ရှာကြည့် သိမြင်ရမည့် ဝါဒဖြစ်သည်။ တစ်ယူသန်၊ တစ်ဖက်သတ် အမျိုးဇာတ်စွဲသော ဝါဒမျိုးလည်း မဟုတ်၊ သန့်ရှင်းမြင့်မြတ်သော စိတ်ဓာတ်ရှိသူတိုင်း ပိုင်ဆိုင်ခွင့်ရှိသော ဝါဒမျိုးဖြစ်သည်။ **ဗုဒ္ဓ**နှင့်**ဓမ္မ**ကို ဗုဒ္ဓဘာသာဝင်တို့သာ ပိုင်ဆိုင်ကြသည်မဟုတ်ပါ။ တတ်သိယဉ်ကျေးသော လူသားတို့၏ သမိုင်းကြီးတစ်ခုလုံးက ပိုင်ဆိုင်ကြပါသည်။

မြတ်ဗုဒ္ဓထားခဲ့သော **ဝိဇ္ဇာ**နှင့် **စရဏ**သည် လူသားအားလုံးတို့၏ Common Ground ဖြစ်ပါသည်။

မြတ်ဗုဒ္ဓထားခဲ့သော **သီလ**နှင့် **ပညာ**သည် လူသားအားလုံးတို့၏ Common Platform ဖြစ်ပါသည်။

မြတ်ဗုဒ္ဓထားခဲ့သော **သစ္စာ**နှင့် **သန္တိ**သည် လူသားအားလုံးတို့၏ Common Destination ဖြစ်ပါသည်။

နေမင်းနှင့်တူသော သူ၏ ပညာရောင်ဖြင့် လောကကြီးတစ်ခုလုံးကို နွေးထွေးသည့် အလင်းရောင် ပေးတော်မူသော **မြတ်ဗုဒ္ဓ**။

လမင်းနှင့်တူသော သူ၏ မေတ္တာ၊ ကရုဏာဖြင့် လောကကြီးတစ်ခုလုံးကို အေးမြသော ရောင်ခြည်ပေးတော်မူသော **မြတ်ဗုဒ္ဓ**။

ဤဆိုအပ်ခဲ့ပြီးသည့် ဂုဏ်တော်၊ ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ပြိုင်ဘက်ရည်တူ ရှိတော်မမူသည့် အခြေနှစ်ချောင်းရှိသည့် သတ္တဝါအပေါင်းတို့၏ ဆရာ မြတ်ဗုဒ္ဓကို ကျွန်ုပ်တို့သည် အလွန်ရိုသေစွာ အစဉ်သဖြင့် ဦးညွှတ်ရှိခိုးကြပါကုန်၏။

တစ်ဖက်သတ်ကျသော ဤကမ္ဘာမှာ အလယ်လမ်းက လျှောက်လှမ်းကြပါစို့။

မုသားလွှမ်းသော ဤကမ္ဘာမှာ သစ္စာတရား လက်ကိုင်ထားကြပါစို့။

စွပ်စွဲပြစ်တင်ခြင်းများသော ဤကမ္ဘာမှာ ခွင့်လွှတ်ခြင်းဖြင့် နေထိုင်ကြပါစို့။

ရန်ငြိုးဖွဲ့တတ်သော ဤကမ္ဘာမှာ မေတ္တာတရားဖြင့် ဖြေရှင်းကြပါစို့။

ရန်များသော ဤကမ္ဘာမှာ မည်သူ့ကိုမျှ ရန်မပြုဘဲ နေထိုင်ကြပါစို့။

မငြိမ်းချမ်းသော ဤကမ္ဘာမှာ ငြိမ်းချမ်းစွာ နေထိုင်ကြပါစို့။ နှစ်တစ်ရာ မပြည့်မီမှာဘဲ ဘဝတစ်ခုကုန်ဆုံးကြရမည့် ကျွန်ုပ်တို့ တစ်တွေသည် တိုတောင်းလှစွာသော ဘဝကလေးတစ်ခု အတွင်းဝယ် ငြိမ်းချမ်းစွာ နေထိုင်သွားကြပါစို့။

မြတ်ဗုဒ္ဓ ကွယ်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၆၂ နှစ် ရှိခဲ့သော်လည်း သူညှိထွန်းထားခဲ့သည့် **"ဓမ္မဒီပိကာ"** ဓမ္မ ဆီမီးတိုင်းသည် အာရှတိုက်မှာသာမက ကမ္ဘာတစ်ခုလုံး လင်းလင်းတောက်လျက် ကျွန်ုပ်တို့ လျှောက်ရမည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ကောင်းကောင်းညွှန်ပြ၊ ထွန်းလင်းပလျက် ရှိနေပါသေးသည်။ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ဤ **"ဝိဇ္ဇာ"** နှင့် **"စရဏ"**ဟူသော Common Platform ပေါ်မှာ လက်တွဲ၍ ငြိမ်းချမ်းစွာ လျှောက်လှမ်းနိုင်ကြပါစေကုန်သတည်း။

**သီတဂူစန်းလပမာချမ်းမြသာယာရှိကြပါစေ**
**သီတဂူဆရာတော်**
**အဓိပတိ**
**သီတဂူ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်**
**(စစ်ကိုင်းတောင်ရိုး)**
**၂၅၆၂ နှစ်မြောက် ဗုဒ္ဓနေ့ (၁၈. ၅. ၂၀၁၉)**

**"ငြိမ်းချမ်းရေးကို ရှာဖွေသောသူတိုင်းသည် အစွန်းနှစ်ဖက်လွတ်အောင် ရှောင်ရမည်။ မဇ္ဈိမပဋိပဒါ သည်သာလျှင် အကန်းကမ္ဘာ၌ မျက်လုံးကို ပေးလိမ့်မည်။ ရန်များသော ကမ္ဘာ၌ ငြိမ်းချမ်းရေးကို ပေးလိမ့်မည်။ ကွဲပြားသော ကမ္ဘာ၌ ညီညွတ်မှုကို ပေးလိမ့်မည်။ အစွဲသန်သော ကမ္ဘာ၌ စွန့်လွှတ်ခြင်းကို ပေးလိမ့်မည်။ အယူဝါဒနှင့် ကိလေသာ အကျဉ်းထောင် ကျရောက်နေကြကုန်သော သတ္တဝါအပေါင်းတို့အတွက် လွတ်မြောက်ခြင်းကို ပေးလိမ့်မည်"**

# ကင်ဆာရောဂါဆိုးဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ထိရောက်စွာ အသိပညာပေးတားဆီးကာကွယ်ပေးရန် အဆိုတင်သွင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်။



ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း မေးမြန်းစဉ်။



ဥပဒေကြမ်း ကော်မတီဝင် ဦးနေမျိုးထွန်း တင်ပြစဉ်။



ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း အဆိုတင်သွင်းစဉ်။

**နေပြည်တော်  မေ  ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ရွှေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသား၊ ကျောင်းသူလူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားရှိပြီး လက်ရှိအချိန်တွင်မူ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းပြောကြားသည်။

## ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်၊ လဲပုံကျေးရွာအုပ်စုများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ နှစ်ခုကို အဆင့်တိုးမြှင့်ပေးမည်

ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်၊ လဲပုံ ကျေးရွာအုပ်စုများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မကြားအိမ်နူး ကျေးလက်ကျန်းမာရေးဌာနခွဲပေးမည်ဆိုပါက ထိုဌာန၏ အောက်တွင်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုကို အလိုအလျောက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မကြားအိမ်နူး ကျေးလက်ကျန်းမာရေးဌာနခွဲကိုပေးမည်မဟုတ်ပါကြောင်း၊ လုံအိမ်နူးကျေးလက်ကျန်းမာရေးဌာနခွဲ နှင့်ကပ်လျက် သုံးမိုင်ခန့်သာဝေးသည့် ခါရိုင်းကျေးလက်ကျန်းမာရေးဌာနခွဲရှိပါကြောင်း၊ ခါရိုင်းကို ကျေးလက်ကျန်းမာရေးဌာနအဆင့်တိုးမြှင့်ပေးမည်ဆိုပါက ကျေးရွာပေါင်း ၁၄ ရွာ၊ လူဦးရေ ၂၅၀၀ ကျော်ရှိပါကြောင်း၊ ထို့ကြောင့် ခါရိုင်းကျေးလက်ကျန်းမာရေးဌာန ပေးမည်ဖြစ်ပါကြောင်း။

အောက်ကန့် ကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျင်ဒွေး ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပါကြောင်း၊ ကျေးရွာ ခုနစ်ရွာ၊ လူဦးရေ ၁၆၀၀ ကျော်ရှိပြီး သတ်မှတ်ချက်မှု ၆ ချက်တွင် ၅ ချက်ရှိသောကြောင့် အောက်ကန့်ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန ပေးမည်ဖြစ်ပါကြောင်း၊ လဲပုံကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာ သုံးရွာ၊ လူဦးရေ ၄၀၀ ကျော် နေထိုင်ပြီး သတ်မှတ်ချက် မှု ၆ ချက်တွင် ၁ ချက်သာ ကိုက်ညီပါကြောင်း၊ ထို့ကြောင့် လဲပုံကျေးလက်ကျန်းမာရေးဌာနခွဲအား ပေးမည်မဟုတ်ပါကြောင်း။

ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခု တောင်းသည့်အနက် နှစ်ခုကို အဆင့်တိုးမြှင့်ပေးမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ရက်စွဲဖြင့် ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ် ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ အဆိုပါအမိန့်ကြော်ငြာတွင်ပါရှိသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန် လမ်းညွှန်ချက်အား ချမှတ်ပြီးပါက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်သည် ခက်ခဲသည့် ဒေသဖြစ်သည့်အတွက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **တောင်ကုတ်မြို့နယ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ ၊ မရှိ၊** ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှဦးစောတင်ဝင်း၏ **ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့(၂၅) ခုတင်ဆံ့ဆေးရုံ၌ ဆရာဝန် တစ် ဦး တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ၊** ရပ်စောက် မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာ၊ ကောင်းဘို့ ကျန်းမာရေးဌာနကို ကောင်းဘို့ကျေးရွာ တိုက်နယ်ဆေးရုံအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ စံပြဆေးရုံကို (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ်အဆင့်တိုးမြှင့်ပြီး ဥပဓိရုပ်မကောင်းတော့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် သဘောတူညီချက်တို့ကို လွှတ်တော်သို့တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သဘောကွဲလွဲသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က **နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွားစေနိုင်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ကင်ဆာရောဂါသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာနှင့်အဝှမ်းမြင့်မားစွာ ဖြစ်ပွားသေဆုံးလျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် စာရင်းများအရ ကမ္ဘာအဝှမ်းတွင် လူပေါင်း ၁၈ ဒသမ ၁ သန်းဖြစ်ပွားခဲ့ပြီး ၉ ဒသမ ၆ သန်း သေဆုံးခဲ့ပါကြောင်း၊ ကမ္ဘာတွင် သေဆုံးမှု ဒုတိယအများဆုံးရောဂါ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈ခုနှစ် စာရင်းအရ အသစ်ဖြစ်ပွားသူ ၆၉၅၅၄ ဦးရှိပြီး ၅၁၀၅၉ဦး သေဆုံးခဲ့ပါကြောင်း၊ သုတေသနပြုချက်များအရ အမျိုးသား ငါးယောက်တွင် တစ်ယောက်ကင်ဆာဖြစ်ပွားနေပြီး အမျိုးသမီးခြောက်ယောက်တွင် တစ်ယောက်ဖြစ်ပွားနေပါကြောင်း၊ ကင်ဆာနှင့် သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနိမ့်ကျသူများ၊ ဝင်ငွေအလယ်အလတ်ရှိသူများဟု WHO က ဆိုပါကြောင်း။

ကင်ဆာရောဂါဖြစ်ပွားရသည့်အကြောင်းရင်းများမှာ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားခြင်း၊ စားသောက်နေထိုင်မှုနှင့် အန္တရာယ်ရှိသည့် အစားအသောက်များကြောင့်ဖြစ်ပွားခြင်းနှင့် မျိုးရိုးဗီဇကြောင့် ဖြစ်ပွားခြင်းတို့ဖြစ်ပါကြောင်း၊ အဖြစ်များသည့် ကင်ဆာရောဂါ၏ သုံးပုံတစ်ပုံသည် ကာကွယ်၍ ရသည်ဟု ဆိုပါကြောင်း၊ ကာကွယ်တားဆီးခြင်း၊ စောစီးစွာရှာဖွေစမ်းသပ်ခြင်းနှင့် ကုသမှုခံယူခြင်းကြောင့် လူ့အသက် ၃ ဒသမ ၇ သန်းအထိ နှစ်စဉ်ကယ်တင်နိုင်သည်ဟု ဆိုပါကြောင်း။

ဂျပန်အစိုးရသည် နိုင်ငံသူနိုင်ငံသားများအတွက် ဘေးကင်းလုံခြုံစိတ်ချရသည့် စားသောက်ကုန်များကိုသာ တင်သွင်းရောင်းချခွင့်ပြုပါကြောင်း၊ နိုင်ငံသားများ ကျန်းမာရေးဆိုးကျိုးဖြစ်စေနိုင်သည့် စားသောက်ကုန်များကို လုံးဝ တင်သွင်းရောင်းချခွင့်မပြုစေဘဲ အထူးကြပ်မတ်စိစစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားများ ကင်ဆာရောဂါဘေးဆိုးမှ ကင်းလွတ်ပြီး သက်ရှည်ကျန်းမာရောဂါကင်းဝေးစေရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်း အစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အဆိုဆွေးနွေး

ယင်းနောက် ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းသည့် **မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သော ဒေသများတွင် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်ပေးခြင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သောဒေသများတွင် စီးပွားရေးလုပ်ငန်းများနှင့် သမဝါယမအဖွဲ့အစည်းများကို အားပေးမြှင့်တင်ပေးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သောဒေသများတွင် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်း စသည့် လုပ်ထုံးလုပ်နည်းများဖြင့် ရိုးရှင်းအောင် ပြုလုပ်ပေးသင့်ပါကြောင်း။

မူးယစ်ဆေးဝါးထုတ်လုပ်သောဒေသများတွင် အစားထိုးဖွံ့ဖြိုးရေးမြှုပ်နှံမှုပြုရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အားပေးဖိတ်ခေါ်ခြင်း၊ အကူအညီပေးခြင်းနှင့် ကုန်သွယ်ခြင်းဆိုင်ရာ နည်းလမ်းများဖြင့် နိုင်ငံတကာပေါင်းစပ်ညှိနှိုင်းမှု အခွင့်အလမ်းများနှင့် ယန္တရားများဖော်ဆောင်ခြင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်နိုင်ရန် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဒေသများ၏လိုအပ်ချက်များကို လေ့လာဆန်းစစ်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာချဉ်းကပ်မှုများမြှင့်တင်နိုင်ရန် လူ့အခွင့်အရေးဆိုင်ရာ အသိပညာနှင့်ဗဟုသုတများ ဖြန့်ဝေခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တာဝန်ရှိသူများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တရားမဝင် မူးယစ်ဆေးဝါးဓာတုပစ္စည်းများနှင့်ပတ်သက်သည့် ဥပဒေရေးရာ ပြန်လည်သုံးသပ်ခြင်း စသည်တို့ကို ဆောင်ရွက်ရန်လိုပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ လွိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ မိုင်းတုံ မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊ အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ တံတားဦး မဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ မန်တုံ မဲဆန္ဒနယ်မှ ဒေါ်နန်မိုး၊ ဒီးမော့ဆို မဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်းနှင့် ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လူသားမျိုးနွယ်တို့၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၏ တားဆီးကာကွယ်မှုစွမ်းအားဖြင့် လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများဖြင့် လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အနာဂတ်တွင်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ အတိတ်ကဆောင်ရွက်ချက်များ၊ လတ်တလော ဆောင်ရွက်ချက်များအပြင် အနာဂတ်ကာလတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းများ ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်ပါကြောင်း၊ ကြီးမားကျယ်ပြန့်ခြင်းနှင့်အတူ နည်းပညာ၊ အချိန်နှင့် ငွေကြေးအင်အားပမာဏများပြားစွာ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဘိန်းအစားထိုးလုပ်ငန်းစဉ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်တက်ကြွကြွ လက်တွဲပူးပေါင်းကူညီဆောင်ရွက်မည်ဆိုပါက ဒေသခံ တောင်သူများအတွက် များစွာအကျိုးရှိမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်လည်း ဆက်သွယ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အဆိုအားအတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားရယူရာ အဆိုရှင်က အဆိုအားအတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပင်းတယနှင့် ရွာငံမြို့နယ်အတွင်းရှိ အော်ဂဲနစ်စိုက်ပျိုးသည့် တောင်သူများအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးလျက်ရှိ



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး



ဒုတိယဝန်ကြီး ဦးအောင်ထူး



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ အော်ဂဲနစ်သီးနှံစိုက်ပျိုးသည့် တောင်သူများအား နိုင်ငံတော်မှ ပြည်တွင်း၊ ပြည်ပဈေးကွက် ချိတ်ဆက်ပေးနိုင်ရန်နှင့် လိုအပ်ချက်များကို မည်သို့ကူညီထောက်ပံ့ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း** နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာနှင့် ပတ်သက်၍ ပညာပေးသင်တန်းများပြုလုပ်ခြင်းနှင့် အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည့် ရွှေမြေကြီးကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးအဖွဲ့နှင့်ပူးပေါင်း၍ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာသင်တန်းပေးခြင်းနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်ပေးခြင်း လုပ်ငန်းများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## အော်ဂဲနစ်ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန်အတွက် မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းကို အာဆီယံ အော်ဂဲနစ် စံချိန်စံညွှန်းများနှင့်အညီပြုစု၍ မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းစာအုပ်ကို ထုတ်ဝေပြဋ္ဌာန်းခဲ့

ပြည်တွင်းပြည်ပစားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းသော အစားအစာ ထုတ်လုပ်ပေးနိုင်ရန်နှင့် အော်ဂဲနစ်ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန်အတွက် မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းကို အာဆီယံ အော်ဂဲနစ် စံချိန်စံညွှန်းများနှင့်အညီပြုစု၍ မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းစာအုပ်ကို ထုတ်ဝေပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံအတွင်း အခြားဒေသထွက်ပစ္စည်းများ တင်ပို့ရာတွင် သင့်တင့်မျှတသော ဈေးနှုန်းရရှိပြီး ဈေးကွက်ရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီလုပ်ငန်းရှင်များပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့များ နိုင်ငံခြားသို့ သွားရောက်သည့်ခရီးစဉ်များတွင်လည်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ အော်ဂဲနစ်စိုက်ပျိုးသည့် တောင်သူများအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးလျက်ရှိပါကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာနှင့် ထုတ်လုပ်မှုကို ပံ့ပိုးပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ - ညောင်ဦးမြို့နယ်အတွင်းရှိ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ခန့် ပုဂံခေတ် ကျန်စစ်သားမင်းကြီး တည်ဆောက်ခဲ့သော မြကန်တမံကြီးအား ဘက်စုံပြုပြင် ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရောဝတီမြစ်ရေကို တင်ယူပြီး မြကန်အတွင်း ရေဖြည့်တင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လျှပ်စစ်ခတ်အားကုန်ကျစရိတ် များပြားလွန်းသည့်အတွက် မြစ်ရေတင်လုပ်ငန်းအနေဖြင့် ၎င်း၏ ပင်မလုပ်ငန်းဖြစ်သည့် ရေသောက်ရေိယာများသို့ စိုက်ပျိုးရေပေးဝေရေး ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် ၂၀၀၉ ခုနှစ် နောက်ပိုင်းတွင် မြကန်အတွင်းသို့ ရေဖြည့်တင်းပေးခြင်း မပြုနိုင်သည့် အခြေအနေဖြစ်ပါကြောင်း။

ထို့ပြင် တောင်ဇင်းရွှေလှိုင်းချောင်းမှရေကို မြကန်အထိရောက်အောင် ပို့ဆောင်ရန်နှင့်စပ်လျဉ်း၍ အဆိုပါ ချောင်းသည် မိုးရွာသွန်းသည့်အချိန်တွင်သာ ရေစီးဆင်းမှုရှိပြီး အခြားအချိန်များတွင် ရေစီးဆင်းမှုမရှိသည့် သဲချောင်းဖြစ်ပါကြောင်း၊ သဲပြင်တောရွာအနီးရှိ မင်းကန်ကြီး (ကန်ကြီးကုန်းကန်) မြေဖို့ပြုပြင်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းနှင့်အတူ ရေလွှဲမြောင်းတူးဖော်ခြင်း၊ လက်ဝဲကျေးရွာအနီးရှိ ရတနာ ဘုမ္မိကန် မြေဖို့ပြုပြင်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်း၊ ရတနာဘုမ္မိကန်မှ မြကန်အရောက် ရေလွှဲမြောင်းတူးဖော်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းပမာဏကြီးမားစွာ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်လည်း များပြားမည် ဖြစ်ပါကြောင်း။

## မြကန်၏ ရေပိုရေလွှဲကို တစ်ဖက်မှ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါ ရေပိုရေလွှဲထိန်းသိမ်းခြင်းမှ တစ်ဆင့် ကန်ရေဝင်မှု ပိုမိုရရှိနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်သွားမည်

သို့ဖြစ်ပါ၍ လက်တွေ့အခြေအနေအပေါ်တွင်သုံးသပ်၍ ဒေသအတွင်းမိုးရွာသွန်းမှုနှင့်အညီ ကန်အတွင်းရေဝင်ရောက်မှုရှိလာသည့် အခြေအနေအပေါ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လိုအပ်သလို ထိန်းသိမ်းဆောင်ရွက်နိုင်သည့် အနေအထားသာရှိပါကြောင်း၊ မြကန်၏ ရေပိုရေလွှဲကို တစ်ဖက်မှ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါ ရေပိုရေလွှဲထိန်းသိမ်းခြင်းမှတစ်ဆင့် ကန်ရေဝင်မှု ပိုမိုရရှိနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ကုလားပုန်းနတ်ချောင်း ရေငန်တားတာတမံတွင် ဆည်ဖို့ရန်ကျန်နေသည့် အရှည်ပေ (၂၁၀၀၀)ကို ဆက်လက်ဆည်ဖို့ပေးရန်နှင့် လုံလောက်သော ရေနုတ်ပေါက်များကို ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင့်ဆွေ၏ **မြန်မာနိုင်ငံရှိ ဆည်မြောင်းတာတမံများ မိုးရာသီကာလ မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် ရေလျှောင်တမံကျိုးပေါက်မှုများကို ကာကွယ်ရန် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်း** တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး၏ **ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ မြို့ပေါ်(၈)ရပ်ကွက်အတွင်းရှိ အဓိက ချောင်းသွယ် (၆)ခုမှ နှစ်စဉ်မိုးရာသီတိုင်း ရေကြီးပြီး ချောင်းရေတိုက်စားမှုကြောင့် ဖြစ်ပေါ်သော မြေပြိုမှုများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ၎င်းတို့ထဲမှ (၄)ခု သို့မဟုတ် (၂)ခုအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် သမ္မတ၏ အထူးရန်ပုံငွေဖြင့် လျာထားထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မှတ်တမ်းများကို ဥပဒေနှင့်အညီ မည်ကဲ့သို့ လွှဲပြောင်းရယူ ထိန်းသိမ်းထားသည်ကို သိရှိလိုခြင်းနှင့် မော်ကွန်းထိန်းသိမ်းခြင်း အရေးကြီးမှုကို ပြည်သူများ သိရှိနားလည်စေရန် ပညာပေးလုပ်ငန်းများ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် အခွန်ဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **ကယားပြည်နယ်မှ ထုတ်လုပ်ပေးလျက်ရှိသော ဘီလူးချောင်း ရေအားလျှပ်စစ်ဝင်ငွေများမှ ပြည်နယ်သူ၊ ပြည်နယ်သားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်းအလို့ငှာ သင့်တော်သော မျှဝေမှု Resource Sharing ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **မြန်မာ့ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရေမဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆထိခိုက်မှုအန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံးအန္တရာယ် ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်**က မိမိတို့အားလုံးသည် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်မပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ပင်လယ်ပြင်တွင် သင်္ဘောများမှ ရေနံစိမ်းများ ယိုဖိတ်မှုမဖြစ်ပွားစေရေးနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ နည်းပါးစေရန် စိတ်ချရသော ကြိုတင်ပြင်ဆင်မှုအစီအမံများ၊ အရေးပေါ်ဖြေရှင်းမှု အစီအမံများ ပြင်ဆင်ထားရှိမှုနှင့် ဆီယိုဖိတ်မှုများဖြစ်ပေါ်လာပါက ကျူးလွန်မှုအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များ ချမှတ်ရန်လည်း လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပင်လယ်နှင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးပြီး ဂေဟစနစ်ပျက်သုဉ်းခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဆုံးရှုံးနစ်နာမှုများအတွက် ထိုက်သင့်သည့် လျော်ကြေးများရရှိရန် လိုအပ်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) တွင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား နိုင်ငံရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် လိုအပ်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီး သယံဇာတပစ္စည်းများကို ထိန်းသိမ်းကြီးကြပ်ကာကွယ်မည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း**က မဒေးကျွန်းဆိပ်ကမ်းသို့ ဝင်ရောက်နေသည့် ပမာဏကြီးမားပြီး တန် (၃)သိန်းခန့် သယ်ဆောင်နေသည့် ရေနံစိမ်းတင် သင်္ဘောများ အကြောင်းအမျိုးမျိုးကြောင့် ရေနံယိုဖိတ်မှု ဖြစ်ပေါ်လာပါက ကြိုတင်မမျှော်မှန်းနိုင်သော ကိစ္စရပ်များအတွက် မဟာဗျူဟာကျသော ကာကွယ်မှုအစီအမံများ ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ပြည့်စုံအောင် ကာကွယ်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားရှိရန် အရေးတကြီး လိုအပ်နေပြီဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ရေနံယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေး အရေးပေါ်စီမံချက်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းများက မူကြမ်းရေးဆွဲထားသော်လည်း အတည်ပြု မပြဋ္ဌာန်းနိုင်သေးသောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး တင်ထွဋ်နှင့် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ၊ နည်းဥပဒေအပြင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများဖြစ်သည့် (ISGOTT) နှင့် (BUNKER 2001) တို့အရ စီမံဆောင်ရွက်လျက်ရှိပြီး National Contingency Plan For Marine Pollution များကို တင်ပြအတည်ပြုပြီးပါက ၎င်းစီမံချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## ရေနံတင်သင်္ဘောများနှင့် ရေနံ နှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများသည် မိမိနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံထား

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ရေနံတင်သင်္ဘောများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများသည် မိမိနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်းများမဖြစ်ပေါ်စေရေး ကြိုတင်စီမံထားရှိပြီး ဖြစ်ပွားလာပါက ဆိုးကျိုးအနည်းဆုံးဖြစ်စေရန်၊ ထိခိုက်မှုများအတွက် နစ်နာကြေးများရရှိရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိနေပါကြောင်း။

အဆိုသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးမှုများ၊ တိုင်းရင်းသားပြည်သူလူထု၏ လူမှုစီးပွားဘဝများ ကာကွယ်နိုင်ရန် ရည်ရွယ်၍ တင်သွင်းလာခြင်းဖြစ်သည့်အတွက် အဆိုကို အတည်ပြုလက်ခံသော်လည်း အဆိုပါ လုပ်ငန်းစဉ်များသည် ကြီးမားကျယ်ပြန့်လှပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်တွင်း ပြည်ပ ပညာရှင်များအားလုံး ပါဝင်ပေါင်းစပ်ညှိနှိုင်းသွားရမည့် ကိစ္စဖြစ်သည့်အတွက် အချိန်ယူဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

✻ ကျော့ဖုံးမှ

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အပ်နှံသော တရားလွှတ်တော်များ၊ ဆေးရုံကြီးများ၊ တက္ကသိုလ် ကောလိပ်များ ၂၀၁၈ ခု ၆ လဘဏ္ဍာရေးနှစ်တွင် ၃၈၄ ခုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၃၁၉ ခု ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အဦ သုတေသနဓာတ်ခွဲခန်းများရုံး(အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်)တို့က အဆောက်အဦများ အရည်အသွေး ထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် ၆ လ ဘတ်ဂျက်အတွင်း အဆောက်အဦဦးစီးဌာနမှ တာဝန်ယူဦးစီးဆောက်လုပ်သော တည်ဆောက်ရေးလုပ်ငန်း ၆၁ ခုအပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် အခြားဝန်ကြီးဌာနများက အပ်နှံခဲ့သော တည်ဆောက်ရေးလုပ်ငန်း ငါးခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၃၃ ခုတို့၏ အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်၌ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ် - ပူတာအိုလမ်းတွင် ကွန်ကရစ်ခင်းခြင်း (၁၃/၁)မိုင် ၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း ၂ မိုင်နှင့် လိုအပ်သောနေရာများတွင် ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း။

ကယားပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းတွင် ၂၄ ပေ အကျယ် AC ခင်းခြင်း ၇ ဖာလုံ၊ Box Culvert တည်ဆောက်ခြင်း သုံးစင်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းတွင် Box Culvert တည်ဆောက်ခြင်း ၁၈ စင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ငူ-မော်ချီး- လွိုင်ကော် လမ်းအား JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ဖားဆောင်း- မယ်ဆည်နန်-မယ်စဲ့ နန်းမန်းလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း (၂/၄) မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**လမ်းအဆင့်မြှင့်တင်**

ကရင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)တွင် သထုံ-ဘားအံ-ကော့ကရိတ်- မြဝတီလမ်းတွင် လေးလမ်းသွားတိုးချဲ့ခြင်းနှင့် မြေတာပေါင်ချဲ့ခြင်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတွင် RC တံတား တည်ဆောက်ခြင်း ခုနစ်စင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ငူ-လိပ်သို- ယာဒို- လွိုင်ကော်- ဟိုပုံးလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ အိန္ဒူ - ကော့ကရိတ် လမ်းတွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)တွင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းတွင် RC ရေထုတ်ပြွန် ၁၂ လုံးနှင့် ကျောက်စီမြေထိန်းနံရံ သုံးစင်း၊ သိုင်းငင်း-တီးတိန်လမ်းတွင် RC ရေထုတ်ပြွန် ခုနစ်စင်းနှင့် ကျောက်စီရေမြောင်း တည်ဆောက်ခြင်း တစ်မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဟားခါး-မတူပီလမ်းအား ၁၈ ပေ အကျယ် ကွန်ကရစ်ခင်းခြင်း ၁၀ မိုင်၊ မတူပီ-ပလက်ဝလမ်းတွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း ၁၀ မိုင်၊ တီးတိန်-တွန်းဇံ-ကျီခါး လမ်းတွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း လေးမိုင်၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁၈ မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ)တွင် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၇ ဖာလုံ၊ Box Culvert တည်ဆောက်ခြင်းနှင့် တံတားကြမ်းခင်းချဲ့ခြင်း ကိုးစင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရွှေဘို-မြစ်ကြီးနားလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၃၂/၃ ဒသမ ၈၅) မိုင်၊ ရောင်ဟီး-ပင်လည်ဘူးလမ်းတွင် ကွန်ကရစ်ခင်းခြင်း ၁၃ မိုင်၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းတွင် အမာခံလမ်းခင်းခြင်း ၁၁ မိုင်၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၃/၃) မိုင်၊ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းတွင် JICA ချေးငွေဖြင့်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေညာ-ရတနာပုံလမ်းတွင် ကွန်ကရစ်ခင်းခြင်း ၃ မိုင်နှင့် ထားဝယ်-ထီးခီးလမ်းတွင် NEDA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**JICA ချေးငွေဖြင့် ဆောင်ရွက်**

ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ငူ-မော်ချီး-ဒီမော့ဆိုလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၂ ဖာလုံ၊ RC Box Culvert တည်ဆောက်ခြင်း လေးစင်း၊ ဒိုက်ဦး-စစ်တောင်းလမ်းတွင် JICA ချေးငွေဖြင့် လမ်း အဆင့်မြှင့်တင်ခြင်း၊ တောင်ငူ- လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ မုံရွာလမ်းတွင် RC Box Culvert တည်ဆောက်ခြင်း သုံးစင်း၊ မိုင်၊ ဖာလုံ တိုင်စိုက်ထူခြင်း၊ တံတားတည်ဆောက်ခြင်း တစ်စင်း၊ မြေသားတာပေါင် တည်ဆောက်ခြင်း (၂/၄) မိုင်၊ ကတ္တရာလမ်းချဲ့ခြင်း ၁ မိုင် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းတွင် ကွန်ကရစ်လမ်းပခုံး၊ ကွန်ကရစ်ရေမြောင်း၊ ပလက်ဖောင်းပြုလုပ်ပေးခြင်း (၀/၂) မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မကွေးတိုင်းဒေသကြီး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မုံရွာ- ပုလဲ- ဂန့်ဂေါ-ဟားခါးလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၄ မိုင်၊ ဂန့်ဂေါ-ကလေးလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း ၆ ဖာလုံ၊ မင်းဘူး-အမ်းအပိုင်းတွင် ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၇ ဖာလုံ၊ ဂန့်ဂေါ-အိုက္ကားလမ်းတွင် ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ပေ ၄၃၃၀၊ ကျောက်စီရေမြောင်းနှင့်တွဲလျက် မြေထိန်းနံရံတည်ဆောက်ခြင်း ၉၈၄ ပေ၊ RC ရေထုတ်ပြွန်တည်ဆောက်ခြင်း ငါးစင်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား (မကွေး)လမ်းတွင် ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ ဖာလုံ၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းတွင် ပေ ၄၀ အကျယ် မြေတာပေါင်ချဲ့ခြင်း ၃ မိုင်၊ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄ ဒသမ ၅ ဖာလုံ၊ ပခုက္ကူ-ဆိပ်ဖြူလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၇ ဖာလုံ၊ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းတွင် ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄ ဖာလုံ စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)တွင် မန္တလေး-မိုးကုတ်လမ်းအား JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းတွင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၁ မိုင်၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁ မိုင်၊ ရန်ကုန်-ပြည်- မန္တလေးလမ်းတွင် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၃ မိုင်၊ တွင်းငယ်-မိုးမိတ်လမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၁/၃)မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မွန်ပြည်နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သံဖြူဇရပ်- ဘုရားသုံးဆူလမ်းတွင် ကတ္တရာလမ်းသစ်ခင်းခြင်း (၁/၂) မိုင်၊ မုဒုံ-ချောင်းနှစ်ခွ- မဲသရော-လှိုင်ကွယ်လမ်းတွင် AC ထပ်ပိုးလွှာခင်းခြင်း ၁ မိုင်၊ လေးကေ-ကတိုင်တိလမ်းတွင် မြေလမ်းပြုပြင်ထိန်းသိမ်းခြင်း၊ တရနာ-ဘုရားကုန်းလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)တွင် ငါးသိုင်းချောင်း - ဂွ - သံတွဲလမ်းအား World Bank ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း ၊ မောင်တော- ကျီးကန်းပြင်- ကြိမ်ချောင်း- အောင်သပြေ-ဗန္ဓုလလမ်းတွင် ပေ ၄၀ အကျယ် မြေတာပေါင်ချဲ့၍ အမာခံလမ်းခင်းခြင်း (၂/၇) မိုင်၊ မောင်တော(ကြိမ်ချောင်း)-တောင်ပြို-နယ်စပ်ခြံစည်းရိုး ချဉ်းကပ်လမ်းတွင် ပေ ၄၀ အကျယ် မြေတာပေါင်ချဲ့၍ အမာခံလမ်းခင်းခြင်း (၁/၂) မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ပန္နူ-အင်းဒင် - စေတီပြင်တောင်ကျော်လမ်းတွင် လမ်းအဆင့် မြှင့်တင်ခြင်း၊ ကြိမ်ချောင်း - ဂုပ္ပိတောင်ကျော်လမ်းတွင် အမာခံလမ်းခင်းခြင်း(၆/၅)မိုင်နှင့် RC တံတားတည်ဆောက်ခြင်း နှစ်စင်း၊ ဥဒေါင်း-ညောင်ချောင်း-မေယုတောင်ကျော်လမ်းတွင် အမာခံလမ်းခင်းခြင်းနှင့် RC Box Culvert ၆၀ စင်းတည်ဆောက်ခြင်း၊ သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်းတွင် လမ်းသစ်ဖောက်လုပ်ခြင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း ၈ မိုင်နှင့် အမာခံလမ်းခင်းခြင်း (၃/၃) မိုင်၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းတွင် World Bank ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း စသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းတွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ မအူပင် -တွံတေးလမ်းတွင် သံကူကွန်ကရစ်မြေကာနံရံ ပေ ၄၁၀ တည်ဆောက်ခြင်း၊ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁/၁)မိုင် ၊ အမှတ်(၇) လမ်းမကြီး (မြို့ပတ်လမ်း)တွင် ကတ္တရာခင်းခြင်း ၁ မိုင်၊ သန်လျင်-သီလဝါ လမ်းမကြီးတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်းတွင် ကတ္တရာခင်းခြင်း (၁၃/၄)မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကွန်ကရစ်ရေပြွန်တည်ဆောက်**

ရှမ်းပြည်နယ်၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိတွင်) ဟန်မြင့်မိုရ်- မြို့ကြီး-ရွာင်-အောင်ပန်းလမ်းတွင် ၁၈ ပေအကျယ် ဒုအခြေခံလွှာချဲ့ခင်းခြင်း (၂/၁) မိုင်၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံး လမ်းတွင် ၁၈ ပေအကျယ် ဒုအခြေခံလွှာချဲ့ခင်းခြင်း (၁၂/၂) မိုင်၊ Box Culvert တည်ဆောက်ခြင်း ငါးစင်း၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်း ၁၀ စင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ်လမ်းတွင် ၂၄ ပေအကျယ် ကွန်ကရစ်ခင်းခြင်း ၅ ဖာလုံ၊ ပေ ၄၀ အကျယ် လမ်းတာချဲ့ခြင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ၁၁၄၈ ပေ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၂/၄) မိုင်၊ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၁/၄) မိုင်၊ ဟန်မြင့်မိုရ်-မြို့ကြီး-အောင်ပန်းလမ်းအား JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ တောင်ငူ-လိပ်သို-ယာဒို-ဟိုပုံးလမ်းတွင် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း (၁/၄) မိုင်နှင့် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ အောင်ပန်း- ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်းတွင် ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း (၂/၂) မိုင်၊ Box Culvert တည်ဆောက်ခြင်း ခြောက်စင်း၊ မိုင်းပန်-မုံးထ-မုံးထော်လမ်းတွင် မြေတာပေါင်ချဲ့ခြင်း၊ တွင်းငယ်-မိုးမိတ်လမ်းတွင် ကတ္တရာခင်းခြင်း (၅/၆) မိုင်၊ RC တံတား တည်ဆောက်ခြင်း တစ်စင်း၊ လားရှိုး-မန်စံလမ်းတွင် ၂၈ ပေအကျယ် AC ခင်းခြင်း ၇ ဖာလုံ၊ သီပေါ-ပန်လုံ-နမ္မတူလမ်းတွင် ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း (၂/၁)မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖျာပုံ- ကျုံကဒွန်း - ဒေါ်ငြိမ်း-အမာလမ်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း နှစ်စင်း၊ ကတ္တရာလမ်းခင်းခြင်း တစ်မိုင် ၊ ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး-ဝါးခယ်မ - မြောင်းမြလမ်းတွင် ကတ္တရာလမ်းခင်းခြင်း (၃/၃)မိုင်၊ အမာခံလမ်းခင်းခြင်း ၁ မိုင်၊ တံတားနှစ်စင်း၏ ချဉ်းကပ်လမ်းနှစ်ဖက် ကတ္တရာခင်းခြင်း၊ ကြိမ်ပင်ဆည်-စကြော့-နေဖြူဇလွန်လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း ၆ ဖာလုံ၊ ငါးသိုင်းချောင်း-ဂွ- သံတွဲလမ်းတွင် JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းတွင် ကတ္တရာလမ်းခင်းခြင်း ၂ မိုင်၊ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းတို့တွင် ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး) လမ်းတွင် Gabion Box များဖြင့် အောက်ခြေမြေထိန်းနံရံ တည်ဆောက်ခြင်း ပေ ၁၅၀၀ ၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းတွင် Gabion Box များဖြင့် အောက်ခြေမြေထိန်းနံရံ တည်ဆောက်ခြင်း ပေ ၁၅၀၀၊ တပ်ကုန်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်သောလမ်း (အမှတ် ၅ လမ်း)တွင် ကွန်ကရစ်ခင်းခြင်း(၁/၅)မိုင်၊ ဘိလပ်မြေစက်ရုံ (တောင်စဉ်အေး) - နန့်လွင်စန်း - ပြဒါးချောင်း အထက်ပေါင်းလောင်းလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၀/၇ ဒသမ ၅) မိုင်၊ RC Box Culvert တည်ဆောက်ခြင်း နှစ်စင်း၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း ပေ ၃၂၈၀၊ မွန်းတည့်ခွင့်-ကျည်တောင်- ခေါ်မ-ညောင်ပင်သာလမ်းတွင် ကတ္တရာလမ်းခင်းခြင်း (၁/၁)မိုင် စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

တံတားဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇုပ် တံတား ၂၈၆ ပေ၊ ဒရခတံတား ၁၈၇ ပေအား ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်ကူး တံတားကြီးများဖြစ်သည့် ခန္တီး - ဆင်သေ - လဟယ် လမ်းပေါ်ရှိ ချင်းတွင်းတံတား(ခန္တီး) ၂၆၅၁ ပေနှင့် အောင်ဇေယျ -ကက်သာ - ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား (ဟုမ္မလင်း) ၂၇၆၂ ပေတို့အား တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတွင် သမုတ်လွှတ်လွှတ်တံတား ၁၂၈၇ ပေ ၊ ပုလုံးတုံးတုံးတံတား ပေ ၂၄၀၀ နှင့် တနင်္သာရီတံတား ၁၄၄၄ ပေ တို့အားလည်း တည်ဆောက်လျက်ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်းမြစ်ကူးတံတားကြီးများဖြစ်သည့် စစ်တောင်းမြစ်ကူးတံတား(ရေတာရှည်) ပေ ၈၀၀၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) ပေ ၆၂၀၊ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး) ပေ ၁၂၀၀ နှင့် တောင်ငူ -ကျောက်ကြီး-ရွှေကျင် -ဝင်းကံလမ်းပေါ်ရှိ ရွှေကျင်တံတား ပေ ၁၆၈၀ တို့ကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။

**မကြာမီပြီးစီးတော့မည်**

မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား(ဂန့်ဂေါ) ပေ ၈၀၀ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ မုန်းချောင်းတံတား(ပွင့်ဖြူ) ပေ ၁၃၀၀ နှင့် ယော(ကံတွင်း)တံတား ပေ ၉၀၀ တို့ကိုလည်း တည်ဆောက်လျက်ရှိပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း ညောင်ဦး-မြင်းခြံလမ်းပေါ်ရှိ ဆင်တဲဝတံတား ၉၃၅ ပေအား တည်ဆောက်လျက်ရှိပြီး ပြီးစီးတော့မည်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ ကျိုက်မရော-စံပယ်ဂူ-ကော့ပနော့လမ်းပေါ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတား ၂၁၁၃ ပေကိုလည်း စတင်တည်ဆောက်နေပြီ ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား ပေ ၉၆၀၊ တိမ်ညိုတံတား ပေ ၃၆၀ ၊ မြေပုံ-မင်းပြားလမ်းပေါ်ရှိ ကြပ်စင်တံတား ပေ ၁၉၂၀ နှင့် စစ်တွေမြို့ပေါ်ရှိ ဆတ်ရိုးကျတံတား ၁၆၄၂ ပေတို့အားလည်း တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဩစတြီးယားချေးငွေဖြင့် သံပေါင်ဝယ်ယူသည့် ကင်းချောင်းတံတား ၁၂၅၆ ပေနှင့် ရာမောင်တံတား ပေ ၁၃၀၀ တို့ကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၁၀ သို့

# CHIDB အနေဖြင့် အိမ်ရာစုဆောင်းငွေစနစ်ဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိ

*စာမျက်နှာ ၉ မှ*

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ဒေါပုံ(သာကေတ)တံတား ပေ ၈၃၀ အား တည်ဆောက်နိုင်ခဲ့ပြီး ကိုရီးယားနိုင်ငံချေးငွေဖြင့် တည်ဆောက်မည့် မြန်မာ-ကိုရီးယား(ဒလ) ချစ်ကြည်ရေးတံတားနှင့် ဂျပန်နိုင်ငံ ချေးငွေဖြင့် တည်ဆောက်မည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)တို့မှာ စတင်တည်ဆောက်နေပြီဖြစ်ပါကြောင်း။

**စတင်တည်ဆောက်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါ - ပန်လုံ-နမ့်ဆန်လမ်းပေါ်ရှိ လေလုတံတား ပေ ၃၆၀ တည်ဆောက်နိုင်ခဲ့ပြီး သံလွင်မြစ်ကူးတံတားများဖြစ်သည့် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိတာကော်တံတား ပေ ၁၀၅၀ နှင့် မိုင်းတုံ - မိုင်းဆတ် လမ်းပေါ်ရှိ သံလွင်မြစ်ကူးတံတား(တာဆန်း) ၈၅၉ ပေတို့မှာ စတင်တည်ဆောက်နေပြီဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်းသာ-ရွှေသောင်ယံလမ်းပေါ်ရှိ ရွှေသောင်ယံတံတား (မကျီးချောင်း) ၈၇၇ ပေအား တည်ဆောက်ပြီးစီးခဲ့ပြီး ဝဝန်မြစ်ကူးတံတား(လေးမျက်နှာ)နှင့် မြောင်းမြတံတားအသစ်ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စော်ကဲတံတား ၂၄၆၀ ပေ၊ ကျွန်းပြဿဒ်တံတား ၂၃၆၂ ဒသမ ၅ ပေ၊ ကျွန်းကုန်းတံတား ၇၈၇ ဒသမ ၅ ပေ၊ ပုသိမ်တံတားအမှတ်(၂) ၂၃၀၈ ပေတို့ကို တည်ဆောက်လျက်ရှိပြီး ရွှေလောင်းတံတား၊ ဝါးခယ်မတံတားနှင့် လပွတ္တာ(ပင်လယ်လေး) တံတားတို့ကိုလည်း အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပါကြောင်း။

အိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် အခြေခံပြည်သူများနေထိုင်ရေး အဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်း/တန်ဖိုးသင့် အိမ်ရာစီမံကိန်းများမှ အိမ်ခန်းစုစုပေါင်း ၃၃၂၂ ခန်းကို ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

အခြားတိုင်းဒေသကြီးများတွင်လည်း အိမ်ရာစီမံကိန်းများ ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အိမ်ခန်းပေါင်း ၆၇၆ ခန်းပါဝင်သော ဥမ္မာဒန္တီအိမ်ရာစီမံကိန်းနှင့် အိမ်ခန်းပေါင်း ၉၆ ခန်း ပါဝင်သော ပြည်တော်သာအိမ်ရာ၊ ကရင်ပြည်နယ် ဘားအံမြို့တွင် အိမ်ခန်းပေါင်း ၄၈ ခန်းပါဝင်သော ကြာအင်းတောင်အိမ်ရာတို့အား တည်ဆောက်ရောင်းချပေးလျက်ရှိပါကြောင်း။

ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ၎င်းတို့၏ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ဖြင့် ဝန်ထမ်းအိမ်ရာ ၁၅၇ လုံး၊ အခန်းပေါင်း ၂၄၈၄ ခန်းနှင့် ပြည်ထောင်စုဘဏ္ဍာငွေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ တိုက် ၂၅ လုံး၊ အခန်း ၈၆၀ အား တည်ဆောက်လျက်ရှိပါကြောင်း။

Construction, Housing and Infrastructure Development Bank (CHIDB)အနေဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် အိမ်ရာစုဆောင်းငွေစနစ် (Housing Mortgage)စနစ်ဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အိမ်ရာစုဆောင်းငွေထားရှိသူ ၂၅၁၀၉ ဦး၊ ငွေကျပ် ၂၃ ဒသမ ၅၃ ဘီလီယံ စုဆောင်းနိုင်ခဲ့ပါကြောင်း၊ အိမ်ရာဝယ်ယူသူ ၂၇၂၀ ကို ငွေကျပ် ၃၅ ဒသမ ၁၇ ဘီလီယံ ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခင် စုဆောင်းငွေ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေရှိသူများကို အတိုးနှုန်း ၁၂ ရာခိုင်နှုန်း ချေးငွေကာလ ၁၅ နှစ်အထိ ထုတ်ချေးပေးခဲ့ပြီး ယခု JICA ချေးငွေအရင်းအမြစ်ဖြင့် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း အနည်းဆုံး ၁၅ နှစ်ဖြင့် ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်၍ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် CHID Bank (Construction, Housing and Infrastructure Development Bank) အဖြစ် ရည်မှန်းချက်၊ မျှော်မှန်းချက်များတိုးမြှင့်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပေါင်း ကိုးမြို့တွင် ဘဏ်ခွဲပေါင်း ၁၂ ဘဏ်အထိ တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူများနေရေးအဆင်ပြေစေရန်အတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ၎င်းတို့၏ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ဖြင့် ဝန်ထမ်းအိမ်ရာ ၁၅၇ လုံး၊ အခန်းပေါင်း ၂၄၈၄ ခန်းနှင့် ပြည်ထောင်စုဘဏ္ဍာငွေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ တိုက် ၂၅ လုံး၊ အခန်း ၈၆၀ အား တည်ဆောက်လျက်ရှိ**

**ကျေးလက်လမ်း**

ကျေးလက်လမ်းများအား လမ်းအဆင့်အတန်း Class A,B,C ခွဲခြားသတ်မှတ်ထားပြီး ဦးစားပေး(၁)၊ ဦးစားပေး(၂)၊ ဦးစားပေး(၃)များ ခွဲခြား၍ Class A လမ်းများအား တိုင်းဒေသကြီး/ပြည်နယ်များမှ စီမံခန့်ခွဲပြီး Class B နှင့် C လမ်းများကို ပြည်ထောင်စုမှ စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ကျေးလက်လမ်းအရှည် ၅၅၅၀၇ မိုင် ၈၉၃၁၁ km အား တာဝန်ယူဆောင်ရွက်လျက်ရှိပြီး Class(A) - အဓိကလမ်းမကြီးများ (သို့) မြို့(သို့) မြို့တော်များ တိုက်ရိုက်ချိတ်ဆက်သောလမ်း၊ Class(B)-Class(A)သို့ ဆက်သွယ်သည့်လမ်း၊ အဓိက ကျေးရွာချင်းဆက်လမ်း၊ Class(C) - Class(B) သို့ ဆက်သွယ်သည့်လမ်း၊ အဓိက ကျေးရွာချင်းဆက်လမ်းများမဟုတ်သည့် လမ်းများနှင့် စိုက်ပျိုးရေယာသို့ ဆက်သွယ်သည့်လမ်းဟူ၍ သတ်မှတ်ပါကြောင်း။

စီမံခန့်ခွဲမှုအပိုင်းတွင် Class(A) - (၂၅၆၃၅/၂ မိုင် (၄၆ ရာခိုင်နှုန်း) တိုင်းဒေသကြီး/ပြည်နယ်မှ စီမံခန့်ခွဲပြီး Class(B) - (၁၇၃၂၀/၆ မိုင် (၃၁ ရာခိုင်နှုန်း)နှင့် Class(C)-(၁၂၅၅၁/၀ မိုင် (၂၃ ရာခိုင်နှုန်း) ပြည်ထောင်စုမှ စီမံခန့်ခွဲပါကြောင်း။

**လမ်း/တံတားလုပ်ငန်းများ**

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ၆ လအတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း/တံတားလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ၁၀၆၇၃၁ ဒသမ ၈၂ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လမ်းလုပ်ငန်းတွင် ကွန်ကရစ်လမ်း - ၁၇၅ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း - ၃၅ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုး - ၀ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း - ၂၀၁ မိုင် ၄ ဖာလုံ၊ ဝံ/ဂျင်းလမ်း- ၄၀၈ မိုင် ၄ ဖာလုံ၊ မြေသားလမ်း - ၂၈၅ မိုင် ၄ ဖာလုံ စုစုပေါင်း-၁၁၀၇ မိုင် ၃ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတားလုပ်ငန်းတွင် ကွန်ကရစ် - ၁၀၆ စင်း ၃၁၃၇ ပေ၊ သစ်သားတံတား - ၁၁ စင်း ၇၀၈ ပေ၊ ဘေလီတံတား - လေးစင်း ၆၅၀ ပေ၊ ရေကျော် - ၂၂ စင်း ၂၀၂၈ ပေ၊ Box Culvert - ၄၅၉ စင်း ၂၃၂၈ ပေ၊ အခြား- ၂၁ စင်း ၄၈၂၆ ပေ စုစုပေါင်း - ၆၂၃ စင်း ၁၃၆၇၇ ပေ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း/တံတားလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂၆၈၁၄ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လမ်းလုပ်ငန်းတွင် ကွန်ကရစ်လမ်း-၃၁၇ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း - ၃၀၉ မိုင် ၀ ဖာလုံ၊ ကတ္တရာထပ်ပိုး-၁၆ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း - ၄၅၆ မိုင် ၆ ဖာလုံ၊ ဝံ/ဂျင်းလမ်း- ၈၈၄ မိုင် ၃ ဖာလုံ၊ မြေသားလမ်း-၈၈၀ မိုင် ၆ ဖာလုံ စုစုပေါင်း - ၂၈၆၅ မိုင် ၂ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတားလုပ်ငန်းတွင် ကွန်ကရစ်- ၄၅၇ စင်း ၂၆၉၀၅ ပေ၊ Box Culvert -၁၀၀၄ စင်း ၄၅၇၂ ပေ၊ ရေကျော် - ၇၃ စင်း ၈၁၈၂ ပေ၊ ဘေလီတံတား - ၁၈ စင်း ၂၂၂၀ ပေ၊ ကြိုးတံတား- ၁၉စင်း ၄၄၈၅ ပေ၊ အခြား - ၃၂ စင်း ၁၅၃၄၃ ပေ၊ စုစုပေါင်း - ၁၆၂၀ စင်း ၆၂၅၅၂ ပေ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ရှိမြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးမှုအခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်း ထိန်းသိမ်းရန် တစ်နည်းအားဖြင့် ဈေးနှုန်းများ တည်ငြိမ်မှုရှိမည့် စီးပွားရေးတိုးတက်မှုကိုရရှိစေရန် သီးသန့်ငွေကြေးပမာဏအား ရည်မှန်းချက်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးသန့်ငွေကြေးပမာဏအား ရည်မှန်းချက် (Reserve Money Target) ထားရှိနိုင်ရန် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP)၊ ငွေဖောင်းပွမှုနှုန်း (Inflation)၊ ငွေကြေးလည်ပတ်နှုန်း (Velocity)၊ ငွေကြေးဆပွားကိန်း(Money Multiplier) တို့အပေါ် အခြေခံ၍ တွက်ချက်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုနှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်းအား ငွေဖောင်းပွမှုနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ထားရှိဆောင်ရွက်နိုင်ရန် သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းအား ၁၁ ရာခိုင်နှုန်းနှင့် စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုနှုန်းအား ၂၁ ရာခိုင်နှုန်းအတွင်းရှိစေရန် ရည်မှန်းချက်ထားရှိဆောင်ရွက်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏအား ခန့်မှန်းတွက်ချက်၍ ရည်မှန်းချက်ထက် ကျော်လွန်နေပါက အပ်ငွေလေလံခေါ်ယူပြီး ပိုလျှံသည့်ငွေကြေးပမာဏများအား နုတ်သိမ်းရပါကြောင်း၊ အပ်ငွေလေလံခေါ်ယူခြင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အပ်ငွေလေလံများအား နှစ်ပတ်လျှင် တစ်ကြိမ်ဖြင့် လေလံသက်တမ်း (၁၄)ရက်၊ (၂၈)ရက်နှင့် (၄၂) ရက်ကာလများအတွက် ခေါ်ယူပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာ ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ (၁၂)လတာကာလအတွင်း အပ်ငွေလေလံ (၂၅) ကြိမ် ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှ ၂၈၁ ကျပ် ဘီလီယံဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ ထိုသို့ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးပမာဏ (တစ်နည်းအားဖြင့် ငွေဖောင်းပွမှု)အား ရည်မှန်းချက်အတွင်း ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလ မှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ (၁၂)လတာ ကာလအတွင်း လေလံအောင်မြင်ခဲ့သည့် ပျမ်းမျှအပ်ငွေ လေလံအတိုးနှုန်းများမှာ အနိမ့်ဆုံး ၂ ဒသမ ၉၄ ရာခိုင်နှုန်းနှင့် အမြင့်ဆုံး ၇ ဒသမ ၁၃ ရာခိုင်နှုန်းအတွင်း ရှိခဲ့ပါကြောင်း။

**ဘဏ်များ၏ စီမံခန့်ခွဲမှုကောင်းမွန်စေရေး**

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ယင်းဥပဒေအရ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် ထုတ်ပြန်သည့် စည်းမျဉ်း(၄)ရပ်တို့နှင့်ဆက်စပ်၍ နောက်ဆက်တွဲညွှန်ကြားချက် (၅)ခုကိုလည်း ၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းတို့မှာ သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံနှုန်းများအတွက် ညွှန်ကြားချက်၊ ဘဏ်ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်၊ ပြင်ပစာရင်းစစ်များဆိုင်ရာ ညွှန်ကြားချက်၊ ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်နှင့် အဓိကကျသည့် အကျိုးစီးပွားများ ရယူခြင်းဆိုင်ရာ ညွှန်ကြားချက်တို့ဖြစ်ပြီး အထက်ပါ ညွှန်ကြားချက်များသည် ဘဏ်များ၏ စီမံခန့်ခွဲမှု (Banks' Governance) ကောင်းမွန်စေရေးအတွက် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် CBN-NET (RTGS) System အား International Standard နှင့်အညီဖြစ်စေရေးအတွက် ဂျပန်နိုင်ငံမှ ထောက်ပံ့သည့် အကူအညီအရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် JICA တို့ ပူးပေါင်း၍ CBN-NET Phase I ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

**ကူညီထောက်ပံ့ရေး သဘောတူစာချုပ်အရ CBN-NET Phase II ကို အကောင်အထည်ဖော်**

၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် JICA တို့ လက်မှတ်ရေးထိုးခဲ့သည့် ကူညီထောက်ပံ့ရေး သဘောတူစာချုပ်အရ CBN-NET Phase II ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်တွင် ဘဏ်များ၏ System နှင့် CBM ၏ System ကို တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း (STP with Commercial Bank)၊ ဘဏ်များအကြား Message ပေးပို့ခြင်းတွင် စံထားရှိခြင်း (ISO 20022 Adoption)၊ ငွေလွှယ်ကူမှု အကာအကွယ်ပြုနိုင်ခြင်း (Liquidity Saving Facility)၊ ပမာဏနည်းငွေပေးချေမှုများကို အချိန်နှင့်တစ်ပြေးညီ စာရင်းရှင်းလင်းခြင်း(ACH)၊ ချက်လက်မှတ်ကို ပုံရိပ်စနစ်ဖြင့် စာရင်းရှင်းလင်းခြင်း (Cheque Truncation)၊ ငွေပေးချေစာရင်းရှင်းလင်းမှုဆိုင်ရာ အရေးကြီးအချက်အလက်များအား Dashboard တွင် ပြသအချက်ပေးခြင်း (Alert and Dashboard Function)၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဒုတိယအရံအဖြစ်သုံးစွဲမည့် Data Centre နှင့် အချက်အလက်များ ပြန်လည်ရယူရန် အစီအစဉ်များ(DR Site and Data Redundancy)၊ သုံးစွဲသူများ မှန်ကန်ကြောင်း စိစစ်နိုင်ခြင်း (User Authentication)၊ အခြားSystem များ (ဥပမာ- YSX, Auction System များနှင့် ချိတ်ဆက်ခြင်း) (Automatic Data Linkage) အစီအစဉ်များ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အခွန်ထမ်းများအနေနှင့် မည်သည့်ဘဏ်မှမဆို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ ပြည်တွင်းအခွန်များဦးစီးဌာန စာရင်းသို့ CBN-NET System Customer Credit Transfer Function ကို အသုံးပြု၍ Online မှ အခွန်ပေးဆောင်ခြင်းအား ဆောင်ရွက်နိုင်မည့်အစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြည်သူများ အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်း**

ငွေရေးကြေးရေးကဏ္ဍ ဖြေလျှော့ပေးသည့် အခြားအစီအစဉ်များအနေဖြင့် ယခုအချိန်ထိ ပြည်တွင်းဘဏ်များ၏ ချေးငွေများကို (၁)နှစ်သက်တမ်းရှိ စာရင်းပိုထုတ်ချေးငွေနှင့် (၃)နှစ်ထက်မပိုသော ကာလသတ်မှတ်ချက် ချေးငွေများအား ထုတ်ချေးခွင့်ပြုပါကြောင်း၊ ဘဏ်များ၏ ချေးငွေအခြေခံ ပိုမိုကျယ်ပြန့်လာစေရေးနှင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်း တိုးမြှင့်စေရန် ရည်ရွယ်၍ ဘဏ်များအား စုစုပေါင်းချေးငွေ၏ ၅ ရာခိုင်နှုန်းထက်မပိုသော အိမ်ရာချေးငွေများကို (၃)နှစ်ထက် ကျော်လွန်၍ ချေးယူခွင့်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

ထို့အတူ အိမ်ရာချေးငွေများမှအပ နိုင်ငံ့စီးပွားရေးအတွက် အထောက်အကူပြုနိုင်သည့် ချေးငွေများဖြစ်ပါက အထက်ပါခွင့်ပြုသည့် စုစုပေါင်းချေးငွေ၏ ၅ ရာခိုင်နှုန်းအတွင်း ကိစ္စရပ်တစ်ခုချင်းအလိုက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ၍ အတည်ပြုချက်ရရှိက ထုတ်ချေးရန် ခွင့်ပြုခဲ့ပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

**❖ ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီသည့် ဒေသများမှ ပြည်သူများအတွက် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အများပြည်သူများအတွက် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရရှိစေရန်အတွက် ပုဂ္ဂလိကဘဏ်များအား ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြု**

*စာမျက်နှာ ၁၀ မှ*

လက်ရှိအချိန်အထိ ခွင့်ပြုခဲ့သည့် နိုင်ငံခြားဘဏ် ဘဏ်ခွဲအရေအတွက်သည် (၁၃) ဘဏ်ဖြစ်ပြီး နောက်ထပ် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ သင့်လျော်သည့် အရေအတွက်ဖြင့် ထပ်မံခွင့်ပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ခွင့်ပြုရာတွင် ယခင်ကဲ့သို့ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများ (Branch)အဖြစ် ခွင့်ပြုခြင်းသာမက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းဆောင်ရွက်သည့် နိုင်ငံခြားဘဏ်၏ လက်အောက်ခံဘဏ်များ (Subsidiary)အဖြစ် ဆောင်ရွက်လိုပါက ခွင့်ပြုသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ နိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Branch)အနေဖြင့်လည်း လက်အောက်ခံဘဏ်များ (Subsidiary)အဖြစ် ပြောင်းလဲဆောင်ရွက်လိုပါက ခွင့်ပြုပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**လက်လီဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိမည်**

လက်အောက်ခံဘဏ်များ (Subsidiary) အဖြစ် ဆောင်ရွက်မည့် နိုင်ငံခြားဘဏ်များသည် လက်လီဘဏ်လုပ်ငန်း (Retail Banking)ကို ဆောင်ရွက်ခွင့်ရရှိကြမည်ဖြစ်၍ ပြည်တွင်းဘဏ်များနည်းတူ လုပ်ငန်းဆောင်ရွက်ခွင့် ရှိကြမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိ ကော်ပိုရိတ်များအနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ချေးငွေရရှိနိုင်မှုအခွင့်အလမ်း တိုးတက်လာစေရန်အတွက် ချေးငွေအချက်အလက်များကို စုစည်း၍ ငွေချေးသည့်ဘဏ်များ သို့မဟုတ် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပံ့ပိုးပေးမည့် ချေးငွေသတင်းအချက်အလက်ဌာနကို တည်ထောင်နိုင်ရန် ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် ခွင့်ပြုချက်ထုတ်ပေးခဲ့ပါကြောင်း၊ ချေးငွေသတင်းအချက်အလက်ဌာနသည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည့် အခြေအနေရှိပါကြောင်း။

ပြည်တွင်းပုဂ္ဂလိကဘဏ်များအား နိုင်ငံခြားဘဏ်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုပြုနိုင်ရန် စုစုပေါင်းမတည်ရင်းနှီးငွေ၏ ၃၅ ရာခိုင်နှုန်းအထိ ပြည်ပရင်းနှီးမြှုပ်နှံမှုကို လက်ခံဆောင်ရွက်ခွင့်ပြုကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင်ခွင့်ပြုခဲ့ပါကြောင်း၊ နိုင်ငံခြားဘဏ်ဘဏ်ခွဲများအနေဖြင့် လိုင်စင်ထုတ်ပေးစဉ်က နိုင်ငံခြားကော်ပိုရိတ်များအတွက်သာ ငွေထုတ်ချေးခွင့်ကို ခွင့်ပြုခဲ့သော်လည်း ပြည်တွင်းကော်ပိုရိတ်များ ဘဏ္ဍာငွေဖြည့်ဆည်းမှု အဆင်ပြေချောမွေ့စေ၍ နိုင်ငံစီးပွားရေးကို အထောက်အကူပြုစေရန် ပြည်တွင်းကော်ပိုရိတ်များသို့ နိုင်ငံခြားငွေနှင့် မြန်မာငွေ နှစ်မျိုးလုံး ထုတ်ချေးခွင့်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

**အသိပညာပေးအစီအစဉ်များ ဆောင်ရွက်**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတင်းပို့အဖွဲ့အစည်းများတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲရသည့် ကြီးကြပ်ရေးအာဏာပိုင် (Supervisory Authority) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခဲ့ပြီး ဘဏ်များ၏ AML/ CFT ဆိုင်ရာ တိုးတက်လိုက်နာရေးကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ၏ AML/CFT ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်မှုအစီရင်ခံစာ (National Risk Assessment Report) ရေးဆွဲခြင်း၊ အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း)ရေးဆွဲခြင်း၊ အာရှနှင့် ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ အကောင်အထည်ဖော်မှုများအပေါ် အကဲဖြတ်ရာတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်းများဖြေကြားခြင်းတို့ကို ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြု**

ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီသည့် ဒေသများမှ ပြည်သူများအတွက် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အများပြည်သူများအတွက် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရရှိစေရန်အတွက် ပုဂ္ဂလိကဘဏ်များအား ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်မှ ဘဏ်ခွဲပေါင်း ၁၉၄၄ ခု ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ချေးငွေလိုအပ်နေသော လုပ်ငန်းရှင်များနှင့် အများပြည်သူသို့ တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများ (Non-Bank Financial Institutions- NBFIs) ကိုလည်း တည်ထောင်ခွင့်ပြုလျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လကုန်တွင် NBFI ၂၅ ခုကို ခွင့်ပြုပြီးဖြစ်ပါကြောင်း။

**မိုဘိုင်းဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြု**

ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသည့် နေရာများရှိ ပြည်သူများအား ဘဏ်လုပ်ငန်း ဝန်ဆောင်မှုရရှိစေရန် ဘဏ်ခွဲ သို့မဟုတ် ဘဏ်၏ Agent မှတစ်ဆင့် Mobile Application ကို အသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန် ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking) ဆောင်ရွက်ခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလကုန်တွင် ပုဂ္ဂလိကဘဏ် (၁၀) ဘဏ်အား မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ခွင့်ပြုပြီး ဖြစ်ပါကြောင်း၊ ဘဏ်များအပြင် မိုဘိုင်းကွန်ရက် အော်ပရေတာများနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကပါ Mobile Application ကို အသုံးပြု၍ ဝန်ဆောင်မှု (Mobile Financial Services- MFS) ပေးနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းကွန်ရက်အော်ပရေတာ သုံးခုနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုတို့အား မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ နောက်ထပ် မိုဘိုင်းကွန်ရက် အော်ပရေတာ တစ်ခုကိုလည်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ယခင်က ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး စသည့်ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ "အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်အောင် စီမံခန့်ခွဲခြင်းဖြင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်"ဟူသော မျှော်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပင်မလုပ်ငန်းတာဝန်များ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပင်မလုပ်ငန်းတာဝန်များမှာ မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်း၊ အခွန်လေးမျိုး ကောက်ခံခြင်းလုပ်ငန်း၊ မြို့နှင့် ကျေးရွာများ စနစ်တကျဖွဲ့စည်းရေးလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အသင်းအဖွဲ့များ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရေးလုပ်ငန်း၊ ဂုဏ်ထူးဆောင်ဘွဲ့ ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းလုပ်ငန်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ငန်း စသည်တို့ ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ကျေးရွာမြေပုံဂရန် ထုတ်ပေးနိုင်မှုအခြေအနေမှာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၅)ခုတွင် မြို့နယ် ၂၇၅ မြို့နယ်နှင့် ကျေးရွာ ၂၇၅ ရွာ စုစုပေါင်း ၅၀၀ ဖြစ်ပါကြောင်း၊ မြေပုံဂရန် ထုတ်ပေးနိုင်မှု အခြေအနေမှာ သာသနာ့ဂရန် ၁၂၇ ခု၊ ဗုဒ္ဓသိမ် ၅၃ ခု၊ စားကျက်မြေ ၄၂ ခု၊ ၅ ဧကအထက် မြေပုံဂရန် ၁၂၃ ခု၊ ၅ ဧကအောက် မြေပုံဂရန် ၁၅၂၉၉ ခု၊ ကျေးရွာမြေပုံဂရန် ၅၀၀ ခုတို့ ဖြစ်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးမူဝါဒမှာ အရက်သောက်စားခြင်း အလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်း မရှိစေရန်၊ အရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင် ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက်များအပေါ်တွင် အခွန်ကြီးမြှင့်နိုင်သမျှ ကြီးမြှင့်ကောက်ခံရန်၊ မူးယစ်စေတတ်သောအရက်ကို ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန်အလို့ငှာသာ မဟုတ်ဘဲ ၎င်းကို သောက်စားသုံးစွဲခြင်း ခေါင်းပါးစေရန် ရည်ရွယ်၍ အရက်ရောင်းချခြင်းကို အခွန်စည်းကြပ်ကောက်ခံသည်ဟု အမြဲနှလုံးသွင်းရန်တို့ ဖြစ်ပါကြောင်း။

**စည်းကမ်းပျက်လိုင်စင်များ အရေးယူ**

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဖမ်းဆီးအရေးယူမှုအနေဖြင့် ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းတွင် လိုင်စင်ချထားရေးနှင့် လိုင်စင်ခွန်ကောက်ခံရေး၊ တားဆီးနှိမ်နင်းရေးဟူ၍ အပိုင်း(၂)ပိုင်းရှိရာ လိုင်စင်ခွင့်ပြုခြင်း၊ စည်းကမ်းပျက်လိုင်စင်များ အရေးယူခြင်း၊ ယစ်မျိုးခွန်ကောက်ခံခြင်းစသည့် ယစ်မျိုးစီမံခန့်ခွဲခြင်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယစ်မျိုးသက်ဝင်ပစ္စည်းများကို လိုင်စင်ခွင့်ပြုချက်မရှိဘဲ ရောင်းဝယ်၊ ဖြန့်ဖြူး၊ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖမ်းဆီး အရေးယူခြင်းစသည့် တားဆီးနှိမ်နင်းခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းကို တရားရုံးအဆင့်ဆင့်က လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယ(၁)နှစ်တာကာလအတွင်း တရားမဝင်ယစ်မျိုးလုပ်ငန်း လုပ်ကိုင်သူ ၅၂၀၂ ဦးကို ဖမ်းဆီး၍ အမှု ၅၁၉၄ မှု၊ ယစ်မျိုးလိုင်စင် စည်းကမ်း ဖောက်ဖျက်သူ ၅၇၅ ဦးအား အမှု ၇၅၄ မှုကို အမှုဖွင့်တရားစွဲဆို အရေးယူနိုင်ခဲ့ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ယစ်မျိုးခွန်၊ မြေခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုခွန် စသည့် အခွန်လေးမျိုးကို ကောက်ခံလျက်ရှိပါကြောင်း၊ ယစ်မျိုးခွန် ကောက်ခံခြင်းကို ယခင်က ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာနှင့် လိုင်စင်နှုန်းထားများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ သတ်မှတ်ကောက်ခံခဲ့သော်လည်း ယခုအခါ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ဒေသနှင့် ကိုက်ညီဆီလျော်သည့် နှုန်းထားများဖြင့် ယစ်မျိုးခွန်ဥပဒေပြဋ္ဌာန်းပြီး ယစ်မျိုးခွန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် အခွန်နှုန်းထားသတ်မှတ်ပြီး ကောက်ခံရရှိသော အခွန်ငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း။

**နှစ်စဉ်မြေခွန်စည်းကြပ်ခြင်း ဆောင်ရွက်**

မြေခွန်နှင့် တာတမံခွန်ကောက်ခံရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အခွန်နှုန်းထားများသတ်မှတ်၍ နှစ်စဉ်မြေခွန်စည်းကြပ်ခြင်းကို ဆောင်ရွက်ပြီး ထွက်ရှိလာသည့်ပြေစာအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အခွန်ကောက်ခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ဓာတ်သတ္တုခွန် ကောက်ခံရာတွင် တွင်းထွက်စက်မှုကုန်ကြမ်းအဆင့်နှင့် အလှဆင်ကျောက်အဆင့်တွင် ပါဝင်ခြင်းမရှိသည့် လမ်းခင်းကျောက်၊ တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်စရစ်၊ သဲကျောက်၊ ထုံးကျောက်၊ သဲနှင့် မြေစေး စသည့် ဓာတ်သတ္တုပစ္စည်းများအပေါ် ကောက်ခံခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီ သတ်မှတ်ကောက်ခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း။

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အရက်၊ ဘီယာ၊ ဝိုင်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ရသင့်ရထိုက်သော ယစ်မျိုးခွန်အပြည့်အဝရရှိစေခြင်း စသည်တို့ကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘဏ္ဍာရေးနှစ်အတွင်း အခွန်လေးမျိုး ကောက်ခံရန် ငွေကျပ် ၁၈၁၀၁ ဒသမ ၆၄၆ သန်း လျာထားခဲ့ရာ ငွေကျပ် ၂၀၃၉၆ ဒသမ ၇၄၁ သန်း ကောက်ခံရရှိခဲ့သဖြင့် အခွန်ကောက်ခံနိုင်မှု ၁၁၂ ဒသမ ၆၈ ရာခိုင်နှုန်းအထိ ကောက်ခံနိုင်ခဲ့ပါကြောင်း။

**ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များသို့ ရန်ပုံငွေကျပ် ၄၈၀ ဒသမ ၀၀ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေကျပ် ၂၄၅ ဒသမ ၀၀ သန်း ခွဲဝေခွင့်ပြုပေးခဲ့ရာ လုပ်ငန်းပေါင်း ၂၅၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တတိယ(၁)နှစ်တာကာလအတွင်း ရန်ပုံငွေကျပ် ၂၈၄ ဒသမ ၅၀ သန်း ခွင့်ပြုပေးခဲ့ရာ လုပ်ငန်းပေါင်း ၉၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

အသင်းအဖွဲ့များ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းအပိုင်းတွင် ယခင်က အသင်းအဖွဲ့များ ဖွဲ့စည်းရာ၌ ဗဟိုအဖွဲ့အစည်း တစ်ခုတည်းမှသာ ဆောင်ရွက်ပေးခဲ့ရာမှ ယခုအခါ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ ၊ နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမှတ်ပုံတင်ရေးအဖွဲ့၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအနေဖြင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပြင်ဆင်သည့် နည်းဥပဒေများနှင့်အညီ အသင်းအဖွဲ့များအား နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာ သက်တမ်းကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့ ၂၁၁ သင်းနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ ၂၈ သင်း စုစုပေါင်း ၂၃၉ သင်းတို့အား မှတ်ပုံတင်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေမှာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် စုစုပေါင်း အရေအတွက် ၁၄၁၁၄၅၆ ကြိမ် ဆောင်ရွက်ပေး နိုင်ခဲ့ပါကြောင်း။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ပြီးနောက် လက်ရှိအချိန်တွင် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမ (၃)လတာကာလကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် "ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က" ဆိုသည်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက် (Vision )၊ ၎င်း Vision သို့ ရောက်ရှိရန် လုပ်ဆောင်နိုင်မည့် နည်းလမ်း၊ အထူးတာဝန်များ (Mission)၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရမည့် အချက်များ၊ အသွင်သဏ္ဌာန်ပြောင်းလဲခြင်း အတွက် လုပ်ဆောင်သင့်သည့် အချက်များ၊ ရပ်/ ကျေးအဆင့်အထိ ပိုမိုထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး ဆောင်ရွက်ရမည့် အချက်များနှင့် ရှေ့လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၁၂ သို့*







# လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သူများ၏ စိတ်နေသဘောထားနှင့် ခံယူချက်များဆိုင်ရာ သုတေသနလုပ်ငန်းအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သူများ၏ စိတ်နေသဘောထားနှင့် ခံယူချက်များဆိုင်ရာ သုတေသနလုပ်ငန်းအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော် Horizon Lake View Hotel ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အကြမ်းဖက်မှုများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အလေးထားဆောင်ရွက်ရန် လိုအပ်သဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစီမံချက်တွင်လည်း ပူးပေါင်းဆောင်ရွက်နေသလို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အရေးယူနိုင်မည့် တရားဥပဒေစိုးမိုးမှု ခိုင်မာစေရန် အမျိုးသမီးအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် Help Line/ Hot Line ဖုန်းနံပါတ်များကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ စတင်တည်ထောင်ထားပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။

အထူးသဖြင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက တိုင်ကြားလာသော လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးမှု၊ မုဒိမ်းမှု၊ လူကုန်ကူးမှု၊ အိမ်တွင်းအကြမ်းဖက်မှုကဲ့သို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအတွက် နားခိုရာနေရာများနှင့် ဝန်ဆောင်မှုများအား ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် One Stop Women Support Center (OSWSC) များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့နှင့် ဘားအံမြို့တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင်လည်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု၊ တရားရေးဆိုင်ရာ ဝန်ဆောင်မှု၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုရရှိရေးနှင့် နောက်ဆက်တွဲ ငွေကြေးထောက်ပံ့မှုများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်မှ ယခုနှစ် ဧပြီလကုန်အထိ Help Line သို့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှတစ်ဆင့် ဆက်သွယ်တိုင်ကြားလာသော အကြမ်းဖက်ခံရသော အမျိုးသမီးနှင့် မိန်းကလေးငယ်ရွယ်များ၏ အမှုပေါင်း ၁၆၃၈ မှုရှိပြီး အဆိုပါအမှုများအနက် အကြမ်းဖက်ခံရသူ ၁၁၀၄ ဦးအတွက် လိုအပ်ချက်ပေါ် မူတည်၍ နိုင်ငံတော်ဘတ်ဂျက်မှ တရားရင်ဆိုင်နိုင်ရေးအတွက် ငွေကျပ် ၄၆ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းမှုအတွက် ငွေကျပ် ၇၅ ဒသမ ၅ သန်း ထောက်ပံ့မှုပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး စီမံချက်များရေးဆွဲရာတွင် အထောက်အထား အခြေပြုစီမံချက်များ ဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့အတွက် သုတသေနလုပ်ငန်းသည် အရေးကြီးပါကြောင်း၊ ဆွေးနွေးပွဲ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် သုတေသနလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျား/ မရေးရာ တန်းတူညီမျှရေးကွန်ရက် ဒါရိုက်တာဒေါ်မေစံပယ်ဖြူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ လိင်အကြမ်းဖက်မှု ကျူးလွန်သူများနှင့် ပတ်သက်၍ ဦးတည်အုပ်စု၊ အကျဉ်းထောင်ရွေးချယ်မှု၊ အကြမ်းဖက်မှု အမျိုးအစား၊ ကျူးလွန်ခံရသူ၏ အသက်အရွယ်၊ ကျူးလွန်ခံရသူနှင့် ကျူးလွန်သူတို့၏ တော်စပ်ပုံ စသည့်အချက်များ၊ လိင်အကြမ်းဖက်မှု ကျူးလွန်သူ အကျဉ်းသားများအား သုတေသနလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာစေရန် လုပ်ဆောင်သင့်သည့်အချက်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ၊ သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၇**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body-BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအချိန်တွင် ပုံနှိပ်ရုပ်မြင်ရေဒီယို စသည့်မီဒီယာလုပ်ငန်းများအားလုံးသည် စီးပွားရေးအရ ရုန်းကန်နေရသည်ကို အသိအမှတ်ပြုပါကြောင်း၊ ဒီမိုကရေစီ ရင့်သန်လာသည်နှင့်အမျှ ပုဂ္ဂလိကပိုင် မီဒီယာများ၏ အခန်းကဏ္ဍ ပိုမိုအရေးပါလာရမည်ဟု ခံယူထားပါကြောင်း၊ အခက်အခဲများကို ညှိနှိုင်းဆွေးနွေး ပူးပေါင်းဖြေရှင်းသွားနိုင်ရန်အတွက် ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရှေ့ဆက်လက်ဆောင်ရွက်မည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်မှုဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနခွဲနှင့် အစည်းအဝေး တက်ရောက်လာကြသည့် FM ပုဂံ၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ရွှေ FM၊ Forever Group Co.,Ltd.၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Mizzima Media Company Limited၊ DVB Multimedia Group Company Limited၊ Fortune Broadcasting Company Limited၊ KMA Tele Media Holdings Company Limited၊ My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် စက်မှုပိုင်းဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၆၈ / ၂၀၁၉ )
၁၃၈၁ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၁၉ ခုနှစ် ၊ မေလ ၁၇ ရက် )

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ သူရိယလမ်းနှင့် မြတ်လေးရုံ လမ်းထောင့်၊ အမှတ်(ဒ/၃၂၂၀၆ ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၄) ဖြစ်ပါသည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၁၁ မှ*

**ရှင်းလင်းပြောကြား**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနှင့် နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ မြို့/ကျေးရွာများ စနစ်တကျ ဖွဲ့စည်းနိုင်ရေး၊ ပြည်သူဗဟိုပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းရေးတို့ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် တိုင်ကြားလာသော တိုင်ကြားစာများအပေါ် ဘက်လိုက်မှုကင်းစွာ၊ အဂတိကင်းစွာ စိစစ်သုံးသပ်တင်ပြနိုင်ရေး ပြည်သူလူထုအား ဝန်ဆောင်မှုပေးရာတွင် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် အချိန်ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးရေးတို့ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**သတင်းမီဒီယာများက မေးမြန်း**

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မီးရှို့ဖျက်ဆီးခံလိုက်ရသည့် ပလက်ဝ တံတားတည်ဆောက်ရေး စီမံကိန်းပစ္စည်းများအား စီမံဆောင်ရွက်သွားမည့် အခြေအနေ၊ ပလက်ဝ-မီဇိုရမ်လမ်း ဖောက်လုပ်နေမှုနှင့် လမ်းဖောက်လုပ်နေသည့် ဝန်ထမ်းများအား ဖမ်းဆီးခေါ်ဆောင်သွားမှု၊ မေယုတောင်ဖြတ်လမ်း ၄ လမ်း ဖောက်လုပ်နေမှု၊ ရခိုင်ပြည်နယ်ရှိ လမ်းတံတားစီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတစ်ဝန်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်မည့်တံတားများ၊ တန်ဖိုးနည်းအိမ်ရာ ဖော်ထုတ်မှုအခြေအနေနှင့် အများပြည်သူနေထိုင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ နေထိုင်ရန်အတွက် အိမ်ရာဖော်ဆောင်မှု၊ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း စတင်ဆောင်ရွက်မည့်ကာလ၊ မြဝတီတံတား တည်ဆောက်ပြီးစီးမှုနှင့် မြန်မာ-ထိုင်းနိုင်ငံ ဆက်သွယ်သွားလာမှုအခြေအနေ၊ Eco Green City အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဆွာချောင်းတံတား ပြင်ဆင်ဆောင်ရွက်နေမှု၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားသွားမည့် အစီအစဉ်တို့ကို မေးမြန်းကြသည်။

**ဌာနအလိုက် ပြန်လည်ရှင်းလင်း**

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ငွေကျပ်တစ်သောင်းတန် ထုတ်လုပ်ရန် ဆောင်ရွက်နေမှု၊ Digital Currency နှင့် ပတ်သက်သည့် မူဝါဒ၊ အသက်အာမခံကုမ္ပဏီများကို ဖြေလျှော့ပေးသွားမည့် အခြေအနေ၊ ဒေါ်လာငွေတန်ဖိုးတည်ငြိမ်ရေး၊ ကုန်သွယ်ရေးလိုငွေပြမှု၊ SME လုပ်ငန်းများ၏ ချေးငွေအတိုးနှုန်း၊ ဗဟိုဘဏ်တွင် နိုင်ငံခြားအရန်ငွေထားရှိမှု၊ မြေယာစီမံခန့်ခွဲရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဝန်ထမ်းများ ခန့်ထားမှုအခြေအနေ၊ မြို့နယ်/ ခရိုင်များတွင် အမျိုးသမီးအုပ်ချုပ်ရေးမှူးများ ခန့်ထားမှု၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးဆောင်ရွက်နေမှု၊ နေပြည်တော်တွင် ဆန္ဒထုတ်ဖော်မှုများနှင့် ပတ်သက်သည့် မူဝါဒ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အခက်အခဲ၊ စိန်ခေါ်မှုများကို မေးမြန်းကြရာ ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**မျိုးထွန်း၊ နန္ဒာဟန်**

# AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသူ ကျေးရွာတာဝန်ခံတစ်ဦးအား တရားဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

တပ်မတော်စစ်ကြောင်းများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ AA အဖွဲ့က ရခိုင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများနှင့် ကျေးရွာများအတွင်း ပုံဖျက်စိမ့်ဝင်လှုပ်ရှားမှုများ မရှိစေရေးအတွက် သတင်းများရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ကျောက်တော်မြို့နယ် ရွှေပြည်ကျေးရွာအတွင်း AA အဖွဲ့ဝင်များ အရပ်သားအသွင်ဖြင့် ပုံဖျက်စိမ့်ဝင်လှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်စစ်ကြောင်းများ လုံခြုံရေးလိုက်ပါလျက် မေ ၁၆ ရက် နံနက်ပိုင်းတွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း။

ထိုသို့စစ်ဆေးစဉ် ကျေးရွာတာဝန်ခံ ဦးသိန်းစိုးအောင်သည် ၎င်း၏နေအိမ်ပေါ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓာတ်ပုံ ရိုက်ယူနေသည်ကိုတွေ့ရှိသဖြင့် ဖုန်းအား စစ်ဆေးခဲ့ရာ ဖုန်းအတွင်းမှ AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသည့် ဓာတ်ပုံ အထောက်အထားအချို့နှင့် နေအိမ်အတွင်းမှ ထုပ်ပိုးထားသော ထမင်းခြောက်အိတ်၊ ခေါက်ဆွဲခြောက်ဖာများ၊ ဓာတ်ဆားထုပ်များနှင့် အခြား စားသောက်ကုန်ပစ္စည်းများအား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသူ ဦးသိန်းစိုးအောင်အား တရားဥပဒေအရ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဇင်းကျိုက်မြို့ရှိ သောက်သုံးရေကန်အတွင်း၌ အမျိုးသားတစ်ဦး သေဆုံးလျက်တွေ့ရှိ

**ဇင်းကျိုက် မေ ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ သောက်သုံးရေကန်တွင် ရေနစ်သေဆုံးနေသော အမျိုးသားတစ်ဦးအား တွေ့ရှိကြောင်း သိရသည်။

မေ ၁၇ ရက် နံနက် ၉ နာရီခွဲက ဇင်းကျိုက်မြို့အမှတ် (၄ )နယ်မြေ သုခချမ်းသာလမ်းဘေးရှိ အလျားပေ ၁၀၀၊ အနံပေ ၇၀ ခန့်၊ ရေအနက် ခုနစ်ပေခန့်ရှိ ရပ်ကွက်သောက်သုံးရေကန်အလယ်တွင် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဇင်းကျိုက်နယ်မြေရဲစခန်းမှ ရဲအုပ်ရဲလင်းနောင်နှင့် ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဇင်းကျိုက်မြို့ အမှတ်(၄) နယ်မြေ သုခချမ်းသာလမ်းနေ ချစ်ထွေး (၂၆ နှစ်) ဖြစ်ကြောင်းသိရှိရကာ အလောင်းအား ပေါင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ပေါင်မြို့မရဲစခန်းတွင် သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**နေခြည် (ဇင်းကျိုက်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၈-၅-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
၇း၄၀ - “ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ လှိုင်ရပ်ကွက်၊ ဇောတိကာရုံ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒောဘာသ ဟောကြားတော်မူအပ်သော ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော် ”
၁၀း၃၅ - လုံမမှတ်စု(၈၇)
၁၂း၃၀ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
၁၂း၃၀ - အရှင်သီရိန္ဒာဘိဝံသ ယောဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာအကျော် ဟောကြားတော်မူအပ်သော “ အပေါင်းတတ်က ငြိမ်းချမ်းရ ဗုဒ္ဓသာသနာတရားတော်”
၁၄း၄၅ - မြန်မာဇာတ်လမ်းတွဲ “ သူ ” (အပိုင်း-၁၂)

**ညပိုင်း**

၁၆း၂၀ - မူးရင်မမောင်းနှင့်
၁၆း၃၅ - သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် (သံဝေဇနိယ လေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)
၁၇း၁၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် “ ပရိယတ်၊ ပဋိပတ် နှံ့စပ်ဘက်စုံသာသနာ့ကုံလုံ ”
၁၇း၃၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀ - “ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ ပါဝင်နွှဲပျော် ညောင်ရေသွန်းပွဲတော် ”
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှု
၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ “ရတနာပုံနန်းမြို့မတည်မီ ကတည်းကတည်ရှိခဲ့သော ဘုရားများ” (အင်းခရုဘုရား)
- “ တစ်ပါးသီလ ”



ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်နေကြစဉ်။

# ရေနံချောင်းမြို့နယ်၌ ရွှေမိတ်သစ် ခရီးသည်ယာဉ်နှစ်စီး တိုက်မိပြီး နှစ်ဦးသေဆုံး

**ရေနံချောင်း မေ ၁၇**

မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်အကြား ဒေါင်းနေချောင်းတံတားအနီး ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က ရွှေမိတ်သစ် ခရီးသည်တင်ယာဉ်နှစ်စီး တိုက်မိကာ နှစ်ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မကွေးမှ ရေနံချောင်းဘက်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော MGY 5D/------ ရွှေမိတ်သစ် ခရီးသည်တင် မှန်လုံယာဉ်နှင့် ရေနံချောင်းမှ မကွေးဘက်သို့ ချောက်မြို့ အေးစေတီရပ်နေသူ ယာဉ်မောင်း ဦးဒီခန့်(၁၉ နှစ်) မောင်းနှင်သော MGY 1C/------- ရွှေမိတ်သစ်ခရီးသည်တင်ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် MGY 5D/------ ယာဉ်ပေါ်မှ ခရီးသည် အမျိုးသား တစ်ဦး(စုံစမ်းဆဲ) နှင့် MGY 1C/------- ယာဉ်ပေါ်မှ အမျိုးသမီးတစ်ဦး(စုံစမ်းဆဲ) တို့ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိသဖြင့် မကွေးမြို့မှ လူနာတင်ယာဉ်သုံးစီး၊ ရေနံချောင်းမြို့မှ လူနာတင်ယာဉ်နှစ်စီးတို့ဖြင့် မကွေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လှနယ်မြေရဲစခန်းမှ ယာဉ်မောင်းနှစ်ဦးကို အမှုဖွင့်ထားကြောင်း သိရသည်။

**စိုးသူအောင်**

# မြိတ်မြို့၌ လူသတ်မှုကျူးလွန်သူသုံးဦးအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**မြိတ် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်နယ်မြေ ရေနံမြေရပ်ကွက် ရေနံမြေတံတားအနီး၌ မေ ၁၇ ရက် နံနက် ၃ နာရီခန့်က စကားများရန်ဖြစ်ရာမှ လူသတ်မှုကျူးလွန်သူ သုံးဦးအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မေ ၁၇ ရက် နံနက် ၃ နာရီခန့်က မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ပါရမီ(၂)ရပ်ကွက် ငုဝါလမ်းနေသူ ဦးတင်မျိုးလွင် (ခ)ဦးမောင်မျိုး(၄၄ နှစ်) နှင့် အမျိုးသားသုံးဦးတို့သည် အကြွေးတောင်းရာမှ စကားများရန်ဖြစ်ကာ ဦးတင်မျိုးလွင် (ခ) ဦးမောင်မျိုးအား ဓားဖြင့်ခုတ်ပြီးနောက် ရေနံမြေတံတားမှ နောက်လယ်ရပ်ကွက် (၆)လမ်းအတွင်းသို့ ထွက်ပြေးသွားကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းတို့ ဦးဆောင်မှုဖြင့် ပူးပေါင်းအဖွဲ့များက စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ လှဝင်းဌေး (ခ) ဆာလိ(၂၅ နှစ်)ဖြစ်ကြောင်း သိရှိရသဖြင့် စုံစမ်းရှာဖွေခဲ့ရာ ၎င်းနေထိုင်သည့် မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ပါရမီ(၂)ရပ်ကွက် သီတာ(၁)လမ်းရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းအားစစ်ဆေးမေးရာ ပြစ်မှုကျူးလွန်ရာတွင် ဇာနည်ထွန်း(ခ)ဘလပ်နှင့် နေဇော်ကိုကို(ခ)မျိုးငယ်(ခ) နူငယ်တို့လည်းပါဝင်ကြောင်း သိရသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မေ ၁၇ ရက် နံနက်ပိုင်းတွင် ဇာနည်ထွန်း(ခ) ဘလပ်အား ၎င်း၏နေအိမ်၌ လည်းကောင်း၊ နေဇော်ကိုကို(ခ)မျိုးငယ်(ခ)နူငယ်အား ၎င်းစီးနင်းသည့် ဆိုင်ကယ်နှင့်အတူ ထွက်ပြေးရန်စီစဉ်နေစဉ် နေအိမ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# အောင်မြေသာစံ၊ ဖယ်ခုံ၊ နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းတည့်က အောင်မြေသာစံမြို့နယ် အမှတ်(၁၂)လမ်း ၇၉ × ၈၀ လမ်းကြားရှိ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လာသည့် ဝေမျိုးအောင် (ခ) ဆံရှည်၊ စိုးစံနှင့် ထွန်းအောင်တို့ သုံးဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၀၊ ဘိန်းဖြူ ၀ ဒသမ ၀၁ ဂရမ်၊ ဆိုင်ကယ်နှစ်စီးနှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် နားဟီးကျေးရွာအုပ်စု ဘန်းခူးကျေးရွာနေ မအေးမွန် (ခ)နန်းမွန်၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း။

ထို့အတူ ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းမပေါ်တွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် လဂမ်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ငွေကျပ် ၂၀၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မေ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ(ရွက်ညိုတောင်)ရဲကင်းစခန်းမှ ရဲမှူး တင်လှိုင် ဦးစီးသည်တပ်ဖွဲ့ဝင်များက မေ ၁၆ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၃)ပါ နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Domdomia BOP ကင်းစခန်းမှ Subedar MD, Najrul Islam ဦးဆောင်သည့် အဖွဲ့က တပ်ရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း မင်္ဂလာကြီးချောင်းဝထိပ် ရေမိုင်အမှတ် (၈)အနီးမှ ဦးရှည်ကျချောင်းဝထိပ် ရေမိုင်အမှတ်(၁၁)အနီးထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၃)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့် အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ငါးဖမ်းစက်လှေပေါ်၌ ရေလုပ်သားသုံးဦးရန်ဖြစ်ကာ ရဲတင်းဖြင့်ခုတ်မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ဟိုင်းကြီးကျွန်း မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့မှ ငါးဖမ်းရန်ထွက်ခွာသွားသည့် ကမ်းဝေငါးဖမ်း ရေယာဉ်တစ်စင်းသည် ဖျာပုံမြို့နယ်အနီး ပင်လယ်ပြင်၌ ကျောက်ချရပ်နားနေစဉ် မေ ၁၆ ရက် နံနက် ၁ နာရီခန့်က ရေလုပ်သားသုံးဦး ရန်ဖြစ်ရာက ရဲတင်းနှင့်ခုတ်၍ တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက်နေသူ ဦးတင်စိုး ပိုင်ဆိုင်သော မိဘမေတ္တာ (၃)အမည်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်ကို လှေဦးစီး ဦးသာဟန် အပါအဝင် ရေလုပ်သား ၂၃ ဦးဖြင့် မေ ၁၅ ရက် ည ၇နာရီခန့်က ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာ ချောင်းအဝတွင် ကျောက်ချရပ်နားခဲ့ကြကြောင်း၊ အဆိုပါလှေပေါ်၌ မေ ၁၆ ရက် နံနက်ပိုင်းက လှေဦးစီးကပေးသည့် ကော်ဖီမစ်ထုပ်များကို ခွဲဝေယူကြစဉ် စကားများရန်ဖြစ်ရာ သာပေါင်းမြို့နယ် ဘုရားကုန်းကျေးရွာနေ ဦးတင်ထွေး (ခ)ကုလားကြီးက ရဲတင်းဖြင့်ခုတ်မှုကြောင့် ဟိုင်းကြီးကျွန်းမြို့ မြို့သစ်ကျေးရွာနေသူများဖြစ်သည့် မောင်ဇော်ဇော်လင်းမှာ သေဆုံးသွားကာ မောင်ကျင်ထွဋ်တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိသွားကြောင်းသိရသဖြင့် ပြစ်မှုကျူးလွန်သူအား ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေကြမ်း ပြုစုရေးအလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၁၇**

အများပြည်သူအကျိုးထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ (မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲကို Grand Amara ဟိုတယ်တွင် ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) ကို အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ သက်ရောက်မှုရှိခဲ့ပါကြောင်း၊ ဤကွန်ဗင်းရှင်း၏အပိုဒ် ၃၃နှင့်အညီ "သတ်မှတ်ထားသောပြစ်မှုများဆိုင်ရာ အကြောင်းခြင်းရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်ထံသို့ လုံလောက်သော အကြောင်းပြချက်များအရ သဘောရိုးဖြင့် သတင်းပေးသူတစ်ဦးဦးအပေါ် မတရားသဖြင့် ပြုမူဆက်ဆံခြင်းမှ အကာအကွယ်ပေးရန် သင့်လျော်သော အရေးယူ ဆောင်ရွက်ချက်များကို ပြည်တွင်း ဥပဒေစနစ်အတွင်း၌ ထည့်သွင်းပြဋ္ဌာန်းရန် အဖွဲ့ဝင်နိုင်ငံတိုင်းသည် စဉ်းစားဆောင်ရွက်ရမည်" ဖြစ်ပါကြောင်း။

**ဥပဒေတစ်ရပ် လိုအပ်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁) လုပ်ငန်းစဉ် ၁/၄ တိုင်ကြားသူနှင့် သတင်းပေးသူအား အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း ခေါင်းစဉ်အောက်ပန်းတိုင် ၁/၄/၁တွင် "ထုတ်ဖော် သတင်းပေးသူများအား အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သော ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရန် အစီအမံများဆောင်ရွက်ခြင်း" ဟု ဖော်ပြထားပြီး ဆောင်ရွက်ပြီးစီးရန် မျှော်မှန်းအချိန်ကာလ ၂၀၁၉၊ ၂၀၂၀ ဟု သတ်မှတ်ထားကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များအပေါ် လေးစားလိုက်နာမှုရှိသည့် အနေနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အောင်မြင်ရေးအတွက် လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးသည့် အနေနှင့်လည်းကောင်း၊ ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေတစ်ရပ်လိုအပ်ကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

**ရဲရဲဝံ့ဝံ့ရှင်းထုတ်ကြရမည်**

ဤဥပဒေသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကိစ္စတစ်ခုတည်းနှင့် ပတ်သက်နေခြင်းမဟုတ်ကြောင်း၊ အစိုးရဌာနများ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ အားလုံးတွင် ထုတ်ဖော်သတင်းပေးသူများသည် ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါး ကုန်သွယ်မှု၊ လူကုန်ကူးမှု၊ အစားအစာနှင့် ဆေးဝါးအတုပြုလုပ်မှု၊ သိပ္ပံနှင့်နည်းပညာ ဆိုင်ရာလိမ်လည်မှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု၊ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးမှု၊ ငွေညှစ်မှု၊ အထက်အောက်အနိုင်ကျင့်မှု၊ ဆရာမွေးတပည့်မွေးမှုစသည့်ကိစ္စများ အပါအဝင် ဖော်ထုတ်တိုက်ဖျက်ရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လာမည် ဖြစ်ကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် အင်စတီကျူးရှင်းများ ဖြောင့်မတ်တည်ကြည်မှုရှိပြီး ညီညွတ်ခိုင်မာစေရန်အတွက် အကျင့်ဖောက်ပြန်မှုများကို ဆက်လက်ထွေးပိုက်မထားတော့ဘဲ၊ ရဲရဲဝံ့ဝံ့ရှင်းထုတ်ကြရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်မှ စလုပ်မှသာ နောင်ဆယ်စုနှစ်တစ်ခုမှာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်လာဖို့အတွက် မျှော်လင့်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များအနေနှင့် ယနေ့ဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံ့ဝန်ထမ်းလောကဂုဏ် သိက္ခာပြန်လည်မြင့်မားလာစေရေးအတွက်၊ နောက်လူတွေအတွက် ဘယ်လိုအုပ်ချုပ်ရေး စနစ်မျိုး၊ ဘယ်လိုလုပ်ငန်းခွင် အခြေအနေ၊ ဘယ်လိုစည်းစနစ် ကျင့်ဝတ်မျိုးတွေနှင့် အမွေပေးထားခဲ့ချင်သလဲ ဆိုသည်ကို သမိုင်းတွင် မှတ်ကျောက်တင်ပြသနိုင်ရန်အတွက်၊ စိတ်ကောင်းစေတနာရှိစွာ၊ အမြော်အမြင်ကြီးမားစွာ၊ ဘက်လိုက်ခြင်းကင်းစွာနှင့် ဖြောင့်မတ်တည်ကြည်စွာ စဉ်းစားဆွေးနွေးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။



အများပြည်သူအကျိုးထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေကြမ်း ပြုစုရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

**အကာအကွယ်ပေးရမှာဖြစ်**

ဆက်လက်၍ UNODC Country Office မှ Ms. Marie Pegie Cauchois က Whistle - blower Protection (WBP) ဆိုသည်မှာ ပထမဦးစွာစုံစမ်းထောက်လှမ်း၍ အရေးယူရာတွင် အထောက်အကူပြုနိုင်ရန်ဖြစ်ကြောင်း၊ ထုတ်ဖော် သတင်းပေးသူအား လက်တုံ့ပြန်ခြင်းမခံရအောင် အကာအကွယ်ပေးရမှာဖြစ်ကြောင်း၊ ဖြောင့်သော သဘောဖြင့် သတင်းပေးသူအား အကာအကွယ် ပေးနိုင်ရေးအတွက် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) အပိုဒ် ၃၃ နှင့်အညီ ဥပဒေရှိသင့်ကြောင်း၊ ဤဥပဒေ ပြဋ္ဌာန်းနိုင်မှသာ ထုတ်ဖော်သတင်းပေးသူများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပထမဆုံးခြေလှမ်း အနေဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်းကို ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဥပဒေ(မူကြမ်း)အား ဆွေးနွေး**

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြင်ပဥပဒေပညာရှင်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP နှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေ (မူကြမ်း) အပေါ် ဆွေးနွေးကြသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြင်ပဥပဒေပညာရှင်၊ UNODC ၊ UNDP မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်း (မြန်မာ) ၏ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ နေပြည်တော်ရုံးခွဲ ဖွင့်လှစ်

**နေပြည်တော် မေ ၁၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်း (မြန်မာ) (China Enterprises Chamber of Commerce in Myanmar - CECCM) ၏ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ နေပြည်တော်ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Aster Villa Office Building ၌ ကျင်းပသည်။

**တက်ရောက်ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ CECCM ဥက္ကဋ္ဌ မစ္စတာ လျိုရင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးတို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။


တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကုန်သည်ကြီးများအသင်း (မြန်မာ) ၏ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ နေပြည်တော်ရုံးခွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

**ကူညီထောက်ပံ့မှုများ ပေးစေလို**

ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံရှိ ၉၉ ရာခိုင်နှုန်းကျော်သော စီးပွားရေးလုပ်ငန်းများသည် MSMEs လုပ်ငန်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ တရုတ်စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ခေတ်မီကုန်ထုတ်လုပ်မှု၊ Green Industry ၊ စက်မှုလယ်ယာ စိုက်ပျိုးရေးနှင့် သက်ဆိုင်သော MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ မြန်မာနိုင်ငံ၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေး၊ နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ အခက်အခဲများ တည်ရှိနေသေးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အလမ်းကောင်းများ ရရှိရေးအတွက် တရုတ်နိုင်ငံဘဏ်များမှလည်း ကူညီထောက်ပံ့မှုများ ပေးစေလိုကြောင်း အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

**များစွာအထောက်အကူပြုနိုင်**

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးမစ္စတာ ဟုန်လျန်က နေပြည်တော်ရုံးခွဲ ဖွင့်လှစ်နိုင်ခြင်းသည် တရုတ်-မြန်မာ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် မြန်မာ-တရုတ် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံအစိုးရ သက်ဆိုင်ရာဌာနများအကြား ဆက်သွယ်ရေး၊ ကူးလူးဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် များစွာ အထောက်အကူ ပြုနိုင်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အတူတကွ တည်ဆောက်မှုမြှင့်တင်ရေးအတွက်လည်းများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ နေပြည်တော်ရုံးခွဲ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံ လုပ်ငန်းရှင်များ စီးပွားရေးလုပ်ကိုင်ရာတွင် ပွင့်လင်းမြင်သာစွာနှင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုး စီးပွားအတွက် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံမှတစ်ဆင့် MSDP ၏ Project Bank နှင့် လျှပ်စစ်မီး လုံလောက်မှုရှိရေး၊ လမ်းတံတားများ အဆင့်မြှင့်တည်ဆောက်ရေး၊ ဆက်သွယ် ရေးကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် နည်းပညာနှင့်သုတေသနဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော မေလ ၁၀ ရက်မှ ၁၆ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | ရာပြည့်အမှတ်တရ စုစည်းသော လက်ရာစုံ | ဒဂုန်တာရာ | စိတ်ကူးချိုချို | ၄၂၀၀ |
| ၂။ | အမှတ်တရစာတမ်း အလွမ်းစာစု | ဒဂုန်တာရာ | စိတ်ကူးချိုချို | ၄၅၀၀ |
| ၃။ | နှင်းဆီရှိုက်သံ | ရှင်ပန်ထွာ | ကိုလတ်စာပေ | ၂၀၀၀ |
| ၄။ | ခြံထဲက အဖြူရောင်နှင်းဆီပွင့်တွေ | စကားဖြူ | ကိုလတ်စာပေ | ၂၀၀၀ |
| ၅။ | မြင့်မားသောစွမ်းဆောင်ရည်ဖြင့် တိုးတက်အောင်မြင်စေခြင်း | အောင်လှိုင်(မြန်မာပြန်) | စိတ်ကူးချိုချို | ၁၈၀၀ |
| ၆။ | ချေဂွေဗားရား မော်တော်ဆိုင်ကယ် ဒိုင်ယာရီ | ခိုင်မြင်သစ်(မြန်မာပြန်) | ယဉ်မျိုး | ၃၀၀၀ |
| ၇။ | ဘူရီရယ် ဟောပေါ့ | လင်းသစ်နီ | ဆိပ်ကမ်းသာ | ၂၀၀၀ |
| ၈။ | ၁၉၅၉ ခုနှစ် တပ်မတော်ဥပဒေနှင့် နည်းဥပဒေများ | | ရွှေတိုင်းယဉ် | ၈၀၀၀ |
| ၉။ | ဖန်တီးလေရာ စာကဗျာများ | ဒဂုန်တာရာ | စိတ်ကူးချိုချို | ၃၀၀၀ |
| ၁၀။ | လီဆူပုံပြင်များ | လူထုဦးလှ | လူထု | ၂၅၀၀ |
| ၁၁။ | ပအိုဝ် ပုံပြင်များ | လူထုဦးလှ | လူထု | ၂၈၀၀ |
| ၁၂။ | ကချင်ပုံပြင်များ | လူထုဦးလှ | လူထု | ၂၈၀၀ |
| ၁၃။ | ယုံကြည်မှုနှင့် အောင်မြင်ခြင်း----ရန်နှံ့သိုက် | ကလောင်စုံ | ကောင်းဆုသာ | ၂၀၀၀ |
| ၁၄။ | အာနိုး(သို့မဟုတ်) ကိုးတောင်ကျား | ထွန်းသစ် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၁၅။ | ဘာကြောင့်ဒဂုန်တာရာလဲ | ကလောင်စုံ | စိတ်ကူးချိုချို | ၁၀၀၀၀ |
| ၁၆။ | ကဗျာပေါင်းချုပ်သစ် | ဒဂုန်တာရာ | The key | ၁၀၀၀၀ |
| ၁၇။ | ဉပေက္ခာတောင်စွယ်ရိုးသို့ ဖြတ်သန်းခြင်း | ကလောင်စုံ | ကောင်းကင်မေ | ၂၅၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ဦးသန့်၏ကြိုးပမ်းမှုအား ပြည်သူများအမှတ်တရဖြစ်စေရန်ရည်ရွယ်၍ ၎င်း၏ရုပ်တုကို ဗုဒ္ဓဖွားမြင်ရာနေရာဖြစ်သည့် လုမ္ဗိနီတွင် ဖွင့်လှစ်

**လုမ္ဗိနီ၊ နီပေါ မေ ၁၇**

နီပေါနိုင်ငံရှိ ဗုဒ္ဓဖွားမြင်ရာနေရာအား တိုးတက်အောင်စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့သည့် တစ်ချိန်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့်၏ ကြိုးပမ်းမှုများကို ပြည်သူများ အမှတ်တရဖြစ်စေရန်ရည်ရွယ်၍ ၎င်း၏ရုပ်တုကို ဂေါတမဗုဒ္ဓဖွားမြင်ရာ နေရာဖြစ်သည့် လုမ္ဗိနီတွင် မေ ၁၇ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် ဦးသန့်ရုပ်တုက လုမ္ဗိနီဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ခဲ့သော ၎င်း၏ မွန်မြတ်သည့် လုပ်ဆောင်မှုများကို နောင်လာနောက်သား မျိုးဆက်သစ်များ အမြဲအမှတ်ရစေအောင် ဆောင်ကြဉ်းပေးလိမ့်မည်ဖြစ်ကြောင်း၊ ပန်းခြံနေရာပြုလုပ်ပြီး ဦးသန့်ရုပ်တု တည်ဆောက်ရန် ရန်ပုံငွေထည့်ဝင်ခဲ့သူ ဗုဒ္ဓဘာသာကို ရိုသေကိုင်းရှိုင်းသော ဂျပန်စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ မစ္စတာ တိုကူရှင်ကာဆိုင်းက မေ ၁၇ ရက်နံနက်ပိုင်းက ပြုလုပ်သော ဦးသန့်ရုပ်တု ဖွင့်ပွဲအခမ်းအနားတွင် ပြောခဲ့သည်။

မြန်မာပြည်သား ဦးသန့်သည် ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်ရာထူးဖြင့် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဥရောပနွယ်ဖွားမဟုတ်သည့် ပထမဆုံး မြန်မာနိုင်ငံသားတစ်ဦးဖြစ်သည်။

ဦးသန့်သည် ဗုဒ္ဓဖွားမြင်ရာနေရာဖြစ်သည့် လုမ္ဗိနီသို့ ၁၉၆၇ ခုနှစ်က သွားရောက်ခဲ့ပြီး ဗုဒ္ဓဘာသာဗဟိုအချက်အချာနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

ယနေ့ဖြစ်ပေါ်လာသော လုမ္ဗိနီသည် ဦးသန့်၏ကြိုးစားမှုသင်္ကေတများပင်ဖြစ်ကြောင်း လုမ္ဗိနီဗုဒ္ဓတက္ကသိုလ် ဒုတိယအဓိပတိ ဟာရီဒါယာရက်တ်နာဘာ့ဂျ်ရာချာယာက ပြောခဲ့သည်။

ဦးသန့်၏မြေးဖြစ်သူ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးသည် အဘိုးဖြစ်သူ ဦးသန့်၏ မွန်မြတ်သည့်လုပ်ဆောင်မှုများအပေါ် ကြွားဝါလိုစိတ်မရှိဘဲ ရိုကျိုးစွာဖြင့် ဂုဏ်ယူလျက်ရှိသည်။ ၎င်းက အလွန်အဖိုးတန်သော မြေမြတ်မဟာဖြစ်သည့် လုမ္ဗိနီသည် တစ်နည်းနည်းဖြင့်တော့ အဖိုးထိုက်ပြီး အသိအမှတ်ပြုဖွယ် ဂုဏ်အင်္ဂါများဖြင့် ထုံမွမ်းလာပြီဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ မိမိအဘိုး၏ မျှော်မှန်းချက်များ အထမြောက် အောင်မြင်လာသည့်အတွက် မိမိအနေဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ထပ်မံပြောကြား လိုက်သည်။

**ကျိုးဒို**




နီပေါနိုင်ငံ လုမ္ဗိနီရှိ ဦးသန့်ရုပ်တုရှေ့တွင် မြေးဖြစ်သူ ဒေါက်တာ သန့်မြင့်ဦး၊ မစ္စတာ တိုကူရှင်ကာဆိုင်းနှင့် ရုပ်တုဖွင့်ပွဲသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

# ပင်လယ်ကွေ့ဒေသတွင် အခြေအနေ တင်းမာနေသောကြောင့် အမေရိကန်နှင့်ဆွေးနွေးရန်မရှိဟု အီရန်ပြော



အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာမက်ဇာအစ်ဖ်။

**တီဟီရန် မေ ၁၇**

ပင်လယ်ကွေ့ဒေသတွင် အီရန်နှင့် အမေရိကန်တို့ တင်းမာမှုများ မြင့်တက်နေချိန် အီရန်နိုင်ငံသည် အမေရိကန်နှင့်ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် ငြင်းဆိုခဲ့သည်။ အမေရိကန်ဘက်မှ အရှေ့အလယ်ပိုင်းဒေသသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ပြီးနောက် အီရန်ဘက်မှ ထိန်းချုပ်နိုင်မှုကို ပြသနိုင်ခဲ့ကြောင်း အီရန်ဘက်မှ ပြောသည်။

အီရန်နိုင်ငံဘက်မှ လှေငယ်တစ်စင်းပေါ်သို့ ဒုံးကျည်များ တင်ဆောင်နေသည့် ဓာတ်ပုံကိုရရှိပြီးနောက် ကမ္ဘာပေါ်တွင် မဟာဗျူဟာအမြောက်ဆုံး ရေလမ်းကြောင်းဖြစ်သည့် ပင်လယ်ကွေ့ဒေသသို့ အမေရိကန်ဘက်မှ B-52 ဗုံးကြဲလေယာဉ်များ တပ်ဖြန့်ချထားရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်အရာရှိများက ပြောသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်ဖ်နှင့် ဂျပန်အာဏာပိုင်တို့ တွေ့ဆုံဆွေးနွေးကြစဉ် အမေရိကန်ဘက်မှ လုပ်ဆောင်မှုများမှာ လက်ခံနိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးညှိနှိုင်းသွားဖွယ်ရာမရှိကြောင်း၊ အမေရိကန်သမ္မတထရမ့်က ဘာကြောင့်ယုံကြည်မှုရှိနေသည်ကိုမှ မသိရကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောခဲ့သည်။

လွန်ခဲ့သောနှစ်က အီရန်နျူကလီးယား သဘောတူစာချုပ်မှ အမေရိကန် တစ်ဖက်သတ် နုတ်ထွက်သွားခဲ့ပြီးနောက် အီရန်နိုင်ငံ၏ သည်းခံမှုစွမ်းအားကို ပြသနိုင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ကလည်း အမေရိကန်သမ္မတ ထရမ့်က အီရန်နိုင်ငံဘက်မှ မကြာမီအချိန်အတွင်း စေ့စပ်ညှိနှိုင်းမှု ပြုလုပ်လိမ့်မည်ဟု ခန့်မှန်းပြောကြားခဲ့သည်။

အီရန်နှင့် အဆက်အသွယ်ရှိသည့် ရှီးယိုက်စစ်သွေးကြွများ၏ အန္တရာယ်ကို စိုးရိမ်ရ၍ အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့မှ အမေရိကန်ဝန်ထမ်းများ ထွက်ခွာသွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားခဲ့သည်။ သမ္မတထရမ့်ကမူ မကြာမီ အီရန်ဘက်မှ ဆွေးနွေးညှိနှိုင်းရန် တောင်းဆိုလာလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လူဝင်မှုကြီးကြပ်ရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို ထုတ်ဖော်ပြောကြား

**ဝါရှင်တန် မေ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကြာသပတေးနေ့က နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအစီအစဉ်တွင် စွမ်းဆောင်ရည်မြင့်မားပြီး လုပ်ငန်းကျွမ်းကျင်သည့် ရွှေ့ပြောင်းလုပ်သားများအတွက် အခွင့်အရေးပေးရန် ရည်ရွယ်ပြီး မိသားစုလိုက် ရွှေ့ပြောင်းနေထိုင်မှုကို ကန့်သတ်သည့် အစီအစဉ်တို့ ပါဝင်သည်။

သမ္မတ ထရမ့်က ၎င်း၏အစီအစဉ်သည် အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းနေထိုင်သူများအတွက် မျှတခေတ်မီပြီး တရားဥပဒေအရ ခွင့်ပြုနိုင်သော အစီအစဉ်ဖြစ်ကြောင်း အိမ်ဖြူတော်၌ ပြောကြားခဲ့သည်။ “ကျွန်တော်တို့လုပ်နိုင်ခဲ့တဲ့ အဓိကပြောင်းလဲမှုတစ်ခုကတော့ ကျွမ်းကျင်ရွှေ့ပြောင်းလုပ်သားအချို့ကို ၁၂ ရာခိုင်နှုန်းကနေ ၅၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာအောင်လုပ်နိုင်ခဲ့တာပါပဲ” ဟု ထရမ့်က ပြောသည်။

ယခုပြောင်းလဲမှု အစီအစဉ်အရ ရွှေ့ပြောင်းလုပ်သားများသည် အင်္ဂလိပ်ဘာသာစကား သင်ကြားတတ်မြောက်ရန် လိုအပ်ပြီး နေထိုင်ခွင့်ရရန် နိုင်ငံသားစာမေးပွဲတွင်လည်း ဖြေဆိုအောင်မြင်ရမည်ဖြစ်သည်။

အိမ်ဖြူတော်၏ ရှင်းလင်းချက်အရ ယခုအစီအစဉ်သည် အထောက်အထားမဲ့မိသားစုများ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်လာခြင်းကို တင်းကျပ်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရမ့်က အမေရိကန်သည် ရွှေ့ပြောင်းလုပ်သားများ၊ ခိုလှုံခွင့်တောင်းခံသူများကြောင့် မနိုင်ဝန်ထမ်းနေရပြီး မက္ကဆီကိုနယ်စပ်တွင် တံတိုင်းကြီးဆောက်လုပ်မည်ဟု အခိုင်အမာပြောဆိုခဲ့သူလည်း ဖြစ်သည်။

**ဆင်ဟွာ**

# ကနေဒါမှ ဖိလစ်ပိုင် သံဝန်ထမ်းများကို ပြန်လည်ခေါ်ယူ

**မနီလာ မေ ၁၇**

အမှိုက်များ စွန့်ပစ်မှုကိစ္စ အငြင်းပွားပြီးနောက် ဖိလစ်ပိုင်အစိုးရသည် ကနေဒါနိုင်ငံမှ သံအမတ်ကြီးနှင့် ကောင်စစ်ဝန်တို့ကို ပြန်လည်ခေါ်ယူခဲ့သည်။ မနီလာပင်လယ်အော်ရှိ ဆိပ်ကမ်းများတွင် နှစ်ပေါင်းများစွာကြာအောင်ရှိနေကြသည့် အမှိုက်များ ထည့်ထားသည့် ကွန်တိန်နာများကို ယခုသီတင်းပတ်အတွင်း ဖယ်ရှားပေးရန် ကနေဒါကို ရက်သတ်မှတ်ပေးခဲ့သော်လည်း နောက်ဆုံးရက် ကျော်လွန်သွားသည့်အတွက် ယခုလိုသံဝန်ထမ်းများ ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကနေဒါမှ ဖိလစ်ပိုင်သို့တင်ပို့ခဲ့သည့် အမှိုက်တန်ချိန် ၂၅၀၀ ရှိကြောင်း သိရသည်။ ယင်းအမှိုက်များမှာ ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်အမှိုက်များဖြစ်သည်ဟု ယူဆရသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံကမူ ယင်းပစ္စည်းများမှာ အမှိုက်များဖြစ်ကြောင်း၊ အသုံးပြုပြီးသား ကလေးသေးခံများလည်း ပါဝင်ကြောင်း ပြောသည်။ သဘာဝပတ်ဝန်းကျင်တက်ကြွလှုပ်ရှားသူများက အဆိုပါ အမှိုက်များကိုဆန့်ကျင်နေသည့်ကြားမှ ထက်ဝက်ခန့်နီးပါး ကျန်ရှိနေဆဲဖြစ်သည်။

ကနေဒါဘက်မှ အမှိုက်များကို ပြန်ယူရန် ဖိလစ်ပိုင်က လိုလားလျက်ရှိကြောင်းကို ပြသသည့်အနေဖြင့် သံဝန်ထမ်းများ ပြန်ခေါ်ခြင်းဖြစ်ကြောင်း၊ ထိုသို့မဟုတ်လျှင် ကနေဒါနှင့် ဖိလစ်ပိုင်ဆက်ဆံရေး ဆိုးရွားသွားလိမ့်မည်ဟု ဖိလစ်ပိုင်သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဆယ်ဗေးဒါးပါနီလိုက ပြောသည်။

ကနေဒါဘက်ကမူ ဖိလစ်ပိုင်ဘက်မှ သံဝန်ထမ်းများပြန်ခေါ်ခြင်းကို စိတ်ပျက်မိကြောင်း ပြောသည်။ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ယခုပြဿနာသည် နှစ်ဖက်အရာရှိများ အနီးကပ်ဆွေးနွေးခဲ့ကြသည့်အရာဖြစ်ကြောင်း၊ လွန်ခဲ့သည့် သီတင်းပတ်များအတွင်း ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း မကြာမီအချိန်အတွင်း အဖြေရှာနိုင်တော့မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားအရေး အတိုက်အခံနှင့် အစိုးရကိုယ်စားလှယ်အဖွဲ့များ နော်ဝေတွင် ဆွေးနွေး

**ကရာကတ် မေ ၁၇**

ဗင်နီဇွဲလားနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခများကို ကြားဝင်ညှိနှိုင်းပေးရန်အတွက် ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ကို နော်ဝေသို့ စေလွှတ်ထားကြောင်း အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက အတည်ပြုပြောကြားသည်။ သို့သော်လည်း လက်ရှိ ဗင်နီဇွဲလား သမ္မတ နီကိုလက်စ်မာဒူရိုအစိုးရနှင့် တိုက်ရိုက်ဆွေးနွေးနေသည်ဆိုသည့် သတင်းကိုမူ ငြင်းဆိုလိုက်သည်။

ယခုလိုညှိနှိုင်းဆွေးနွေးမှုပြုလုပ်နေသည့် အကြောင်းကို လပေါင်းများစွာကြာ ဖြစ်ပွားနေသော ဗင်နီဇွဲလား အာဏာလွန်ဆွဲပွဲအတွင်း ပထမဆုံးအကြိမ်အဖြစ် တရားဝင်ပြောဆိုခြင်း ဖြစ်သည်။

လတ်တလောတွင် ဗင်နီဇွဲလား အစိုးရကိုယ်စားလှယ်များနှင့် အတိုက်အခံကိုယ်စားလှယ်အဖွဲ့များ နော်ဝေတွင် ဗင်နီဇွဲလားနိုင်ငံရေး၊ စီးပွားရေးပြဿနာများကို ဖြေရှင်းရန် ကြိုးစားနေကြောင်း မြို့တော် ကရာကတ်တွင် ပြုလုပ်သည့် လူထုစည်းဝေးပွဲအတွင်း အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ပြောသည်။

သမ္မတ မာဒူရို၏ ကိုယ်စားလှယ်အဖွဲ့ကို ပြန်ကြားရေးဝန်ကြီး ဂျော့ရိုဒရီဂေ့ဇ်က ဦးဆောင်ပြီး အတိုက်အခံကိုယ်စားလှယ်အဖွဲ့ကို ဥပဒေပြုအမတ် စတာလင်ဂွန်ဆလင်ဇ်က ဦးဆောင်ကြောင်း သိရသည်။

မိမိကိုယ်မိမိယာယီသမ္မတအဖြစ် ကြေညာထားသည့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် လွန်ခဲ့သည့် ဧပြီ ၃၀ ရက်က အာဏာသိမ်းရန် ကြိုးစားခဲ့ရာ မအောင်မြင်သဖြင့် ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**





# စတုတ္ထအကြိမ်မြောက် အမျိုးသားအဆင့် လူထုနှင့်ခရီးသွားလုပ်ငန်း ညီလာခံကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် မေ ၁၇**

စတုတ္ထအကြိမ်မြောက် အမျိုးသားအဆင့် လူထုနှင့်ခရီးသွားလုပ်ငန်းညီလာခံ ကျင်းပပြုလုပ်ရန် နှင့်ပတ်သက်၍ ပြင်ဆင်ထားမှုအား တင်ပြသည့်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၊ တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့၊ Hanns Seidel Foundation မှ တာဝန်ရှိသူများက ကယားပြည်နယ်အတွင်း နိုင်ငံတော်အဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၆၊ ၇၊ ၈ ရက်များတွင် Famous Hotel ၊ Gold Hotel ၊ Hotel Loikaw တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲများတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းစီမံကိန်း၊ စွန့်စားခရီးသွားလုပ်ငန်း၊ အမှိုက်စွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အခက်အခဲများရှိပါက တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ဆွေးနွေးပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆွေးနွေးစေလိုကြောင်း၊ ဆန်းသစ်တီထွင်မှုများနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများ ရေရှည်တွင် အမှန်တကယ် အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်ရေးအတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၊ တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ၊ Hanns Seidel Foundation မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လွိုင်ကော်သား**

# မကွေးတိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာဆောင်ရွက်မှုများ သတင်းစာရှင်းလင်း

**မကွေး မေ ၁၇**

မကွေးတိုင်းဒေသကြီးအစိုးရ၏ တတိယတစ်နှစ်တာအတွင်း ပြည်သူ့အတွက် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို မေ ၁၄ ရက်က မကွေးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို က တိုင်းဒေသကြီးအစိုးရအနေဖြင့် တတိယတစ်နှစ်တာ ကာလအတွင်း ပြည်သူများ၏ဘဝ တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများဖြစ်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှ လုပ်ဆောင်နိုင်မှုများ၊ လယ်ယာမြေဖော်ထုတ်ပေးနိုင်မှုများ၊ ကျေးလက်ဆည်၊ ကန်များ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းများ၊ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု၊ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများနှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခဲ့မှုများ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးအရေးယူမှုနှင့် ဖျက်ဆီးနိုင်မှုများ၊ မြေဂရန်ထုတ်ပေးနိုင်မှု အခြေအနေများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှုများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်မှုများ၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်ထားမှုများ၊ သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မီဒီယာများက မကွေးမြို့၌ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက တွေ့ရှိခဲ့သော ကျည်ဆန်များနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ မြို့အဝင် လမ်းဘေးဝဲယာမြေနေရာများ၌ နေအိမ်ဆောက်လုပ်နေမှုများနှင့် အမှိုက်စွန့်ပစ်နေမှုများ၊ လျှပ်စစ်မီး ဖြန့်ဝေနေမှုအခြေအနေများ၊ ရေနံလက်ယက်တွင်းများနှင့် အခွန်ကောက်ခံရရှိသည့် အခြေအနေများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် လူကုန်ကူးမှုအခြေအနေများ၊ မကွေးပြည်သူ့ဆေးရုံ၌ သွေးစစ်ဆေးပေးမှု အခြေအနေများ၊ တရားရုံးများတွင် အမှုစစ်ဆေးသည့် အခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ မေးမြန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဝေယံလင်း (မြန်/ဆက်)**




တစ်နှစ်တာလုပ်ဆောင်ချက်များကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရှင်းလင်းပြောကြားစဉ်။

# ဝက်လက်မြို့နယ်၌ ရေဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း တည်းခိုဆောင်ဖွင့်



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်တာဝန်ရှိသူများ ဝက်လက်မြို့နယ် ရေဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုဆောင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ဝက်လက် မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၁၅ ရက်က ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာ၌ ကျင်းပသည့် ရေဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေ ရပ်ရွာလူထုအခြေပြု သဘာဝအခြေခံ ခရီးသွားလုပ်ငန်း တည်းခိုဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က ရပ်ရွာလူထု ခရီးသွားလုပ်ငန်းဆိုသည်မှာ မိမိဒေသ၌ရှိသည့် ရေမြေတောတောင် သဘာဝအလှများ၊ ပတ်ဝန်းကျင်ဂေဟစနစ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးစံများကို ဖော်ထုတ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် ပရဟိတလုပ်ငန်းအသွင် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှားပါးထင်ရှားလှသည့် ရေဝတီလင်းပိုင်များကို ဒေသခံပြည်သူများက ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များ မပျက်စီးစေဘဲ ဒေသ၏ ဆွဲဆောင်မှုရှိသော ခရီးစဉ်နေရာများကို ဖော်ထုတ်ပြသရင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေရပ်ရွာလူထု အခြေပြု သဘာဝ အခြေခံခရီးသွားလုပ်ငန်း တည်းခိုဆောင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရေဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာအတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ရွာသာကြီး-ဝက်လက်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ၂၀၁၉ ခုနှစ် သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲ ဆုပေးပွဲ ပဲခူးမြို့၌ကျင်းပ

**ပဲခူး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သန္တိသုခဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြုအသင်းကြီးမှ ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် သုတစုံလင်ဉာဏ်ကြီးရှင်ပြိုင်ပွဲကြီး ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပန်းပျိုးလတ်ဆရာတော် အရှင်ပညောဘာသကနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြရာ အသန့်ရှင်းဆုံးဆုရရှိသူ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ဇေယျာထွန်းအား ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေးတို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော အထကရေတာရှည်မှ မမိုးဖြူစင်အောင်ကို သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးတို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသူ မင်းလှမြို့စစ်ကွင်းအထကမှ မကေရီမင်းစိုးအား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ပထမဆု(ဉာဏ်ကြီးရှင်)ဆု ရရှိသူ တောင်ငူမြို့အထက(၄)မှ မသဇင်သက်အား ဝန်ကြီးချုပ်နှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်ကျင်းပခဲ့ပြီး ပြည်မြို့နယ်မှ မဇွန်သက်နိုးက ဉာဏ်ကြီးရှင်ဆု ဆွတ်ခူးရရှိခဲ့သည်။ ယခု ၂၀၁၉ ခုနှစ်တွင်လည်း မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်တို့တွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် ပါဝင်ကာ သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်များ၌ ကျင်းပခဲ့သည်။ တိုင်းဒေသကြီးအဆင့်တွင် ခရိုင်အဆင့်ပြိုင်ပွဲများမှ ရွေးချယ်ခံရသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၅၈ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ထားဝယ်မြို့နယ်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံ

**ထားဝယ် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ ထားဝယ်မြို့နယ်ရှိ ဒေသခံပြည်သူများတွေ့ဆုံပွဲ အခမ်းအနားကို မေ ၁၅ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တာဝန်ယူသည့် ကာလအတွင်း ဆောင်ရွက်ခဲ့သည့်အခြေအနေပေါ်မူတည်၍ ဒေသခံပြည်သူများ၏အကြံပြုချက်များနှင့် သိရှိလိုသည်များကို မေးမြန်းရန် တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ၊ အဓိကစိန်ခေါ်မှုအနေဖြင့် လမ်း၊ လျှပ်စစ်မီး၊ မြေယာကိစ္စများကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြေယာကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်မညီညွတ်သည်များကို ပြန်လည်ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးအတွက် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု အစည်းအဝေးသို့ မတက်ရောက်နိုင်သော ပြည်သူများအနေဖြင့် မိမိတို့၏အခက်အခဲများကို စာဖြင့် တင်ပြနိုင်ကြောင်းနှင့် ထိရောက်စွာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာများသူက ဒေသအတွင်း လိုအပ်ချက်များကို တင်ပြရာ တာဝန်ရှိသူများက တင်ပြလာသော ပြည်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# ဆီဆိုင်မြို့နယ်၌ ရေထိန်းတံခါးနှင့် ဆည်ရေသောက်စနစ်များ တည်ဆောက်လျက်ရှိ

**ဆီဆိုင် မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စုနှင့် တဘက်ကျေးရွာအုပ်စုအတွင်းရှိ နမ့်တဘက်ချောင်းမကြီးကို အခြေခံ၍ မကောက် ရေထိန်းတံခါးနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် နောင်စကာရေလွှဲဆည် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒေသတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်အတူ မေ ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

မကောက်ရေထိန်းတံခါးနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတွင် အောက်ခြေအကျယ် ခြောက်ပေ၊ အမြင့် ငါးပေရှိ တူးမြောင်းအရှည် ပေ ၅၀၀၀ နှင့်အတူ တူးမြောင်းအဆောက်အအုံ ခြောက်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၆၀ ဖြင့် ဆောင်ရွက်ကြောင်း၊ မကောက်အရှေ့ကျေးရွာနှင့် မကောက်အနောက် ကျေးရွာတို့မှ စိုက်ပျိုးမြေဧက ၄၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

နောင်စကာရေလွှဲဆည် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတွင် အရှည် ပေ ၃၀၀၀ ရှိ တူးမြောင်းနှင့်အတူ တူးမြောင်းအဆောက်အအုံ နှစ်ခု ဆောက်လုပ်ရေးလုပ်ငန်းများ ပါဝင်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ကာ ကျေးရွာကိုးရွာမှ စိုက်ပျိုးမြေ ဧက ၁၂၀၀ ကျော်အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

# သဘာဝဓာတ်ငွေ့ အစမ်းတူးဖော်ခြင်းအတွက် လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုဆိုင်ရာများ ဆွေးနွေး

**ငပုတော မေ ၁၇**

ငပုတောမြို့နယ်အတွင်း သဘာဝဓာတ်ငွေ့ အစမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တွေ့ဆုံပြီး အကြံပြုဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဓာတ်ငွေ့တူးဖော်မည့် Total Exploration & Production Myanmar ကုမ္ပဏီမှ တာဝန်ရှိသူ ဦးအောင်ဇော်ဝင်းက ဆွေးနွေးပွဲပြုလုပ်ရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းမှ တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ အစမ်းတူးဖော်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ရေလုပ်သားများက ဓာတ်ငွေ့တူးဖော်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါကုမ္ပဏီက သဘာဝဓာတ်ငွေ့ အစမ်းတူးဖော်မည့်တွင်း၏ တည်နေရာမှာ ပါလီပါလဲ့ကျွန်းမှ ၁၇ ကီလိုမီတာနှင့် အနီးဆုံး ကမ်းရိုးတန်းကုန်းမြေမှ ၁၂၅ ကီလိုမီတာအကွာ ပင်လယ်ရေအနက် ၂၁၅၀ မီတာ၌ တည်ရှိပြီး ၂၀၂၀ ခုနှစ် ပထမ သုံးလပတ်အတွင်း အစမ်းတူးဖော်မှုများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(မြန်/ဆက်)**

# ဖားကန့်မြို့နယ်အတွင်း ကျေးရွာချင်းဆက် ကွန်ကရစ်တံတား ငါးစင်း ဖွင့်လှစ်

**ဖားကန့် မေ ၁၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ကူးသန်းသွားလာရေးအတွက် အဓိက အချက်အချာကျသည့် နေရာများ၌ တံတားအလှူရှင်များ၏ ငွေကျပ်သိန်းပေါင်း ၂၅၀၀ ခန့် အကုန်အကျခံ လှူဒါန်းမှုဖြင့် တည်ဆောက်ထားသည့် ရာသီမရွေး သွားလာနိုင်သော ကျေးရွာချင်းဆက် ကွန်ကရစ်တံတား ငါးစင်းကို မေ ၁၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ခဲ့သော ကွန်ကရစ်တံတားတစ်စင်း။

တံတားငါးစင်းမှာ ဆိပ်မူကျေးရွာအုပ်စုအတွင်း ဆန်းကြွယ်ရွာရှိ တံတားနှစ်စင်း၊ မျောက်ဖြူတံတား၊ စပျစ်ခူးတံတားနှင့် ရှမ်းစု-မက်လင်ချောင်တံတားတို့ ဖြစ်ပြီး တံတားအလှူရှင်များဖြစ်ကြသည့် ရတနာဆင်သီရိ၊ ရတနာရွှေရည်ဝင်းနှင့် မျိုးနွယ်ကျောက်မျက်ကုမ္ပဏီများက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကျေးရွာချင်းဆက်တံတားများသည် အရှည် ပေ ၂၀၊ အကျယ် ပေ ၂၀ ခန့်စီရှိသော ကွန်ကရစ်တံတားများဖြစ်ကြပြီး မိုးရာသီကာလတွင် ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် တံတားအောက်ခြေ တစ်ဖက်တစ်ချက်တွင် ကွန်ကရစ်မြေထိန်းနံရံနှင့် ကျောက်စီမြေထိန်းနံရံများဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

ဆန်းကြွယ်ကျေးရွာမှ တံတားနှစ်စင်းနှင့်ပတ်သက်၍ ရာအိမ်မှူး ဦးမြင့်မောင်က “ဒီလိုတံတားမျိုးကို ကိုယ့်အားကိုယ်ကိုး ဆောက်ဖို့ဆိုရင် မလွယ်ပါဘူး၊ တံတားနှစ်စင်းအတွက် သိန်းတစ်ထောင်ကျော် ကုန်ကျတယ်၊ အခုလို ကုမ္ပဏီတွေက ဆောက်လုပ်လှူဒါန်းတော့ မြန်မြန်လည်းပြီးသလို အဆင်လည်းပြေတာပေါ့၊ ဒီတံတားနှစ်စင်းက ဖားကန့်မြို့ကိုသွားတဲ့လမ်းမှာ ရှိတာပါ၊ တံတားတစ်ဖက်ခြမ်းက ဖားပြင်၊ မမုံ၊ မန နဲ့ ဆွတ်အောင် ရွာတွေအတွက် သွားလာရ လွယ်ကူသွားတယ်၊ အရင်က မိုးတွင်းဆိုရင် ချောင်းထဲကဖြတ်ရလို့ ဆိုင်ကယ်တောင် ရေထဲမျောပါတာမျိုး ဖြစ်ဖူးတယ်”ဟု ပြောပြသည်။

တံတားများကို ဖွင့်လှစ်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းအောင်နှင့် တာဝန်ရှိသူများက တံတားတစ်စင်းချင်း လိုက်လံဖွင့်လှစ်ပေး၍ သက်ဆိုင်ရာကျေးရွာများမှ တာဝန်ရှိသူများထံသို့ တံတားများကို လွှဲပြောင်းပေးခဲ့သည်။

**တာလင်းမောင်(မြန်/ဆက်)**

# ထိုင်းနိုင်ငံမှထုတ်ကုန်ပစ္စည်းများ တိုက်ရိုက်ပြသရောင်းချသည့် အရောင်းပြပွဲကျင်းပ

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ခြင်းနှင့် စီးပွားရေးချိတ်ဆက်တိုးမြှင့်ခြင်း အစီအစဉ်အရ ထိုင်းနိုင်ငံအခြေစိုက် ထုတ်လုပ်သော လူသုံးကုန်ပစ္စည်း အမျိုးအမည် ၁၅၀ ကျော်ကို ဆိုင်ခန်းပေါင်း တစ်ရာကျော်ဖွင့်၍ ပြသရောင်းချသည့် ကုန်ပစ္စည်းအရောင်းပြပွဲကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိပြီး ထိုင်းနိုင်ငံသားများကိုယ်တိုင် လာရောက် ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချနေကြောင်း သိရသည်။

စျေးအရောင်းပြပွဲ တာဝန်ခံဒါရိုက်တာ ဒေါ်ရွှေစင်က “ကျွန်မတို့ ဒီပွဲမျိုးကို ရန်ကုန်မှာ ကျင်းပလာခဲ့တာ ခုဆို ငါးကြိမ်မြောက်ပါ၊ ဒီမှာ ခင်းကျင်းပြသထားတဲ့ ဆိုင်ခန်းအများစုဟာ ထိုင်းကုမ္ပဏီတွေက ထုတ်လုပ်တဲ့ ဓာတုဆေးဝါးမပါတဲ့ စားသောက်ကုန်၊ အလှကုန်နဲ့ ကိုယ်တိုင်ရက်လုပ်တဲ့ ဖက်ရှင်ဒီဇိုင်းဆန်း အဝတ်အထည်တွေ၊ ချည်ထည်၊ ပိုးထည်တွေပါ၊ ထိုင်းနိုင်ငံသားတွေကိုယ်တိုင် ရောင်းချနေတာဖြစ်ပါတယ်၊ အဓိက အချက်ကတော့ ထိုင်းနိုင်ငံက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး နည်းပညာဖလှယ်လို့ရပါတယ်၊ မိမိကြိုက်နှစ်သက်လို့ ကိုယ်စားလှယ်ရယူလိုခဲ့ရင်လည်း လွယ်ကူနိုင်ပါတယ်၊ ဒီအတွက် စီစဉ်ထားတာပါ”ဟု ပြောသည်။

အဆိုပါ ထိုင်းနိုင်ငံ ထုတ်ကုန်ပစ္စည်း အရောင်းပြပွဲကြီးကို မေ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး ထိုင်းနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုဝယ်ယူနိုင်မည့်အပြင် သန့်ရှင်းလတ်ဆတ်သော သစ်သီးဖျော်ရည်များကိုလည်း အခမဲ့ သုံးဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဇွဲပြည့်၊ ကောင်းကောင်း၊ ပူစူး စသည့် အဆိုတော်များနှင့် Models & Dancer ရှိုးများဖြင့် ဖျော်ဖြေမှုများကိုလည်း နေ့စဉ် အခမဲ့ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်း - မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ - မျိုးကြီး**



ထိုင်းနိုင်ငံထုတ်ကုန်များ အရောင်းပြပွဲမှ ဆိုင်ခန်းတစ်ခုနှင့် ကြည့်ရှုဝယ်ယူနေသော ပြည်သူများ။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၉၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၀၀ ကျပ် | ၁၀၁၀/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၆ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၆ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၃ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၂ ・ ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၆ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၄၁၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဖခင်မေတ္တာဖွဲ့ ကျော့မှာဂဠုန် ရင်မှာနဂါး ရုပ်ရှင်ကားသစ် စတင်ပြသ



ကျော့မှာဂဠုန် ရင်မှာနဂါး ရုပ်ရှင်မှ ကျော်သူနှင့် မြင့်မြတ်တို့၏ ဇာတ်ဝင်ခန်းအား တွေ့ရစဉ်။

ဇာတ်လမ်း နေဇာနည်၊ ဇာတ်ညွှန်း နေခြည်အောင်သစ်တို့ ရေးသားကာ ဒါရိုက်တာ နေပိုင်ရိုက်ကူး၍ ဆောင်းညပြာသို ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် 'ကျော့မှာဂဠုန် ရင်မှာနဂါး' ရုပ်ရှင်ဇာတ်ကားကို မေ ၁၆ ရက်မှ စတင်၍ ရုံတင်ပြသနေပြီဖြစ်သည်။ ထိုဇာတ်ကားတွင် အဓိကဇာတ်ဆောင်များအဖြစ် အကယ်ဒမီ ကျော်သူနှင့် အကယ်ဒမီ မြင့်မြတ်တို့ အားပြိုင် သရုပ်ဆောင်ထားပြီး ဖခင်မေတ္တာဖွဲ့ ဇာတ်လမ်းအမျိုးအစားဖြစ်ကြောင်း သိရသည်။ ကျော့မှာဂဠုန် ရင်မှာနဂါး ရုပ်ရှင်နှင့်ပတ်သက်၍ ဒါရိုက်တာ နေပိုင်၊ သရုပ်ဆောင် ကျော်သူနှင့် မြင့်မြတ်တို့၏ အမှတ်တရ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ဒါရိုက်တာနေပိုင်**

ဒီကားလေးရဲ့ ရိုက်ကူးရေးနေရာကို ရွေးချယ်တဲ့အခါ ကျိုက်ထီးရိုးဘုရားအနီးတစ်ဝိုက်ကို ရွေးဖြစ်တယ်၊ ကျွန်တော်က ဇာတ်ကားတွေရိုက်တိုင်း အဲလို တောတောင်တွေနဲ့ စိမ်းလန်းနေတဲ့ နေရာလေးတွေကို ရွေးရိုက်ဖြစ်တာများတယ်၊ အဲဒီနေရာက ကျွန်တော်အကြိုက်တွေ့တဲ့ နေရာလို့ ဆိုလို့ရတယ်၊ နောက်ပြီး ကျွန်တော်အဓိဋ္ဌာန်ထားတာတစ်ခုကြောင့်လည်း ရိုက်ဖြစ်ခဲ့တာပါ၊ ရှုခင်းတွေဆိုတာထက် သုသာန်နေရာကိုလည်း ရှာရတယ်၊ ဇာတ်ကားကလည်း မိဘမေတ္တာဖွဲ့ကားလေးဖြစ်တယ်၊ ပြီးတော့ ဦးမောင်(ကျော်သူ)နဲ့ အရင်တုန်းက ဇာတ်ကားတွေရိုက်ဖူးတာ ရှိတယ်လေ၊ ဒီကားကတော့ ဦးမောင်နဲ့ မြင့်မြတ်တို့ရဲ့အားပြိုင်မှုပေ့ါ၊ ပြီးတော့ သူနဲ့က မရိုက်တာလည်း ကြာပြီဆိုတော့ အသစ်အဆန်းလေးလည်း ဖြစ်မယ်ထင်တာကြောင့် ရိုက်ဖြစ်တာပါ။

**ကျော်သူ**

ကျွန်တော့်ကို ဒါရိုက်တာနေပိုင်က ဖုန်းဆက်တဲ့အချိန်မှာ ကျွန်တော်လည်း အိပ်မက်တစ်ခုမက်ထားတာရှိတယ်၊ တိုက်ဆိုင်တာလားမသိဘူး၊ ကျိုက်ထီးရိုးဘုရားကြီးကို ကျွန်တော်က ခေါင်းပေါ်တင်ထားတယ်လို့ အိပ်မက်မက်တာပေ့ါ၊ အဲဒီအချိန်မှာ ကျော့မှာဂဠုန် ရင်မှာနဂါး အမည်နဲ့ ကျိုက်ထီးရိုးဘုရားကြီး အနီးတစ်ဝိုက်မှာ ရုပ်ရှင်ရိုက်မယ်ဆိုတာ သိလိုက်ရလို့ ကျွန်တော်လည်း မငြင်းဘဲ ရိုက်ဖြစ်တာပါ၊ ဒီကားက ကျွန်တော်နဲ့သားငယ် မြင့်မြတ်တို့ ဆုံတွေ့ကြတဲ့ ကားကြီးတစ်ကားပါ၊ ကျော်သူနဲ့ မြင့်မြတ်တို့ကို သားအဖနှစ်ဦးအနေနဲ့ မတွေ့စဖူး မြင်တွေ့ရမှာဖြစ်ပါတယ်၊ ပရိသတ်ကို အရင်ကတော့ မိခင်မေတ္တာဖွဲ့တွေပဲပြခဲ့တာလေ၊ ဒီကားကတော့ ဖခင်တစ်ယောက်ရဲ့ မေတ္တာဖွဲ့ ကားလေးပါ၊ ဒီကားလေးက ဖခင်တိုင်းကြည့်သင့်တဲ့ ဇာတ်လမ်းလည်း ဖြစ်ပါတယ်။

ဇာတ်ကားရဲ့ရည်ရွယ်ချက်ကတော့ မိဘမေတ္တာနဲ့အတူ မကောင်းတာလုပ်ရင် မကောင်းမှုကို ပြန်ခံကြရမယ်ဆိုတာကို သင်ခန်းစာပေးတာပါ၊ ကျွန်တော်နဲ့ မြင့်မြတ်က သားအဖ၊ အဲဒီ သားအဖနှစ်ယောက်ရဲ့ သံယောဇဉ်ကို ခြယ်မှုန်းထားတာ၊ ကျွန်တော်က ရွာမှာ လူဆိုးလူမိုက်ပေ့ါ၊ မိန်းမကိုယ်ဝန်အရင့်အမာနဲ့ ကလေးမီးဖွားခါနီးမှာ လူသတ်မှုဖြစ်တယ်၊ ထောင်ကျသွားတော့ ကလေးကို မမြင်ဖူးဘူး၊ ကလေးအမေက မွေးမွေးချင်း သေသွားတော့ မိန်းမကြီးတစ်ယောက်က ကလေးကို သင်္ချိုင်းကုန်းမှာ သွားထားတာ၊ ကလေးက သင်္ချိုင်းမှာပဲ ကြီးလာပြီးတော့ အဖေကို မုန်းနေတာ၊ အဖေ့ကြောင့် ဒီလိုဖြစ်လာတာဆိုပြီးတော့ အဖေကို လုံးဝလက်မခံဘူးပေ့ါ၊ အဖေက ထောင်က လွတ်လာပြီး ရွာကိုပြန်ရောက်တော့ သူ့သားကို ရှာတယ်၊ သူ့သားကလည်း ဆိုးပေနေတဲ့ကောင်ဖြစ်နေပြီ၊ အဲဒီမှာ သားရဲ့မေတ္တာကို ပြန်ရအောင် ကြိုးစားတာပေ့ါ၊ ဇာတ်သိမ်းမှာတော့ ဆိုးခဲ့မိုက်ခဲ့တာတွေကိုလည်း ဝဋ်ပြန်ခံရတာပေ့ါ။

**မြင့်မြတ်**

ဒီကားလေးက မိဘမေတ္တာဖွဲ့ ကားလေးပါ၊ အထူးသဖြင့် လူငယ်တွေအတွက် အဓိကထားပြီး ရိုက်ထားတာပေ့ါ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က ရိုက်ခဲ့တဲ့ ကားလေးတစ်ကားပါ၊ ဖခင်တစ်ယောက်ရဲ့ သားသမီးအပေါ်ထားတဲ့စိတ်ကို ဖော်ညွှန်းထားတာပါ၊ ဒီကားလေးရိုက်ခဲ့တုန်းက အားလုံးက ဒီကားထဲမှာပဲ စိတ်နှစ်ပြီး ဖန်တီးခဲ့ကြတာပါ၊ အဲဒီလို ကြိုးစားခဲ့ကြလို့လည်း အခု အောင်မြင်စွာနဲ့ ရုံတင်ပြသနိုင်ခဲ့တာပါ။

**ကိုလင်း**

---

## XBox ၏ X-Boxin House Party
## တစ်ကိုယ်တော်ဖျော်ဖြေပွဲ မေ ၁၉ တွင် ကျင်းပမည်

မေ ၁၉ ရက်တွင် ကျရောက်မည့် အဆိုတော် X Box ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် X Boxin House Party တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ရန်ကုန်မြို့ The Maze Club ၌ မေ ၁၉ ရက်တွင် ကျင်းပမည်ဟု သိရသည်။

အဆိုပါ House Party ၏ ထူးခြားချက်များနှင့်ပတ်သက်၍ အဆိုတော် X Box က "X Box ရဲ့ ဒုတိယအကြိမ် X Boxing House Party ပွဲကို မေ ၁၉ ရက် ညနေ ၄ နာရီကနေ ၉ နာရီခွဲအထိ ပြုလုပ်သွားမှာဖြစ်ပါတယ်၊ GA ဆိုရင် ကျပ်တစ်သောင်း သတ်မှတ်ထားပါတယ်၊ Vip ဆိုရင် လူခြောက်ယောက်ကို ကျပ်တစ်သိန်းခွဲ သတ်မှတ်ထားပါတယ်၊ ဒီနှစ် House Party ရဲ့ ထူးခြားချက်က Club ထဲမှာ ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖျော်ဖြေမှာပါ၊ ကျွန်တော့်ပရိသတ်တွေအားလုံး ပျော်ရွှင်ရမယ့် ပွဲတစ်ပွဲလို့လည်း ကျွန်တော် မြင်ပါတယ်၊ ဒီနှစ်မှာလည်း ခြေကုန်လက်ပန်းကျတဲ့အထိကို ဖျော်ဖြေမှာပါ"ဟု ပြောကြားသည်။

**ကိုလင်း**




---

## ဆုပန်ထွာ၏ သေလောက်အောင်ချစ်တယ် တေးစီးရီးသစ် စတင်ဖြန့်ချိ



သရုပ်ဆောင်တစ်ဦးအဖြစ်မှ အဆိုတော်အဖြစ် ပြောင်းလဲလာသည့် ဆုပန်ထွာက 'သေလောက်အောင်ချစ်တယ်'ဟု အမည်ပေးထားသော ဒုတိယမြောက် တစ်ကိုယ်တော် စီးရီးသစ်ကို မေ ၁၅ ရက်က စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

ဒုတိယမြောက် တစ်ကိုယ်တော်စီးရီးသစ် ဖန်တီးဖြစ်ခဲ့ပုံနှင့်ပတ်သက်၍ ဆုပန်ထွာက "ဒီအခွေလေးထွက်ဖို့အတွက် အချိန်တွေအများကြီးပေးခဲ့ပြီး ဖန်တီးခဲ့ပါတယ်၊ ဒီအခွေထဲက သီချင်းတွေကို တေးရေးတွေနဲ့ သေချာစိတ်ကြိုက် ရွေးချယ်ဖန်တီးထားတာပါ၊ တေးရေးဆရာ အေးဘကျော် ရေးပေးတဲ့ သီချင်းလေးကို မတင်ဇာမော်နဲ့ အတူဆိုထားတာမျိုးလေးတွေ ပါပါတယ်၊ သူကလည်း မပန်ကို သေချာသင်ပေးပါတယ်၊ ဘယ်လိုဆိုရတယ်၊ သီချင်းပုံစံလေးကအစ သူငယ်ချင်းနှစ်ယောက် ပေ့ါပေ့ါပါးပါးလေး အတူတူ သရုပ်ဆောင် သီဆိုထားကြပါတယ်၊ ကိုယ်က သရုပ်ဆောင်တစ်ယောက်ဖြစ်တာမို့ အဆိုပိုင်းမှာ အားနည်းချက်တွေ အများကြီးရှိပါတယ်၊ မပန်ရဲ့ အသံကို မထရေစီက သင်ပေးပါတယ်"ဟု ပြောသည်။

အဆိုပါ တေးစီးရီးတွင် ရွှေဂျော်ဂျော်၊ သုခမိန်လှိုင်၊ ဇဝါ၊ အေးဘကျော်၊ Rခိုင်၊ ညီမင်းခိုင်နှင့် အလင်းသစ်တို့က သီချင်းများကို ရေးသားပေးပြီး လေးဇီးကလပ်နှင့် တီးခတ်ထားကြောင်း၊ အတွဲ အဆိုရှင်များအဖြစ် ဖိုးကာ၊ ဆိုတေး၊ ညီမင်းခိုင်နှင့် တင်ဇာမော်တို့ ပါဝင်ကြောင်း သိရသည်။

သရုပ်ဆောင်အဖြစ်မှ အဆိုတော်အဖြစ် ပြောင်းလဲရပ်တည်ခဲ့ခြင်းနှင့်ပတ်သက်၍လည်း ဆုပန်ထွာက "မင်းသမီးတစ်ယောက် မဖြစ်ခင်ကတည်းက မပန်က Sony သီချင်းဆိုပြိုင်ပွဲမှာ ဝင်ပြိုင်ခဲ့ဖူးပါတယ်၊ အဲဒီမှာ ဆုတွေလည်း ရဖူးပါတယ်၊ အဲဒီကနေ ဓာတ်ပုံ ကိုမိုးကိုဦးက မင်းသမီးလုပ်ပါလားဆိုပြီး စလုပ်ခဲ့တာပါ၊ နောက်ပိုင်းပွဲတွေမှာ အပျော်သဘော သီချင်းလေးတွေဆိုရင်းနဲ့ သူငယ်ချင်းတွေက တစ်ကိုယ်တော်အခွေလေးလုပ်ဖို့ တောင်းဆိုတာနဲ့ ပထမဆုံးအခွေအဖြစ် မတည့်အတူနေ အခွေလေးကို လုပ်ဖြစ်ခဲ့ပါတယ်၊ မပန်ကို ဝေဖန် အကြံပေးကြတာလေးတွေ ရှိတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ဆုပန်ထွာက ပြောသည်။

သေလောက်အောင်ချစ်တယ် စီးရီး စတင်ထွက်ရှိသည့် မေ ၁၅ ရက်က HappyWorld Amusement zone ၌ အဆိုတော် ဆုပန်ထွာနှင့်အတူ အနုပညာရှင်များက အမှတ်တရ လက်မှတ်ရေးထိုးပေးပြီး တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကာ အဆိုပါတေးစီးရီး၏ DVD ကိုမူ Bo Bo Music Entertainment မှ မေ ၁၈ ရက်တွင် ဆက်လက်ဖြန့်ချိမည်ဟု သိရသည်။

**ကိုလင်း**

---

## ဖြစ်ရပ်မှန်ကိုရိုက်ကူးမည့် ဇာတ်လိုက် ရုပ်ရှင်ဇာတ်ကားကြီးတွင်
## အောင်ရေချမ်းကို ကျောင်းဆရာတစ်ဦးအဖြစ် မြင်တွေ့ရမည်

MRTV-4 မင်းသားဟုပင် ခေါ်ရလောက်ပြီး လတ်တလောတွင်လည်း ပျားရည်အိုင် ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားသည့် သရုပ်ဆောင် အောင်ရေချမ်းအနေဖြင့် Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်မည့် ဇာတ်လိုက် ရုပ်ရှင်ဇာတ်ကားတွင် ကျောင်းဆရာတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်လိုက် ရုပ်ရှင်မှာ စာရေးဆရာကြီး တင်ညွန့် ရေးသားထားသော အမျိုးသားစာပေဆုရ စာအုပ်တစ်အုပ်ဖြစ်သည့် ရိုးမပေါ်ကျတဲ့မျက်ရည် စာအုပ်ကို ရုပ်ရှင်အဖြစ် ဒါရိုက်တာ ကိုပေါက်က ဖန်တီးရိုက်ကူးသွားမည့် ဇာတ်လမ်းဖြစ်သည်။

သရုပ်ဆောင် အောင်ရေချမ်းက "ကျွန်တော့်ကို ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးက ရုပ်ရှင်ကားကြီး ငါးကား ရိုက်ကူးဖို့အတွက် စာချုပ်ချုပ်ထားပါတယ်၊ အခု မေလကစပြီး ဇာတ်လိုက်ဆိုတဲ့ ရုပ်ရှင်ကားကြီးကို ရိုက်ကူးမှာပါ၊ ဒီရုပ်ရှင်ကားကြီးက ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံပြီး ရေးထားတဲ့ တကယ့်ဖြစ်ရပ်မှန်ဝတ္ထုပါ၊ ဒီလိုဝတ္ထုကို ရိုက်ရမယ်ဆိုတော့ ကျွန်တော့်အတွက် အင်မတန် တာဝန်ကြီးသွားပါတယ်"ဟု ပြောသည်။

ဇာတ်လမ်းအတွက် ကြိုတင်ပြင်ဆင်မှုနှင့်ပတ်သက်၍လည်း အောင်ရေချမ်းက "ကျွန်တော့်အနေနဲ့ ဖြစ်ရပ်မှန်တွေ၊ နာမည်ကြီးဝတ္ထုတွေကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးတဲ့အခါ ကိုယ့်ဘက်က သေချာလေ့လာပြီး ကိုယ်ရထားတဲ့ ကာရိုက်တာပိုင်းကို အကောင်းဆုံး ကြိုးစားပြီး လုပ်ပါတယ်၊ ဒီဝတ္ထုမှာ ဝတ္ထုထဲက လူတွေက အခုအချိန်အထိ ရှိသေးတယ်လို့လည်း ကျွန်တော် သိရတယ်၊ ရိုက်တဲ့နေရာတွေကလည်း တကယ်ဖြစ်ခဲ့တဲ့ နေရာတွေမှာ သွားရိုက်မှာဆိုတော့ သေချာ ဂရုစိုက်ရမှာပေ့ါနော်၊ ဒီဇာတ်ကောင်အတွက် ကျွန်တော့်ကို နေရာပေးတဲ့ ကိုဘိုစမ်းကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်သလို ပရိသတ်အတွက်လည်း ဇာတ်လိုက် ရုပ်ရှင်ကားကြီးက ကြည့်ရကျိုးနပ်မယ့် ဇာတ်ကားကောင်းတစ်ကားလို့ မြင်ပါတယ်"ဟု ပြောသည်။

ဇာတ်လိုက် ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ ထူးအောင်၊ အောင်ရေချမ်း၊ လင်းအောင်ခေတ်၊ ကောင်းမြတ်စံ၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ မေမြင့်မိုရ်၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်၊ ညောင်ညောင်၊ ဆင်မ၊ အောင်ပိုင်၊ မင်းသူ၊ ချောကလျာ၊ သဲနန္ဒာစိုး၊ ဆုလတ်ရတနာနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ထုတ်လုပ်ရိုက်ကူးမည့် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ဇာတ်ကားကို ဝတ္ထုဇာတ်လမ်းအတိုင်း ဖြစ်ရပ်မှန်ကိုအခြေခံ၍ ရိုက်ကူးမည်ဖြစ်သောကြောင့် အမှားအယွင်းမဖြစ်စေရန် သတိထားပြီး ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ ဇာတ်လမ်းနောက်ခံခေတ်မှာ မဆလခေတ် ဖြစ်သောကြောင့် ဇာတ်ကားအတွက် ပြင်ဆင်မှုအပိုင်းကိုလည်း အထူးသတိထား၍ ပြုလုပ်ထားကြောင်း၊ ဇာတ်ကားရိုက်ကူးရန်အတွက် ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမအတွင်းရှိ ရှိန်းခါးရွာကို ရွေးချယ်ထားကာ မေ ၁၅ ရက်မှစ၍ ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Game of Thrones အတွဲ ၈ ကို ပြန်ရိုက်ဖို့ တောင်းဆိုသူ သုံးသိန်းကျော်ရှိ

လူကြိုက်များလှတဲ့ ဇာတ်လမ်းတွဲဖြစ်တဲ့ Game of Thrones အတွဲ ၈ ကို ပြသနေပြီဖြစ်ပေမယ့် တချို့သောပရိသတ်တွေကတော့ အပိုင်း ၈ ရဲ့တင်ဆက်ပုံကို မကြိုက်ကြပါဘူး။

မေ ၁၆ ရက်မှာတော့ Game of Thrones အတွဲ ၈ ကို အရည်အချင်းပြည့်ဝတဲ့ စာရေးဆရာတွေနဲ့ ပြန်လည်ရေးသားပြီး ဇာတ်လမ်းတွဲကို ပြန်လည်ရိုက်ကူးဖို့ လက်မှတ်ထိုးတောင်းဆိုသူ ၃၅၀၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ သူတို့ရဲ့ရည်ရွယ်ချက်ကတော့ လက်ရှိပြသနေတဲ့ အတွဲ ၈ ကို စိတ်ကျေနပ်မှုမရှိတဲ့ ပရိသတ်တွေ စုစည်းပြီး ဇာတ်လမ်းတွဲပြန်ရေးဖို့ တောင်းဆိုဖို့ပါပဲ။ လက်မှတ်ပေါင်း ၅၀၀၀၀၀ ခန့်အထိရရှိဖို့ ရည်ရွယ်ထားကြပါတယ်။ ဒါပေမယ့် တချို့သောပရိသတ်တွေကလည်း ဒီလှုပ်ရှားမှုမှာ မပါဝင်ကြပါဘူး။

Game of Thrones အတွဲ ၈ ကို ပျမ်းမျှအားဖြင့် ကြည့်ရှုသူ ၄၃ သန်းရှိပြီး အတွဲ ၇ ပြီးကတည်းက ကြည့်ရှုတဲ့အရေအတွက်ဟာ ၁၀ သန်းခန့် တက်လာခဲ့တယ်လို့ HBO ကုမ္ပဏီက ပြောပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြသခဲ့တဲ့အပိုင်းမှာတော့ ကြည့်ရှုသူ ၁၈ ဒသမ ၄ သန်းခန့်ရှိပြီး ဒါဟာ အရင်ပြသခဲ့တဲ့အပိုင်းတွေထက် ကြည့်ရှုနှုန်းပိုမြင့်တယ်လို့လည်း သိရပါတယ်။ အားလုံးမျှော်လင့်နေတဲ့ နောက်ဆုံးအပိုင်းကတော့ လာမယ့်တနင်္ဂနွေနေ့မှာ ပြသတော့မှာဖြစ်ပြီး ပရိသတ်တွေကတော့ ဇာတ်သိမ်းပိုင်းကို စိတ်ပူနေကြပါတယ်။

**စီအင်န်အင်န်**



Game of Thrones ဇာတ်လမ်းတွဲပိုစတာ။

# လူမှုကွန်ရက်မီဒီယာဟာ လူငယ်များအတွက် ကြောက်စရာကောင်းဟု ဆယ်လီနာဂိုမက် ပြော

အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင် ဆယ်လီနာဂိုမက်ဟာ အင်စတာဂရမ်မှာ တတိယမြောက် ပရိသတ်အများဆုံးဖြစ်ပြီး ခရစ္စတီယာနိုရော်နယ်ဒိုနဲ့ ပေါ့ပ်အဆိုတော် အာရီယာနာ ဂရန်ဒီတို့ပြီးရင် ဆယ်လီနာဟာ အင်စတာဂရမ်မှာ ပရိသတ်အများဆုံးပါပဲ။

ဆယ်လီနာက ကန်းရုပ်ရှင်ပွဲတော်ကို တက်ရောက်စဉ်မှာ လူငယ်တွေအပေါ် လူမှုကွန်ရက်မီဒီယာတွေရဲ့ လွှမ်းမိုးမှုမြင်နေရတာကို စိုးရိမ်မိတယ်လို့ ပြောပါတယ်။ လူမှုကွန်ရက်မီဒီယာဟာ လူငယ်တွေဆီ ဆိုးကျိုးတွေ ယူဆောင်လာလိမ့်မယ်။ ဒါကြောင့်မို့ လူမှုကွန်ရက်မီဒီယာကိုမသုံးဘဲ ရပ်ထားသင့်တယ်လို့ ပြောခဲ့ပါတယ်။ ဆယ်လီနာဟာ သူပါဝင်ထားတဲ့ ဇွန်ဘီရုပ်ရှင်ဖြစ်တဲ့ The Dead Don't Die ဆိုတဲ့ရုပ်ရှင်အတွက် ကန်းရုပ်ရှင်ပွဲတော်ကို တက်ရောက်ခဲ့တာပဲ ဖြစ်ပါတယ်။

ဆယ်လီနာက သူ့အင်စတာဂရမ်မှာ ပုံတင်တိုင်းလည်း ပရိသတ်တွေ အဆင်ပြေပါ့မလားလို့ အမြဲတွေးတယ်လို့ ပြောပါတယ်။ လူမှုကွန်ရက်မီဒီယာကို အသုံးမပြုဘဲ ရပ်တန့်လိုက်ရင် ကောင်းမွန်တဲ့အချိန်တွေ ရလာမယ်။ ဒါပေမယ့် ဘယ်အချိန်မှာ လူမှုကွန်ရက်မီဒီယာကို အသုံးပြုသင့်တယ်။ ဘယ်အချိန်မှာတော့ ရပ်ထားသင့်တယ်ဆိုတာတွေကိုတော့ ကိုယ့်ဘာသာပဲ ကန့်သတ်ရမယ်လို့ ဆယ်လီနာက ပြောပါတယ်။ လွန်ခဲ့တဲ့နှစ်ကလည်း အင်စတာဂရမ်မှာ ဆယ်လီနာရဲ့ခန္ဓာကိုယ်ကို လှောင်ပြောင်သရော်တာတွေ ရှိခဲ့ပါတယ်။

**စီအင်န်အင်န်**



အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ဆယ်လီနာဂိုမက်။





# 'အရမ်း' ဂယက်

**မောင်ခင်မင် (ဓနုဖြူ)**

"ဟဲလို"

"မောင်ခင်မင်လား။ ကျွန်တော် ဦးမောင်ကလေးပါ"

"ဟာ... ဆရာကြီး အမိန့်ရှိပါခင်ဗျာ။ ဘာအကြောင်းများ ရှိလို့ပါလဲခင်ဗျာ"

"ဒီလိုပါ၊ မြန်မာစာအရေးအသားနဲ့ ပတ်သက်ပြီး ခင်ဗျားရေးနေတာတွေ ကျွန်တော်အမြဲစောင့်ဖတ်ပါတယ်။ ဒီလို ဂရုတစိုက်ရေးနေတာ ဝမ်းလည်းသာပါတယ်။ အခု ခင်ဗျားဆီဆက်တာက ပြောစရာကလေး တစ်ခု ရှိလို့ပါ"

"အမိန့်ရှိပါခင်ဗျာ"

"ကျွန်တော်ပြောချင်တာကို အချုပ်ပြောရရင် 'အရမ်း' ဆိုတဲ့ အသုံးအနှုန်းဟာ အခုဆိုရင် လူအများစုရဲ့ ပါးစပ်မှာ ရောက်နေပြီဗျာ"

"ခင်ဗျာ"

"အစည်းအဝေးတွေမှာ ကိုယ်စားလှယ်တွေ ဆွေးနွေးတဲ့ စကားတွေထဲမှာ 'အရမ်းကောင်းပါတယ်၊ အရမ်းမှန်ပါတယ်' ဆိုတာမျိုးတွေ ပါနေပြီ"

"ဆရာကြီးက မြန်မာစာပေကို အထူးဂရုစိုက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ခုလို 'အရမ်း' အသုံးတွေအတွက် စိတ်အနှောင့်အယှက် ဘယ်လောက်ဖြစ်သွားမလဲဆိုတာ ကျွန်တော်သဘောပေါက်ပါတယ် ဆရာကြီး။ စိတ်လည်း မကောင်းပါဘူး"

"ခင်ဗျားလည်း သိပါတယ်။ အဲဒီ 'အရမ်း' ဆိုတဲ့ အသုံးဟာ ကျွန်တော်မှတ်မိသလောက် ၁၉၉၀ မတိုင်ခင်လောက်က ဒီလောက် အသုံးမတွင်ကျယ်သေးဘူးဗျ။ သုံးရင်လည်း 'အရမ်းဆိုးတယ်'၊ 'အရမ်းပူတယ်'၊ 'အရမ်းလုပ်တာပဲ' ဆိုတာမျိုး မကောင်းတဲ့အဓိပ္ပာယ်နဲ့ သုံးကြတာပါဗျာ။ နောက်ပိုင်းကျတော့ 'အရမ်းကောင်းတာပဲတို့၊ အရမ်းကျေးဇူးတင်တယ်တို့' ဆိုတာမျိုး၊ ကောင်းတာတွေနဲ့ တွဲသုံးတာ တော်တော်တွင်ကျယ်လာတာလေ"

"ဟုတ်ကဲ့၊ ကျွန်တော်မှတ်မိသလောက် တီဗွီကြော်ငြာတစ်ခုမှာ 'အရမ်းအရမ်းကို ကောင်းတာပါပဲရှင်' လို့ ရုပ်ရှင်မင်းသမီးတစ်ယောက် ကြော်ငြာလိုက်တာကစပြီး အသုံးတွင်လာတာပါ ဆရာကြီး"

"ဟုတ်မှာပေါ့ဗျာ။ ခင်ဗျားသိတဲ့အတိုင်း 'အရမ်း' ဆိုတဲ့စကားက မဆင်မခြင် အလွန်အကျွံ ရမ်းရမ်းကားကားဆိုတဲ့ အဓိပ္ပာယ်ရှိတယ်လေ။ 'အရမ်းကာရော' တို့၊ 'အရမ်းပဲ' တို့လည်း ရှိတာပဲ"

"ဟုတ်ပါတယ်။ ဒီစကားလုံးရဲ့ နောက်ကွယ်မှာ ကပ်ပါနေတဲ့အငွေ့အသက်က မကောင်းတဲ့ သဘောပါတဲ့ အငွေ့အသက်ပါ။ စာပေဝေါဟာရအနေနဲ့ ဂယက်အနက်ပေါ့နော် ဆရာကြီး"

"ဟုတ်ပါတယ်ဗျာ။ အင်္ဂလိပ်လို သုံးရင်တော့ connotation ပေါ့။ စကားတစ်လုံးရဲ့ ရိုးရိုးအနက်နောက်မှာ ဂယက်ရိုက်သလို ရိုက်ခတ်လာတဲ့အနက်မို့ 'ဂယက်အနက်' လို့ ဆရာဇော်ဂျီစသုံးခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး။ 'အရမ်း' ဆိုတဲ့ စကားလုံးက မကောင်းတဲ့သဘောနဲ့ယှဉ်ပြီး သုံးလေ့ရှိတာမို့ မကောင်းတဲ့ ဂယက်အနက်ထွက်နေတဲ့ စကားလုံးပါ။ 'အရမ်းတကာ့တာတေလန်' ဆိုတဲ့အသုံးအရင်က တော်တော်တွင်ကျယ်ပါတယ်။ ကန်တော့ပါရဲ့ 'ရမ်း' ကို ရှေ့က ဆဲတဲ့ဆိုတဲ့စကားထည့်ပြီး '-ာက်ရမ်းလုပ်တာပဲ' ဆိုတာမျိုး ဆဲကြဆိုကြတာပါ ဆရာကြီး"

"နောက်တစ်ချက်စဉ်းစားမိတာက ဒီ 'အရမ်း' ဆိုတဲ့ စကားလုံးအပြင် တခြားစကားလုံးမရှိလို့ ဒီစကားလုံးပဲ သုံးရတာဆိုရင်တော့ ထားပါတော့။ ခုတော့ အစဉ်အဆက်သုံးလာတဲ့စကားတွေ အများကြီးရှိပါတယ်ဗျာ။ 'အင်မတန်' တို့၊ 'သိပ်' တို့၊ 'အလွန်' တို့၊ 'အများကြီး' တို့ အလဲအလှယ်သုံးလို့ရပါတယ်။ 'အင်မတန်ကျေးဇူးတင်ပါတယ်၊ သိပ်တော်ပါတယ်၊ အလွန်သင့်လျော်ပါတယ်၊ အများကြီးကောင်းပါတယ်' ဆိုတာမျိုး စကားပရိယာယ်တွေ ရှိပါတယ်ဗျာ။ အဲဒီ စကားလုံးတွေမှာ ရိုင်းတဲ့ကြမ်းတဲ့ အငွေ့အသက် မပါပါဘူး"

"ဟုတ်ပါတယ် ဆရာကြီး။ အဲဒီ 'အရမ်း' ကို မသုံးသင့်ဘူးလို့ ကျွန်တော်သဘောပေါက်လာတာက ဂုဏ်ပြုချီးကျူးတဲ့ အခမ်းအနားတွေမှာ အင်မတန်ကောင်းမွန်တဲ့စကားမျိုး ပြောရသူတွေက အရမ်းတွေ အကြိမ်ပေါင်းများစွာ ပြောနေတာကိုကြားရပြီး သတိပြုမိလာတာပါ။ ဆုချီးမြှင့်ပွဲတစ်ခုမှာ ဆုရတဲ့ကျောင်းသူကလေးက အဝတ်အစားရော၊ အမူအရာရော ယဉ်ယဉ်ကျေးကျေးဝတ်စားလာပြီး ပြောတော့လည်း လေးစားတဲ့လေသံနဲ့ ယဉ်ယဉ်ကျေးကျေးပြောတာပါ။ ဒါပေမယ့် သူ့စကားထဲမှာ 'သမီး ဒီဆုရတဲ့အတွက် အရမ်းဝမ်းသာပါတယ်' ဆိုတာမျိုး၊ 'သမီးကို ဂရုတစိုက်ပညာသင်ပေးတဲ့ ဆရာ ဆရာမတွေကို အရမ်းကျေးဇူးတင်ပါတယ်' ဆိုတာမျိုး၊ နောက်ဆုံး 'ဆုချီးမြှင့်တဲ့ ဘဘဝန်ကြီးကိုလည်း အရမ်းကျေးဇူးတင်ပါတယ်' ဆိုတာမျိုးတွေ ပါနေတော့ တစ်မိနစ်လောက် ပြောတဲ့ သူ့စကားထဲမှာ 'အရမ်း' တွေ ဆယ်လုံးလောက် ပါနေတာပေါ့ ဆရာကြီးရယ်။ ဒီတော့ အင်မတန်သိမ်မွေ့တဲ့ အခမ်းအနားနဲ့ 'အရမ်း' ဆိုတဲ့ စကားလုံးနဲ့ မလိုက်ဖက်တာ သိသိသာသာကြီး ထင်ရှားနေတာပေါ့"

"ခင်ဗျားနဲ့ ပြောလိုက်ဆိုလိုက်ရလို့ ကျွန်တော် တော်တော်စိတ်ချမ်းသာသွားတယ်ဗျာ။ အခု 'အရမ်း' ကို နေရာတိုင်းမှာ သုံးလာကြတော့ အခမ်းအနားမျိုး ပေါ့ဗျာ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'အရမ်း' ဆိုတဲ့ စကားလုံးဟာ မူလက မကောင်းတဲ့ အဓိပ္ပာယ်ရှိနေတော့ ခာတ်ဆီထည့်တဲ့ ပုလင်းလို၊ ငါးပုပ်ထုပ်တဲ့ ဖက်လို အဲဒီစကားလုံးမှာ အဲဒီ မကောင်းတဲ့ အဓိပ္ပာယ် အငွေ့အသက်တွေ၊ ခုနပြောသလိုပြောရရင် မကောင်းတဲ့ ဂယက်အနက်တွေ စွဲနေပြီပဲဗျာ။ 'အရမ်း' ကို ကျေးဇူးတင်တာနဲ့ တွဲတွဲ၊ 'ကောင်း' နဲ့ တွဲတွဲ၊ 'ဝမ်းသာ' နဲ့တွဲတွဲ အရမ်းရဲ့ မကောင်းတဲ့ အငွေ့အသက်တွေ စွဲနေမှာမို့ မသင့်လျော်ဘူးပေါ့ဗျာ"

"တချို့ကတော့ ခုန ဆရာကြီးပြောသလိုပဲ စကားတစ်လုံးဟာ အသုံးတွင်ကျယ်လာရင် နားယဉ်သွားမှာမို့ ကောင်းတယ်ဆိုးတယ် ပြောစရာမလိုဘူးဆိုတဲ့ အယူအဆရှိပုံရတယ်။ ကောင်းတယ် ဆိုးတယ်လို့ မပြောရင်တောင်မှ သုံးတဲ့အကြောင်းအရာ အခြေအနေနဲ့ ဆီလျော်မှုရှိတယ် မရှိဘူးဆိုတာတော့ စဉ်းစားဖို့ လိုမယ်ထင်ပါတယ် ဆရာကြီးရယ်"

"ဟုတ်ပါတယ်။ တချို့စကားတွေကျတော့ ဘယ်စကား မသုံးရဘူး၊ ဘယ်စကားသုံးရမယ်လို့ စည်းကမ်းသတ်မှတ်ထားတာမဟုတ်ပေမယ့် အားလုံးအလိုအလျောက် သဘောတူတဲ့ စည်းကမ်းတွေ ရှိတယ်ဗျ။ ဆိုပါတော့ဗျာ။ မိတ်ဆွေတစ်ယောက် ကွယ်လွန်လို့ ချာပနလိုက်ပို့ရင် အဲဒီချာပနပို့ရာမှာ ရယ်စရာတွေ မပြောရဘူးလို့ သတ်မှတ်မထားပေမယ့် ကျွန်တော်တို့ ရယ်စရာတွေ မပြောကြဘူးလေ။ ဝမ်းနည်းကြောင်း ဖော်ပြတဲ့ပွဲမှာ ရယ်စရာတွေပြောလို့ ဘယ်ဖြစ်မလဲဗျာ။

**"အဲဒီလိုပဲ 'အရမ်း' ဆိုတဲ့ စကားလုံးဟာ မူလက မကောင်းတဲ့ အဓိပ္ပာယ်ရှိနေတော့ ခာတ်ဆီထည့်တဲ့ ပုလင်းလို၊ ငါးပုပ်ထုပ်တဲ့ ဖက်လို အဲဒီစကားလုံးမှာ အဲဒီ မကောင်းတဲ့ အဓိပ္ပာယ် အငွေ့အသက်တွေ၊ ခုနပြောသလိုပြောရရင် မကောင်းတဲ့ ဂယက်အနက်တွေ စွဲနေပြီပဲဗျာ။ 'အရမ်း' ကို ကျေးဇူးတင်တာနဲ့ တွဲတွဲ၊ 'ကောင်း' နဲ့ တွဲတွဲ၊ 'ဝမ်းသာ' နဲ့တွဲတွဲ အရမ်းရဲ့ မကောင်းတဲ့ အငွေ့အသက်တွေ စွဲနေမှာမို့ မသင့်လျော်ဘူးပေါ့ဗျာ"**

လုပ်တဲ့ အမျိုးသမီးက အဲဒီပွဲမှာ ပါဝင်တဲ့ လူငယ်တွေကို ချီးကျူးတာ 'အရမ်း' ပေါင်းများစွာ ပါနေတယ်လေ။ ဒီလို 'အရမ်း' တွေပါနေတာ ကြားနေရမြဲဆိုတော့ စိတ်မသက်မသာဖြစ်လို့ ခင်ဗျားဆီ ဖုန်းဆက်တာပါဗျာ"

"ဟုတ်ကဲ့။ ကျွန်တော်ကလည်း ဆရာကြီး မြန်မာစာပေအကျိုးကို အများကြီးဆောင်ရွက်ခဲ့တာ၊ အခုထိလည်း ဆောင်ရွက်နေတာကို ကောင်းကောင်းသိတာမို့ အခုလို ဂရုတစိုက် ဆွေးနွေးတာ သိပ်ဝမ်းသာပါတယ်ခင်ဗျာ"

"တစ်ခုပြောချင်သေးတယ်။ တချို့ကတော့ စကားလုံးတစ်လုံးဟာ အသုံးတွင်သွားရင် နားယဉ်သွားမှာပဲလို့ ယူဆကြတယ် ထင်ပါတယ်။ ဒီပြဿနာကို သိပ်အရေးမကြီးပါဘူးလို့ ထင်တဲ့သူလည်း ရှိမှာပေါ့။ ဥပမာတစ်ခုပေးရရင်ဗျာ နှစ်ပေါင်းများစွာ ခာတ်ဆီထည့်လာတဲ့ ပုလင်းမှာ ခာတ်ဆီနံ့ စွဲနေသလိုပဲပေါ့။ နောက်ဥပမာတစ်ခုက ငါးပုပ်ထုပ်လာတဲ့ ဖက်ဟာ ငါးပုပ်အနံ့စွဲနေတာမို့ အဲဒီဖက်နဲ့ တခြားပစ္စည်းထုပ်ရင် အဲဒီပစ္စည်းမှာ ငါးပုပ်အနံ့ စွဲနေတာ အဲဒီလိုပဲ၊ မင်္ဂလာဆောင်တို့၊ ကင်ပွန်းတပ်တို့လို မင်္ဂလာယူနေတဲ့အခမ်းအနားမျိုးမှာ သေခြင်းတရားအကြောင်း ပြောရင် ဘယ်ဆီလျော်မှာလဲ။ ပြောရင်လည်း အများလက်ခံနိုင်တဲ့စကားမျိုး ဘယ်ဟုတ်တော့မလဲဗျာ။ အဲဒီတော့ ကျွန်တော်တို့ လူမှုဝန်းကျင်က သတ်မှတ်ထားတဲ့ သဘောတူညီမှုအရ သိမ်သိမ်မွေ့မွေ့အကြောင်းအရာမျိုးမှာ ရမ်းကားတဲ့အနက်အဓိပ္ပာယ်ရှိတဲ့ စကားမျိုး မသုံးရင် ကောင်းတာပေါ့ဗျာ"

"ဆရာကြီးနဲ့ ပြောရဆိုရတာ အင်မတန်ကောင်းပါတယ်။ စဉ်းစားစရာတွေလည်း ရပါတယ်။ ကျွန်တော်လည်း 'အရမ်း အရမ်း မသုံးသင့်ပါ' ဆိုတဲ့ ဆောင်းပါးနဲ့ ဒီပြဿနာကို စဆွေးနွေးခဲ့တာပါ။ နောက်လည်း စကားအသုံးအနှုန်းနဲ့ ပတ်သက်ပြီး ဆရာကြီးနဲ့ ပြောချင်ဆိုချင်ပါတယ်"

"အေးဗျာ။ ကျွန်တော်လည်း ကျေးဇူးတင်ပါတယ်။ တခြားအသုံးအနှုန်းတွေအကြောင်း အလျဉ်းသင့်သလို ပြောကြဆိုကြသေးတာပေါ့။ ပြောတာ တော်တော်များသွားပြီ။ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ ဆရာကြီး။ ကျေးဇူးတင်ပါတယ်"

# သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ရန်၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရန်တို့အတွက် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးပေးမည်

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများဖြန့်ဖြူးခြင်း စီမံကိန်း စတင်နိုင်ရန်အတွက် စီမံကိန်းနှင့် စပ်လျဉ်းပြီး ရည်ရွယ်ချက်၊ ဆောင်ရွက်မည့်လုပ်ငန်းများ၊ မျှော်မှန်းရရှိလာမည့် အကျိုးကျေးဇူးများကို စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အလိုက် တာဝန်ရှိသူများအား အသိပေးရှင်းလင်း တင်ပြရန် ဆွေးနွေး ညှိနှိုင်းခြင်း အခမ်းအနားကို ယမန်နေ့က နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းသည် ကျေးရွာ သစ်လုပ်ရှားမှု စီမံကိန်း ဆောင်ရွက်နေသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုရှိ ထင်းအဓိကထား သုံးစွဲသော ကျေးရွာများကို သတ်မှတ်အရည်အသွေး ပြည့်ဝသော စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ မီးဖိုများ ဖြန့်ဝေပေးခြင်းဖြင့် ထင်းသုံးစွဲမှုလျှော့ချနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု လျော့ကျနိုင်မည် ဖြစ်သည့်အပြင် သစ်တောပြုန်းတီးမှုကိုပါ ကာကွယ်နိုင်မည် ဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများကိုလည်း ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ လျှော့ချနိုင်ရေးအတွက် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန် အသိပညာဗဟုသုတ များ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည့်အတွက် အကျိုးရှိသည့် စီမံကိန်း တစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ပြောသည်။

"စီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကိုယ့်နိုင်ငံမှာ ထင်းသုံးစွဲပြီးနေရတဲ့ ကျေးလက်နေ ပြည်သူတွေအတွက် ချက်ပြုတ်စားသောက်မှု အဆင်ပြေစေဖို့ရယ်၊ ထင်းသုံးစွဲမှုကို လည်း လျှော့ချနိုင်ရမယ်၊ မြန်မာနိုင်ငံရဲ့ ရာသီဥတု ပြောင်းလဲမှု အပေါ်မှာလည်း ပြန်လည်ကုစားသက်ရောက်စေမယ့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေနဲ့ သစ်တောတွေပြုန်းတီးရေးမှ လျော့နည်းအောင် ဆောင်ရွက်မှု ဖြစ်ပါတယ်။ စွမ်းအားမြှင့် မီးဖိုကို အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်နဲ့ ကမ္ဘာ့ကုလသမဂ္ဂ က ရာသီဥတုပြောင်းလဲရေးနဲ့ ပတ်သက်တဲ့ဌာနက အတည်ပြု ထားတဲ့ စွမ်းအားမြှင့်မီးဖိုတွေကို ပြည်သူတွေဆီ ဖြန့်ဝေနိုင်တဲ့ အတွက် ကျွန်တော်တို့နိုင်ငံရဲ့ မီးဖိုတွေ ထုတ်လုပ်တဲ့သူတွေ အတွက်လည်း ဝင်ငွေတွေရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီ စီမံကိန်းမှာ ထင်းစားသက်သာပြီး မီးစူးအားကောင်းတဲ့ စွမ်းအားမြှင့်မီးဖိုတွေ ကို လျှပ်စစ်မီးမရှိတဲ့ ကျေးလက်နေပြည်သူတွေကို ဖြန့်ဖြူးပေးပြီး သစ်တောပြုန်းတီးမှုကို လျှော့ချဖို့နဲ့ ဒီလိုသစ်တော ပြုန်းတီးမှုကို လျှော့ချလာနိုင်တဲ့အခါ Carbon Credit ရရှိလာမှာဖြစ်ပြီး နိုင်ငံတကာ Carbon Trading Market မှာ မြန်မာနိုင်ငံ အနေနဲ့ ပါဝင်လာနိုင်မှာ ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။



မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးနိုင်ရန် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းခြင်းအခမ်းအနားကျင်းပစဉ်။

အဆိုပါ စီမံကိန်းမှ ရရှိသည့် Carbon Credit ကို ခွဲဝေရာတွင် ထောက်ပံ့ငွေပေးသည့် ကိုရီးယားဘက်မှ ၈၅ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ ၁၅ ရာခိုင်နှုန်း ရရှိမည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် အိမ်ထောင်စုပေါင်း ၁၇၂၀၀၀ ကျော်ကို Batch A, Batch B ခွဲပြီး တစ်နှစ်ခြားစီ မီးဖိုများ ငါးနှစ်ဆက်တိုက် ဖြန့်ဖြူးသွားမည် ဖြစ်သည့်အတွက် မီးဖို ၄ ဒသမ ၃၂ သန်း ထုတ်လုပ်ရမည်ဖြစ်ရာ ဒေသဆိုင်ရာ ကျေးလက်နေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

မီးဖိုတစ်ဖိုတန်ဖိုးမှ တစ်ဒေါ်လာကို ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ထည့်ဝင်သွားမည်ဖြစ်သည့်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၂ သန်းကို စီမံကိန်းဒေသရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတိုးချဲ့ လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်း စတင်ဆောင်ရွက်နိုင်ရန် ယခုနှစ် မတ် ၂၅ ရက်က နှစ်ဖက်အဖွဲ့အစည်းများ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ပထမဦးစွာ ၂၉ CAP အိမ်ထောင်စုပေါင်း ၅၂၂၀၀၀ ကို အောက်တိုဘာလကုန်အထိ စတင်ဖြန့်ဖြူးမည်ဖြစ်ပြီး ဆက်လက်၍ စီမံကိန်း ခုနစ်နှစ်ကာလအတွက် ROD လက်မှတ်ရေးထိုးနိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနနှင့် ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအေးကိုကိုက ဆက်လက် ပြောသည်။

ကိုရီးယား ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနအတွင်းရေးမှူးချုပ် မစ်ကင်ဆိုဟီးက " ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနအနေနဲ့ မန္တလေးမှာ စွမ်းအားမြှင့်မီးဖိုကို လုပ်ဆောင်နေပါတယ်။ စွမ်းအားမြှင့်မီးဖိုကို တစ်နိုင်ငံလုံးမှာဖြန့်ဝေနိုင်ဖို့ လုပ်ဆောင်ပေးချင်ပါတယ်။ ဆေးမားလ်အူအွန်ဒုန်စီမံကိန်းအောင်မြင်သလို ဒီလုပ်ငန်းကိုလည်းအောင်မြင်အောင် ပူးပေါင်းလုပ်ဆောင်နေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ဝင်ငွေနည်းပါးတဲ့ ရှမ်းပြည်နယ်၊ မွန်ပြည်နယ် တို့လို ဒေသတွေမှာ ထင်းကိုပဲ လောင်စာအဖြစ် အသုံးပြုနေကြတယ်။ ထင်းကိုပဲ အသုံးပြုနေကြတဲ့အတွက် ကာဗွန်တွေထွက်ရှိပြီး ကျန်းမာရေးထိခိုက်မှုတွေ ဖြစ်ပေါ်စေတယ်။ ဒါကြောင့် ထင်းအစားထိုးလောင်စာကို လျှော့ချဖို့အတွက် စွမ်းအားမြှင့်မီးဖိုတွေကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ရန်၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရန်တို့အတွက် စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူးရေးစီမံကိန်းကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ မတ် ၂၅ ရက်က သဘောတူ လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း တောင်ပေါ်ကားလမ်း အဆင့်မြှင့်တင်

**ရန်ကုန် မေ ၁၇**

ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း ကားလမ်းသည် အရှည် ၁၁၁ ဒသမ ၄၄၇ ကီလိုမီတာ ရှိသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှ မြို့နယ်နှင့် ကျေးရွာများသို့ ဆက်သွယ်သော လမ်းဖြစ်သောကြောင့် ပြည်နယ်အစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း လမ်းဦးစီးနှင့် ကျိုင်းတုံခရိုင်လမ်းဦးစီးက လမ်းအား အဆင့်မြှင့်တင်လျက်ရှိသည်။

လမ်း၏နောက်ခံသမိုင်းမှာ အဆိုပါ ကားလမ်းသည် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ မဟာဗျူဟာလမ်းမကြီးဖြစ်ပြီး မူလက နွေရာသီသွား ကားလမ်းသာဖြစ်၍ ၁၉၇၇ ခုနှစ်မှစ၍ ရာသီမရွေး သွားလာနိုင်သည့် မဟာဗျူဟာလမ်းအဖြစ် ရှမ်းပြည်နယ် အရှေ့ပိုင်းလမ်းဦးစီးဌာနနှင့် ကျိုင်းတုံခရိုင် လမ်းဦးစီးဌာနတို့က လမ်းအဆင့်အတန်းတိုးမြှင့် ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကားလမ်းသည် တောတောင်ထူထပ်ခြင်း၊ မြင့်မားမတ်စောက်ခြင်း၊ နမ့်လွေ ချောင်းကမ်းပါးတစ်လျှောက်နှင့် တောင်ကျရေများ ပြင်းထန်စွာကျသည့် ချောင်းများကို ဖြတ်သန်းဖောက်လုပ်ထားသည့်အတွက် တောင်ပြိုခြင်း၊ လမ်းသားပြတ်တောက်ခြင်း၊ ကမ်းပါးပြိုကျခြင်း၊ ရေကြီးခြင်း၊ တံတားများ ရေတိုက်စားခံရခြင်းတို့ကို မိုးရာသီကာလတစ်လျှောက်လုံး ကြုံတွေ့နေရ၍ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသော လမ်း ဖြစ်သည်။

ထိုအခြေအနေမှ ၂၃-၃-၂၀၀၀ ပြည့်နှစ်က မဟာဗျူဟာ လမ်းများ ကော်မတီက ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း လမ်းကို အထူးဒေသ(၂)မှ တာဝန်ယူဖောက်လုပ်ရန် ညွှန်ကြားမှုပေးခဲ့သဖြင့် အထူးဒေသ(၂)မှ လမ်းတာပေါင် မြှင့်တင်ခြင်း၊ လမ်းချဲ့ခြင်း၊ ကျောက်ရောမြေ အမာခံခင်းခြင်း၊ ကျောက်ရိုးစီတံတားများ တည်ဆောက်ခြင်း စသည့်တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၈-၇-၂၀၁၄ တွင် မဟာဗျူဟာလမ်း ကော်မတီ၏ ဆုံးဖြတ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လွှဲပြောင်းရယူခဲ့ရပြီး ကျိုင်းတုံခရိုင်လမ်းဦးစီးက တာဝန်ယူ ဆောင်ရွက်နေသည်။

လမ်းအဆင့်မြှင့်တင်ရာတွင် နှစ်အလိုက်သုံးစွဲခဲ့သည့် ရန်ပုံငွေများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရ ပြင်ထိန်းခွင့်ပြု ရန်ပုံငွေကျပ် ၃၃၁ ဒသမ ၈၆ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၂၂၂ ဒသမ ၁၃၇ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၁၉၃ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၆၆၄၂ ဒသမ ၈၃၃ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၄၁၄ ဒသမ ၅၉၄ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြု ရန်ပုံငွေကျပ် ၃၃၀၆ ဒသမ ၈၉၅ သန်း၊ ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြု ရန်ပုံငွေကျပ် ၁၆ ဒသမ ၇၁၇ သန်း သုံးစွဲ၍ ကျိုင်းတုံခရိုင် လမ်းဦးစီးက ကတ္တရာ ကွန်ကရစ်လမ်းသစ်ခင်းခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ သံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်း၊ လမ်းတာပေါင်မြှင့်တင်ခြင်း၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ ကျောက်တောင်၊ မြေတောင်တို့၌ လမ်းအကျယ်ချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် အဆိုပါ ကျင်းတုံ-မိုင်းခတ်-မိုင်းယန်းတောင်ပေါ်ကားလမ်းသည် ချောမွေ့လျက်ရှိသည်။

**ခရမ်းစိုးမြင့်**



ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း တောင်ပေါ်ကားလမ်းတစ်နေရာကို တွေ့ရစဉ်။



မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနည်းပြသင်တန်း ပို့ချစဉ်။

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နည်းပြသင်တန်းဖွင့်

**တောင်ငူ မေ ၁၇**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က တောင်ငူမြို့ အမေ့အိမ်ဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တောင်ငူခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံလှ(စံကေတု)တို့က အမှာစကား ပြောကြားသည်။ သင်တန်းတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဆရာဦးမြင့်စိုး၊ ဆရာဦးယဉ်ကျော် (အယ်ဒီတာချုပ်၊ တံလျှပ်ဂျာနယ်)၊ ဆရာဦးစိန်မြင့်ထွန်းနှင့် ဆရာဦးကြည်ညွန့်တို့က ဟောပြောပို့ချကြသည်။

**ကျော်လှ(တောင်ငူ)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လေ့ကျင့်

**ရန်ကုန် မေ ၁၇**

မီးဘေးအန္တရာယ်ဖြစ်ပွားပါက လက်တွေ့ငြိမ်းသတ်နိုင်ရေး၊ လွတ်မြောက်ရာ လမ်းကြောင်းဆီသို့ ပြေးထွက်နိုင်ရေး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ အစမ်းလေ့ကျင့်ခြင်းကို ယမန်နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရား လမ်းထောင့်ရှိ Juncition City အထပ်မြင့် အဆောက်အအုံ၌ ပြုလုပ်သည်။ မီးသတ်အစမ်း လေ့ကျင့်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ အားမာန်လူငယ်ပရဟိတအဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးယာဉ် ခြောက်စီး၊ အရေးပေါ်လူနာတင်ယာဉ်နှစ်စီးတို့ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**ကိုကြီးတင်**

# ဝမ်းတွင်းမြို့မရဲစခန်းမှ မှုခင်းကျဆင်းရေး ကွင်းဆင်းဟောပြော

**ဝမ်းတွင်း မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မရဲစခန်းမှ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခြင်းကို မေ ၁၃ ရက်က ကွင်းဆင်းဟောပြောသည်။

မှုခင်းကျဆင်းရေးဟောပြောခြင်းကို ဝမ်းတွင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းလွင် ဦးစီးသော အရာရှိနှစ်ဦးနှင့်ရဲတပ်ဖွဲ့ဝင် ခြောက်ဦးတို့မှ ဝမ်းတွင်းမြို့နယ် ရေဆုံးကျေးရွာရှိ ရွာလယ်ဓမ္မာရုံတွင် ဆောင်ရွက်ခဲ့ကြသည်။

မှုခင်းအသိပညာပေးဟောပြောပွဲတွင် မြို့မရဲစခန်းမှူးက မှုခင်းမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ ခေတ္တနယ်ထိန်းအရာရှိ ဒုရဲအုပ်သိန်းဇော်သန်းက မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောခြင်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသား ၅၀ ခန့် တက်ရောက်ခဲ့သည်။ ထို့နောက် တက်ရောက်လာသူများအား မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# ရောဝတီမြစ်ရေတက် မြေနုကျေးရွာများမှ အုတ်ဖိုများ အုတ်ဖုတ်နိုင်မည့် နေရာဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ပြင်ဆင်

**မန္တလေး မေ ၁၇**

မန္တလေးမြို့ ဆောက်လုပ်ရေးဈေးကွက်အတွင်းသို့ အဓိကတင်ပို့ရောင်းချနေသည့် မန္တလေးအနောက်မြောက်ထောင့်ရှိ ရောဝတီမြစ်ရေတက် မြေနုကျေးရွာများတွင် လုပ်ကိုင်လျက်ရှိသော အုတ်ဖိုများ ယခုနှစ်ရေတက်ချိန်တွင် လုပ်ငန်းများ ရပ်နားထားခြင်းမရှိစေရန် အုတ်ဖုတ်နိုင်မည့် နေရာဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ပြင်ဆင်လာကြကြောင်း တွေ့ရသည်။



ရောဝတီမြစ်ရေတက် မြေနုကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော အုတ်များကို တွေ့ရစဉ်။

ရောဝတီမြစ်ဘေး မြေနုကျေးရွာများမှ အုတ်ဖုတ်ရန် မြေသားကောင်းမွန်ခြင်း၊ ခဲ၊ ခရုအစရှိသည်များ ကင်းစင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများသို့ ပို့ဆောင်ရန် နီးစပ်လွယ်ကူခြင်းများကြောင့် အုတ်လုပ်ငန်းလုပ်ကိုင်သူ အများအပြား လာရောက်လုပ်ကိုင်သော နေရာဖြစ်သည်။

"အုတ်ဖိုထောင်ထားတဲ့ အုတ်သူကြီးတွေအနေနဲ့ အလုပ်ရပ်နားရတဲ့ကာလမှာ ရောင်းနိုင်ဖို့ သိုလှောင်ထားရတဲ့အတွက် အရင်းအနှီးစိုက်ထုတ်ထားရတယ်။ အလုပ်ရပ်ထားတဲ့ ရက်တွေမှာ ရာနဲ့ချီတဲ့ လုပ်သားနဲ့ မိသားစုတွေ စားဝတ်နေရေးအတွက် ကြိုတင်သုံးငွေထုတ်ပေးရတယ်။ ဒါ့ကြောင့် အုတ်ဖိုနားထားရတဲ့အခါ အုတ်သူကြီးတွေအပြင်က ငွေတိုးယူရတာမျိုးအထိ ရှိကြတယ်။ ဒါကြောင့် လုပ်ငန်းမနားရအောင် အခြားလုပ်ကိုင်လို့ရတဲ့နေရာကို ပြောင်းလဲလုပ်ကိုင်ရတာပါ။ အုတ်ကို အရင်က မြို့ကြီးတွေမှာသာ အသုံးများပေမယ့် အခုအခါမှာ ကျေးလက်တောရွာတွေအထိ သုံးစွဲမှုများလာတာကြောင့် ဘယ်နေရာမှာ သွားဖုတ်ဖုတ်၊ ဝယ်ယူမယ့်သူ ရှိပါတယ်"ဟု အုတ်သူကြီးတစ်ဦးက ပြောသည်။

ရောဝတီမြစ်ရေမှာ ကဆုန်လဆန်းတွင် စတင်၍ အတက်အကျရှိလာပြီး ဝါဆို၊ ဝါခေါင်လများတွင် အမြင့်ဆုံးရေအမှတ်ထိ တက်လေ့ရှိသည်။ ယင်းကာလများတွင် ရာသီဥတုအခြေအနေကြောင့် ပျက်စီးဆုံးရှုံးမှုများလေ့ရှိပြီး ကျန်ကာလများတွင် အားစိုက်လုပ်ကိုင်လေ့ရှိကြသည်။ **အေးမြ(မန္တလေး)**

# ဝမ်းပျက်ဝမ်းလျှောရောဂါ မိုးဦးကျကာလတွင် သတိပြုပါ

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှ တစ်ဆင့် ကူးစက်တတ်သောရောဂါတစ်ခု ဖြစ်ပါသည်။ ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဘက်တီးရီးယား (သို့မဟုတ်)ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားနိုင်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရန် -**

- ❖ ရေကိုကျိုချက်၍ သောက်သုံးပါ။
- ❖ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ပါ။
- ❖ အစားအစာများကို ပူပူနွေးနွေးစားသောက်ပါ။ ယင်မနားအောင် ဖုံးအုပ်ထားပါ။
- ❖ အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။
- ❖ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် အသက်ဆုံးရှုံးနိုင်ပါသည်။ နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မင်းဘူးမြို့နယ် ကျေးရွာငါးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် စတင်အကောင်အထည်ဖော်

**မင်းဘူး မေ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ချောင်းကောက်၊ ရေမျက်၊ ထုံးမကြီး၊ ပိုက်သင်၊ ဇီးအိုင်ကျေးရွာငါးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ဒေသခံများ စွန့်ပစ်အမှိုက်များကို ကောက်ယူလှည်းကျင်းနေကြစဉ်။

ကျေးလက်နေပြည်သူများ ပလတ်စတစ်သုံးစွဲမှု လျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို ပြန်လည်သုံးစွဲစေတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အမှိုက်များကို ခွဲခြားစွန့်ပစ်တတ်စေရန်၊ မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများရှောင်ကြဉ်ရန်၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် နွေရာသီကာလ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်လုပ်ဆောင်နေသည်ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောသည်။

ဆက်လက်၍ ရွာသူ ရွာသားများ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အကြောင်းကို ပိုမိုသိရှိလာပြီး လက်တွေ့လိုက်နာ ကျင့်သုံးတတ်စေရန် ကျေးရွာစွန့်ပစ်အမှိုက်ကော်မတီဖွဲ့စည်းခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ စွန့်ပစ်အမှိုက်နှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဗီနိုင်း ပိုစတာများကို ကျေးရွာရှိ ကျောင်းများ၊ လမ်းများတွင် စိုက်ထူထားရှိခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ယနေ့နံနက်က ပိုက်သင်ကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ယခုလိုပြုလုပ်ပေးသည့်အတွက် ရွာသူ ရွာသားများ၏ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျ ပြုလုပ်တတ်လာပြီး နွေရာသီကာလတွင်လည်း မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် သောကြာနေ့တိုင်း သန့်ရှင်းရေးပြုလုပ်သွားမည်ဖြစ်ကြောင်း ပိုက်သင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။ **ငြိမ်းသူ(စလင်း)**

# အိန္ဒိယ ဒန့်သလွန်မျိုးစေ့ချပျိုးထောင်နည်း လက်တွေ့စိုက်ပျိုးပြသ

**မော်လမြိုင်ကျွန်း မေ ၁၇**

ဆေးဖက်ဝင်ပြီး အချိန်တိုတိုဖြင့် စီးပွားရေးဖြစ်ထွန်းသော တောင်သူအကျိုးပြု ခြောက်လ အိန္ဒိယဒန့်သလွန်သီး သိပ္ပံနည်းကျ မျိုးစေ့ချပျိုးထောင်နည်း လက်တွေ့စိုက်ပျိုးပြသပွဲနှင့် စိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မော်လမြိုင်ကျွန်းမြို့နယ် ကြပ်စဉ်ချောင်းကျေးရွာ တောင်သူဦးဝင်းမောင်၏ လယ်မြေဥယျာဉ်ခြံအတွင်း၌ ကျင်းပသည်။

ယင်းမျိုးစေ့ချ ပျိုးထောင်နည်း လက်တွေ့စိုက်ပျိုးပြသပွဲတွင် မြို့နယ်စိုက်ပျိုးရေး အငြိမ်းစား ကျွမ်းကျင်ပညာရှင် ဦးလှမြင့်နှင့်အဖွဲ့က အိန္ဒိယဒန့်သလွန်မျိုးစေ့အား ရေစိမ်ပျိုးထောင်နည်းနှင့် မျိုးစေ့ချစိုက်ပျိုးနည်းများကို လက်တွေ့ပြသရာ ကြပ်စဉ်ချောင်းကျေးရွာမှ အိန္ဒိယဒန့်သလွန်မျိုးကို စိုက်ပျိုးရန် စိတ်ဝင်စားကြသော ဒေသခံတောင်သူများက လေ့လာကြည့်ရှုကြသည်။

ထို့နောက် အိန္ဒိယဒန့်သလွန်အကြောင်း သိကောင်းစရာများကို ဦးမြင့်အောင် (မော်ကျွန်း-မြင့်အောင်)က လည်းကောင်း၊ စိုက်ပျိုးရေးအငြိမ်းစား ကျွမ်းကျင်ပညာရှင် ဦးလှမြင့်က အိန္ဒိယဒန့်သလွန်သီး ကြိုက်နှစ်သက်သော ရေမြေ၊ ရာသီဥတု၊ အပူချိန်၊ အပင်အကွာအဝေးနှင့် စိုက်နည်းစနစ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

မြန်မာနိုင်ငံမှ အိန္ဒိယဒန့်သလွန်သီးများကို ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်(တိုင်ပေ)နိုင်ငံတို့က ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# သောက်သုံးရေရှားပါးနေသော ကျေးရွာများသို့ ရေများဖြန့်ဝေလှူဒါန်း



ဒီးမော့ဆိုမြို့နယ်ရှိ ရေရှားပါးသော ကျေးရွာများသို့ ရေဖြန့်ဝေပေးစဉ်။

**ဒီးမော့ဆို**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ မေ ၁၆ ရက်က ဒီးမော့ဆိုမြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ဒေါပဲ့ကျေးရွာ၊ ဒေါတမကြီးနှင့် ဒေါတချကျေးရွာသို့ ရွှေလှိုင်ကော်ပရဟိတအသင်း ရေသည်ယာဉ်ဖြင့် တစ်ရွာလျှင် သောက်သုံးရေဂါလန် ၃၀၀၀ သွားရောက်လှူဒါန်းသည်။

ထို့အပြင် ပရဟိတအသင်းအဖွဲ့များဖြစ်ကြသော ဖေးကူးလက်များ၊ ဝစ္စကုဋ္ဌီပရဟိတအသင်းနှင့် ရွှေအင်းသားလူငယ်အဖွဲ့တို့ ပူးပေါင်း၍ သောက်သုံးရေ လိုအပ်လျက်ရှိသော ဒေါ်ဆိုဖျကျေးရွာတွင် ရေဂါလန် ၁၅၀၀၊ ဒေါကော့ကျေးရွာတွင် ရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

**လပွတ္တာ**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော လပွတ္တာခရိုင် လပွတ္တာမြို့နယ် မြစ်ပေါက်ကျေးရွာအုပ်စုအတွင်းရှိ ငှက်သိုက်ကျေးရွာနှင့် ငှက်ကျကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများကို ပမ္မဝတီရေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုလက်အောက်ခံကမ်းခြေစောင့် တိုက်ရေယာဉ် (၄၀၄) မှ စစ်ရေယာဉ်မှူးဗိုလ်ကြီး ကိုကိုအောင်နှင့် တပ်ဖွဲ့ဝင်များက မေ ၁၆ ရက်တွင် သွားရောက်လှူဒါန်းဖြန့်ဝေပေးသည်။

ယင်းသို့ သောက်သုံးရေလှူဒါန်းရာတွင် ၂၀ လီတာ ရေသန့်ဘူးကြီး ၄၅ ဘူးနှင့် ၁ လီတာ ရေသန့်ဘူး ၃၀ ကို ငှက်သိုက်ကျေးရွာ အိမ်ထောင်စု ၄၂ စု၊ ငှက်ကျ ကျေးရွာ အိမ်ထောင်စု ၄၀ နှင့် ဘုန်းတော်ကြီးကျောင်းတို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကျော်မြင့်**

**ကျောက်တော်**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျောက်တော်မြို့နယ်ရှိ သောက်သုံးရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ မေ ၁၆ ရက်က သွားရောက်ပြီး ရေများလှူဒါန်းခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

ထိုသို့ ကျောက်တော်မြို့နယ်တွင် သောက်သုံးရေရှားပါးပြတ်လပ်သော ကျေးရွာများဖြစ်သည့် စစ်အောင်ကျေးရွာရှိ အိမ်ခြေ ၇၉၊ လူဦးရေ ၄၀၀ အား ရေဂါလန် ၁၆၀၀ နှင့် ဆောင်းဒူကျေးရွာ၌ အိမ်ခြေ ၂၇၅၊ လူဦးရေ ၁၃၈၅ ဦးတို့အား ရေဂါလန် ၄၈၀၀ တို့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတို့က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မီးသတ်တပ်ဖွဲ့မှ သောက်သုံးရေအခက်အခဲရှိသော အမှတ် ၉ ရပ်ကွက် အောင်မင်္ဂလာပိုင်း ကျိုက်မဟာဘုရားလမ်းအတွင်း မီးသတ်ရေသယ်ယာဉ်ဖြင့် ဂါလန် ၁၆၀၀ ကို မေ ၁၇ ရက်က သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



ရေရှားပါးသည့် တောင်ငူမြို့ရပ်ကွက်(၁၂)တိရစ္ဆာန်ရုံးဟောင်းလမ်းရှိ ပြည်သူများအတွက် ရေဂါလန် ၄၈၀၀ ဆံ့ ရေသယ်ကားသုံးစီးဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ မေ ၁၅ ရက်က သွားရောက်လှူဒါန်းစဉ်။ (၀၀၇)

# ကိုယ့်လုပ်ရပ်ဟာ ကိုယ့်သိက္ခာ

သိုက်စိုးထွန်း (နတ်ရှာ)

**လူတစ်ယောက်ဖြစ်နေတဲ့အတွက် အလုပ်တစ်မျိုးမျိုးတော့ လုပ်နေရမှာပါပဲ။ တစ်မျိုးနှစ်မျိုးမက သုံးလေးမျိုးလည်း လုပ်ချင်လုပ်နေရမှာပါပဲ။ သုံးလေးမျိုးထက်ပိုပြီး အလုပ်တွေများနေသူတွေတောင် ရှိပါသေးတယ်။ ကိစ္စများမြောင် လူတို့ဘောင် ဆိုတဲ့အတိုင်းပဲ လောကီနယ်မှာ ပျော်မွေ့သူများအတွက်ကတော့ ကိစ္စဝိစ္စတွေက တော်တော်ကို များပါတယ်။ စားရေးသောက်တာ၊ ရောင်းရေးဝယ်တာတွေ အတွက် များပြားလှတဲ့အလုပ်တွေရှိနေသလိုပဲ လူမှုဆက်ဆံရေး နယ်ပယ်၊ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်၊ မိမိအကျိုး၊ သူတစ်ပါးအကျိုး ဆောင်ရွက်ရတဲ့နယ်ပယ်တွေ အစခပ်သိမ်း အကုန်ပေါင်းကြည့် လိုက်ရင်တော့ တစ်နေ့တစ်နေ့ လုပ်ကိုင်ဆောင်ရွက်နေရတဲ့အလုပ်တွေက တော်တော်များပြားနေတယ်ဆိုတာကို တွေ့ရမှာပါ။**

အလုပ်တာဝန်မြောက်မြားစွာထဲမှာ ကိုယ်လုပ်ကိုင်သမျှ အရာ တွေကြောင့် ကိုယ့်ပုံရိပ်က ဘယ်လိုပြောင်းလဲဖြစ်တည်လာသလဲဆိုတာကတော့ သတိထားဆင်ခြင်ရမယ့် အရာတစ်ခု ဖြစ်လာပါတယ်။

တစ်ခါတစ်ခါကျတော့ ကိုယ်က အလုပ်တစ်ခုကို အလျင်အမြန် အပြီးသတ်ချင်နေတယ်။ တခြားအလုပ်တွေ လုပ်ရဦးမှာကလည်း အများကြီးကျန်သေးတာမို့ ဒီအလုပ်ကို မြန်မြန်ဖြတ်မှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ကိုယ့်ဆုံးဖြတ်ချက်က ခိုင်မာသထက်ခိုင်မာလာတော့ ဒလတွန်း တွန်းလိုက်တယ်။ ကိုယ်တွန်းနေတာက ကိုယ့်တစ်ယောက်တည်းဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေ့ါ။ အဖွဲ့အစည်းနဲ့ အလုပ်လုပ်ရတာမျိုးဆိုရင်တော့ သိပ်တွန်းလိုက်ပြန်ရင်လည်း အဖွဲ့ဝင်တွေ ဟပ်ထိုးလဲကုန်မှာစိုးရတယ်။ ကိုယ်တွန်းနေတဲ့အားနဲ့ သူတို့ ရွေ့နိုင်တဲ့အရှိန်နဲ့ လိုက်လျောညီထွေ ဖြစ်မှုဖြစ်ပဲ့မလား ဆိုတာကို စဉ်းစားစရာရှိလာတယ်။ ရွေ့နိုင်တဲ့နှုန်းက များနေပြီး တွန်းအားက နည်းနေရင်လည်း သိပ်မဟန်သေးပါဘူး။ ဒီနှစ်ခုက လိုက်လျောညီထွေဖြစ်နေဖို့ လိုအပ်ပါတယ်။

### တစ်ကိုယ်တော်လုပ်ရပ်သည် မိမိအပေါ်သာမူတည်

ကိုယ်လုပ်နေတဲ့အလုပ်က ကိုယ်တစ်ယောက်တည်းပဲ လုပ်တဲ့ အလုပ်ဖြစ်မယ်ဆိုပါစို့။ ပန်းချီဆွဲတာလား၊ စာရေးတာလား၊ ဒါမှမဟုတ် မြက်နုတ်တာလား၊ မြေတူးတာလား။ ကိုယ်တစ်ယောက်တည်းလုပ်ရမယ့်ဟာကို စိတ်မြန်ကိုယ်မြန်နဲ့ ဟောဟောဒိုင်းဒိုင်း လုပ်ချလိုက်ရင် အလုပ်က ပြီးချင်လည်း ပြီးသွားမယ်၊ တစ်ပိုင်းတစ်စနဲ့ စိတ်ပျက်အားလျော့သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ ပြီးစလွယ် ဝုန်းဒိုင်းကြဲလိုက်လို့ မသပ်မရပ်ပြီးသွားတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် အလျင်စလိုလုပ်ပေမယ့် သေသေသပ်သပ်နဲ့ အပြီးသတ်လိုက်နိုင်တာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်ပေ့ါ။ ဘယ်လိုရလဒ်မျိုး ထွက်လာမလဲဆိုတာကတော့ ကိုယ့်ရဲ့ ကျွမ်းကျင်မှုအရည်အချင်း၊ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး ဆောင်ရွက်နိုင်မှု၊ စိတ်ရှည်မှု၊ ဇွဲသန်မှု၊ လျင်မြန်သွက်လက်မှု၊ တခ်နုပ္ပတ္တိဉာဏ်ရှင်သန်မှု၊ ပင်ကိုယ်ခါတ်ခံ စတာတွေအပေါ် မူတည်မှာပေ့ါ။ ချုပ်ကြည့်လိုက်ရင်တော့ ကိုယ်တစ်ယောက်တည်း လုပ်ကိုင်တဲ့ လုပ်ရပ်ကောင်း မကောင်း၊ ရလာတဲ့ရလဒ် ကောင်း မကောင်းဆိုတာတွေက ကိုယ့်အပေါ်မှာပဲ မူတည်နေမှာပေ့ါ။

တစ်ယောက်တည်းလုပ်တဲ့ အလုပ်ဖြစ်တဲ့အတွက် တာဝန်ခံစရာရှိတော့လည်း တစ်ယောက်တည်းပဲ။ ဘယ်သူ့မှ လွှဲချစရာမရှိတော့ဘူး။ အကျိုးအမြတ်ရစရာရှိတော့လည်း ကိုယ်တစ်ယောက်တည်းပါပဲ။ ဘယ်သူ့ကိုမှ ခွဲဝေပေးစရာ မလိုဘူး။ ကောင်းသည်ဆိုးသည်ကိုလည်း ကိုယ်တစ်ယောက်တည်းကပဲ ခံစားရမှာပါပဲ။ ဒီတော့ တစ်ကိုယ်တော်သမားတွေ အတွက်ကျတော့ သူ့လုပ်ရပ်နဲ့ သူ့သိက္ခာက လုံးဝကို တိုက်ရိုက် အချိုးညီနေတယ်။ ကိုယ်လုပ်တာကောင်းရင် ရလဒ်ကောင်းမယ်၊ ကိုယ့်နာမည်ကောင်းမယ်၊ ကိုယ့်ဂုဏ်တက်မယ်၊ သိက္ခာ ပိုရှိလာမယ်။

အများအားဖြင့်တော့ ကိုယ့်ဘာသာလုပ်ရမယ်လို့ ကောင်းကောင်းနားလည်ထားပြီးတော့ ကိုယ့်တစ်ယောက်တည်း လုပ်ရတဲ့ လုပ်ငန်းမျိုးအတွက်ဆို သေသေချာချာ အင်တိုက်အားတိုက် လုပ်မိကြတာများပါတယ်။ လုပ်ရပ်ကောင်းတဲ့ အတွက် ရလဒ်လည်း ကောင်းလေ့ရှိပါတယ်။ တစ်ကိုယ်တော် ဆောင်ရွက်ရတဲ့ လုပ်ရပ်တွေအတွက် သိက္ခာတက်စရာရှိရင်လည်း သိသိသာသာပါပဲ။ ကိုယ့်လုပ်ရပ်က လူမှုပတ်ဝန်းကျင်ရဲ့ စံနှုန်းတွေနဲ့ မလျော်ညီလို့ စောက်ထိုးမိုးမျှော်ဖြစ်နေမယ်ဆိုရင်လည်း ကိုယ့်သိက္ခာတွေ မြောင်းထဲရောက်ကုန်တာပါပဲ။ တစ်ကိုယ်တော်လုပ်ရပ်တွေက ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ တိုက်ရိုက် ဆက်စပ်နေတယ်ဆိုတာကို လူတိုင်းနီးပါး နားလည်ကြပါတယ်။

ကိုယ့်တစ်ယောက်တည်းလုပ်ရတဲ့ လုပ်ငန်းမျိုးအတွက်ဆိုရင် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်လေ့ရှိကြပါတယ်။

### အဖွဲ့အစည်းတစ်ခုမှာ အဖွဲ့ဝင်တိုင်း အရေးပါ

တချို့လူတွေကျတော့ အဖွဲ့အစည်းနဲ့ အသင်းအပင်းနဲ့ လုပ်ရကိုင်ရတာတွေက များတယ်။ ဒီလိုစုပေါင်းစပ်ပေါင်း လုပ်ကြကိုင်ကြတဲ့အခါ ကိုယ်လိုချင်တဲ့ရလဒ် ထွက်လာဖို့ အတွေ့အကြုံတွေ၊ ဉာဏ်ပညာတွေ၊ ဆင်ခြင်တုံတရားတွေ အများကြီးလိုသွားပါပြီ။ အထူးသဖြင့် ဒီလိုစုပေါင်းလုပ်ကိုင်ကြတဲ့ အဖွဲ့အစည်းထဲမှာ ကိုယ်က ဦးစီးဦးဆောင် တာဝန်ယူထားရသူဖြစ်နေရင်တော့ ကိုယ့်အရည်အချင်းက ပိုပြီး လိုအပ်သွားပါပြီ။

အဖွဲ့အစည်းတစ်ခုမှာ လုပ်ကိုင်ဖို့အတွက် အဖွဲ့ဝင်တိုင်းကလည်း သူ့ပညာနဲ့သူ၊ သူ့ကျွမ်းကျင်မှုနဲ့သူ ရှိနေဖို့လိုအပ်သလိုပဲ ဒီအဖွဲ့အစည်းကို ဦးဆောင်သွားတဲ့သူရဲ့အရည်အချင်းကလည်း အဓိကလိုအပ်နေပြန်တယ်။ အဖွဲ့အစည်းဆိုတော့ ဘုံရည်မှန်းချက်လည်း ရှိကြတာပါပဲ။ ဒီဘုံရည်မှန်းချက်ကို ရောက်ဖို့ကလည်း ဦးဆောင်တဲ့သူတစ်ယောက်တည်း စွမ်းဆောင်နိုင်ရုံနဲ့လည်း မရဘူး၊ နောက်လိုက်နောက်ပါတွေချည်း တော်နေရုံနဲ့လည်း မဖြစ်သေးဘူး။ အားလုံးကောင်းမှ ဖြစ်မှာ၊ အားလုံးတော်နေမှဖြစ်မှာ။

တချို့အဖွဲ့အစည်းတွေကျတော့ အဖွဲ့ဝင်တော်တော်များများက တော်ကြပါတယ်။ ဒါပေမယ့် ဦးဆောင်မှု ကောင်းကောင်း မရဘူး။ ဒီတော့ လုပ်သမျှကိုင်သမျှက သူတစ်လူငါတစ်မင်းတွေ ဖြစ်နေတယ်။ သူလည်း သူထင်ရာသူလုပ်၊ ကိုယ်လည်း ကိုယ်ထင်ရာကိုယ်လုပ်။ အားလုံးက ကိုယ်ကောင်းမယ်ထင်သလိုတွေချည်း လုပ်နေတတ်ကြတယ်။ ခက်တာက ကောင်းမယ်ထင်သလိုလုပ်တိုင်း အကောင်းတွေ ဖြစ်မလာတတ်တာပါပဲ။ ကိုယ်ထင်နေတဲ့ အကောင်းကရော တကယ်ကောင်းတာ ဟုတ်၊ မဟုတ် သေချာရဲ့လားဆိုတာကို စံနှုန်းတွေ၊ ပေတံတွေနဲ့ အကြိမ်ကြိမ်ထောက်ကြည့်ဖို့ လိုဦးမှာပါပဲ။ ဒ့ါကြောင့် ကောင်းမယ်ထင်သလို လုပ်တိုင်းတော့ ကောင်းတာတွေ ဖြစ်မလာနိုင်ဘူးလို့ ဆိုရခြင်းဖြစ်ပါတယ်။

ဘာ့ကြောင့်များ ဒီလိုပြောရပါလိမ့်လို့ မေးချင်မေးပါလိမ့်မယ်။ အဓိကအရေးကြီးတဲ့အချက်က ကိုယ်ကောင်းမယ်ထင်တိုင်းလည်း တကယ်ကောင်းချင်မှကောင်းတတ်တာကိုး။ တစ်ယောက်နှင့်တစ်ယောက်က အကြိုက်မတူဘူး၊ စရိုက်မတူဘူး၊ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေမတူဘူး၊ ဉာဏ်ပညာ မတူဘူး၊ နားလည်နိုင်စွမ်းတွေ မတူဘူး။ ဒီတော့ ကောင်းမယ်လို့ ထင်တာတွေချင်းလည်း မတူဘူး။ တစ်ယောက်က ဒီလိုလုပ်မှ ကောင်းမယ်လို့ ထင်တယ်၊ အဲ့ဒီအတိုင်းလုပ်တယ်။ နောက်တစ်ယောက်ကကျတော့ မဟုတ်ဘူး၊ ဒီလိုလုပ်တာ လုံးဝ မကောင်းဘူး၊ အမှန်က ဟိုလိုပဲဖြစ်သင့်တာဆိုပြီး ဟိုလိုတွေပဲ လုပ်တယ်၊ ဟိုလိုမလုပ်ရဘူးဆိုရင် ကျေကိုမကျေနပ်ဘူး။ အစ တော့ ညှိကြည့်ကြသေးတာပေ့ါ။ ခင်ဗျား ဒီလိုလုပ်ပါလား၊ ကျွန်တော်လည်း ဒီလိုလုပ်မယ်ဆိုတာမျိုး။ ညှိရင်းညှိရင်းက တဖြည်းဖြည်း ဇာတိရုပ်တွေပေါ်လာ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ ညှိလို့နှိုင်းလို့မရတော့ ခင်ဗျားလည်း ခင်ဗျားကောင်းမယ်ထင်တဲ့အတိုင်းလုပ်၊ ကျွန်တော်လည်း ကျွန်တော်ကောင်းမယ်ထင်တဲ့အတိုင်း လုပ်ဆိုတာမျိုးနဲ့ လက်စသတ်လိုက်ကြတယ်။ ဒီတော့ စိုက်တဲ့သူကစိုက်၊ ခုတ်တဲ့သူကခုတ်ဆိုသလိုပဲ ဆန့်ကျင်ဘက်တွေဖြစ်ကုန်ပြီး အရာရာ ကမောက်ကမဖြစ်သွားတတ်ပါတယ်။

ကြည့်လိုက်ရင်တော့ အဲ့ဒီအဖွဲ့အစည်းမှာ ဟိုလူလည်း တော်တယ်၊ ဒီလူလည်းတော်တယ်၊ ဟိုလူကလည်း သိပ်တော့ မခေဘူး၊ ဒီလူကလည်း ပေ့ါသေးသေးတော့မဟုတ်ဘူးဗျ ဆိုတဲ့အထဲကချည်းပါပဲ။ ဒါပေမယ့် လိုအပ်နေတာက ဦးဆောင်မှုကောင်းကောင်း။ ဦးစီးဦးဆောင်မှု ညံ့တဲ့အခါကျတော့ အားလုံးက ကိုယ်ထင်ရာကိုယ်စိုင်းနေကြပြီးတော့ အကုန်လုံးက ပြောင်းကပြန် ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်ကုန်တတ်တယ်။ ရလဒ်တွေကောင်းလာပြီလား၊ ဒီလိုဆိုရင်တော့ စောစောက လုပ်ရပ်တွေ ဘယ်လောက်ပဲမတူကြမတူကြ အခုလိုရလဒ်ကောင်းမျိုးထွက်လာတာဟာဆိုရင်ဖြင့် သူကိုယ်တိုင် ဘယ်လောက်အထိ ထဲထဲဝင်ဝင် နှစ်မြှုပ်ဆောင်ရွက်လိုက်လို့သာ အခုလိုအခြေအနေမျိုးအထိ ဆိုက်ရောက်လာနိုင်တာဖြစ်တဲ့အကြောင်း၊ ဘယ်လောက်အထိ လုံ့လဝီရိယတွေ စိုက်ထုတ်ခဲ့ရပါတယ်ဆိုတဲ့ အကြောင်းတွေ မနားတမ်းပြောတော့မယ်။

တကယ်လို့ ရလဒ်က ညံ့သွားပြီလား၊ မအောင်မမြင်ဖြစ်သွားပြီလား။ ဒါဆိုရင်တော့ သက်ဆိုင်သူတွေ အကုန်ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တယ်။ သူနဲ့လည်း သိပ်မဆိုင်သလိုလို၊ ကိုယ်နဲ့လည်း သိပ်မဆိုင်တော့သလိုလို။ အခုလိုဖြစ်ရတာက ဟိုလူ့ကြောင့်၊ ဒီလူ့ကြောင့်၊ ဟိုလူ ဟိုလိုတွေလုပ်လိုက်လို့၊ ဒီလူ ဒီလိုတွေလုပ်လိုက်လို့ဆိုတာမျိုးတွေနဲ့သာ ရှုပ်ယှက်ခတ်နေလိမ့်မယ်။ ကျသွားတာက တစ်ဖွဲ့လုံးရဲ့ဂုဏ်သိက္ခာ။ ဖြစ်ပေါ်လာတဲ့ ရလဒ်အတွက် ဘယ်သူမှ တာဝန်မခံတော့ဘဲ အကုန်လုံး ဝေ့လည်ကြောင်ပတ်လုပ်နေလိမ့်မယ်။ တကယ်တမ်းကျတော့ အကုန်လုံးနဲ့ဆိုင်တာပါပဲ။

လူဆိုတာက အများအားဖြင့် ဘယ်ကိစ္စပဲစဉ်းစားစဉ်းစား ကိုယ့်အရေးကစပြီး စဉ်းစားတတ်ကြတာဆိုတော့ ကိုယ့်ကိုယ် ထိခိုက်မယ်လို့ထင်တာမျိုးဆိုရင် သိပ်မလုပ်ဖြစ်ဘူး။ မထိလည်း မထိခိုက်ဘူး၊ ကောင်းကျိုးလည်းရှိမယ်ဆိုရင်တော့ အားတက်သရော လုပ်မိတတ်ကြပါတယ်။ အဖွဲ့အစည်းလိုက်လုပ်ရတဲ့အခါကျတော့ ကောင်းလည်း အတူတူမျှဝေခံစားရမယ်၊ မကောင်းလည်း အတူတူမျှဝေခံစားကြရမယ်ဆိုတာ သိနေတော့ သိပ်ပြီး အားမထည့်ချင်တော့ဘူး။ သူတောင် ဒီအတိုင်းထိုင်နေသေးတာ၊ ကိုယ်လည်း ဒီလိုပဲ သက်သာသလိုနေရတော့မှာပေ့ါဆိုတာမျိုးနဲ့ ခိုလို့ရသမျှ အချောင်ခိုနေတတ်တော့တယ်။ အဲဒီလိုနေရင်းနေရင်းက ကိုယ့်ရဲ့ဂုဏ်တွေ လျှောလျှောကျသွားတာကိုတော့ သိပ်ပြီး သတိမထားမိတတ်ဘူး။

ဒီနေရာမှာ ခေါင်းဆောင်မှုပညာဆိုတာ လိုလာတော့တာပါပဲ။ စီမံခန့်ခွဲမှုပညာရဲ့ အခန်းကဏ္ဍဟာ အရေးပါလာတယ်။ အဖွဲ့ဝင်တိုင်းရဲ့တစ်ယောက်ချင်း တစ်ယောက်ချင်းစီရဲ့ လုပ်ရပ်တွေကိုတော့ ခေါင်းဆောင်တစ်ယောက်တည်းနဲ့ လိုက်လံစစ်ဆေးကြပ်မတ်နေဖို့ ခက်မှာပါပဲ။ ဒီတော့ ကိုယ်ပါဝင်လှုပ်ရှားနေရတဲ့ အဖွဲ့အစည်းအတွက် ပုံမှန်လည်ပတ်နိုင်ဖို့ ယန္တရားတစ်ခုလိုလာတယ်။ ပြောရရင်တော့ စနစ်တစ်ခုပေ့ါ။ ဘယ်သူက ဘယ်လိုကြီးကြပ်မလဲ။ ဒီအပေါ်မှာ ဘယ်သူက ဘယ်လိုထပ်ဆင့်တာဝန်ခံမလဲ။ ဒါတွေရှိဖို့ လိုလာပြန်ပါတယ်။

### စီမံခန့်ခွဲမှု အခြေခံအပိုင်းလေးပိုင်း

အခြေခံသဘောတရားအားဖြင့်ကတော့ အပိုင်းလေးပိုင်းသာ ရှိပါသတဲ့။ အစီအစဉ်တွေဆွဲမယ်၊ စုဖွဲ့မှုတွေ လုပ်မယ်၊ ခေါင်းဆောင်မှုတွေပေးမယ်၊ ကြီးကြပ်ကွပ်ကဲမှုတွေ လုပ်မယ် ဆိုပြီး ဒီလေးပိုင်းလောက်သာရှိပါသတဲ့။ ကိုယ့်အဖွဲ့အစည်းက ဘာလဲ၊ အဖွဲ့အစည်းရဲ့ ဘုံရည်မှန်းချက်၊ ဘုံဦးတည်ချက်က ဘာဖြစ်မလဲဆိုတာတွေကို မျက်ခြည်မပြတ် ကြည့်နေသိနေရမယ်။ သိပြီးရင် ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့၊ ဒီဦးတည်ချက်ဆီကို အရောက်လှမ်းနိုင်ဖို့အတွက် ဘယ်ပုံဘယ်နည်းဆောင်ရွက်မယ်ဆိုတာကို အစီအစဉ်တွေ အသေးစိတ်ရေးဆွဲရမယ်။ ဒါပြီးရင် ဘယ်သူက ဘယ်အပိုင်းကိုတာဝန်ယူ၊ ဘယ်သူက ဘယ်လုပ်ငန်းကိုလုပ်ဆိုတာမျိုး တိတိကျကျ သတ်မှတ်ပေးရမယ်။ ဘယ်သူ့ကြီးကြပ်မှုအောက်မှာ ဘယ်သူနေ၊ ဘယ်အုပ်စုကို ဘယ်သူကထိန်းထားဆိုတာမျိုးနဲ့ စုဖွဲ့မှုတွေကို စနစ်တကျလုပ်ပေးရမယ်။ လုပ်ငန်းလည်ပတ်နေစဉ်ကာလ တစ်လျှောက်မှာလည်း ဘယ်အခြေအနေကတော့ ဘယ်လိုပြောင်းလဲသွားပြီဖြစ်တဲ့အတွက် လုပ်နည်းလုပ်ဟန်ကို ဘယ်လိုလေး ပြုပြင်ယူရမယ်၊ ဘယ်ကိစ္စ၊ ဘယ်အခက်အခဲကိုတော့ ဘယ်လိုလေး ကျော်လွှားပေးရမယ်ဆိုတာမျိုးကို စီစဉ်ညွှန်ကြားနေရင်းနဲ့ ခေါင်းဆောင်မှုပေးနေရမှာ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်တိုင်းမှာ အစီအစဉ်အတိုင်း လုပ်နေကြတာမှ ဟုတ်ရဲ့လား၊ စုဖွဲ့ပေးထားတဲ့အတိုင်းမှ လုပ်နေကြရဲ့လား၊ ကိုယ့်ရဲ့ခေါင်းဆောင်မှု နောက်ကိုရော သေသေချာချာ လိုက်ပါနေကြရဲ့လား၊ ထင်ရာတွေ လုပ်နေကြပြီလား၊ ကိုယ့်ရဲ့ကြီးကြပ်ကွပ်ကဲမှုကရော လိုနေသေးသလားဆိုတာတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီးတော့ လိုအပ်သလို ပြင်ဆင်ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

**“ဂုဏ်သိက္ခာဆိုတာက ရာထူးတာဝန်တွေ၊ စည်းစိမ်ဥစ္စာတွေကို ဆိုလိုတာမဟုတ်ပါဘူး။ လူတစ်ယောက်အဖြစ် မွေးဖွားလာကတည်းကိုက လူသားဂုဏ်သိက္ခာတွေ အပြည့်အဝပါလာ ပြီးသားပါ။ မွေးကတည်းကပါလာတဲ့ ဒီဂုဏ်သိက္ခာတွေ တစ်စတစ်စ ညှိုးမှိန်လာမလား၊ တဖြည်းဖြည်းနဲ့ ကိုယ့်ရဲ့ဂုဏ်ရောင် ထွန်းပြောင်လာမလား ဆိုတာကတော့ မွေးစကနေ ဒီကနေ့အထိ ပြောဆိုလုပ်ကိုင်သမျှ အရာအားလုံးအပေါ်မှာပဲ မူတည်ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ လုပ်ရပ်တိုင်းဟာ ကိုယ့်ရဲ့ ဂုဏ်သိက္ခာနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်”**

အဖွဲ့အစည်းနဲ့ လုပ်ရကိုင်ရတဲ့အခါ ခေါင်းဆောင်မှုကောင်းနေဖို့လိုသလို ဒီအဖွဲ့အစည်းမှာပါဝင်နေတဲ့ လူတစ်ဦးချင်း တစ်ဦးချင်းစီရဲ့ စိတ်နေစိတ်ထား၊ ခံယူချက်၊ သဘောထား၊ ကျွမ်းကျင်မှုအရည်အချင်း စတာတွေလည်း ကောင်းမွန်နေဖို့ လိုအပ်နေမှာပါ။ ဒါမှသာ ကောင်းမွန်တဲ့ရလဒ်တွေ ပေါ်ထွက်လာနိုင်မှာပါ။

တစ်ခါတလေကျတော့ ခေါင်းဆောင်မှုပြောင်းသွားတာနဲ့ ရလဒ်တွေ သိသိသာသာပြောင်းလဲသွားတာကို တွေ့ရတတ်ပါတယ်။ အဖွဲ့သားတွေက မပြောင်းဘူး၊ ဒီလူတွေချည်းပဲ။ အရင်ကလည်းသူတို့၊ အခုလည်းသူတို့။ ဒါပေမယ့် အရင်က တက်တက်ကြွကြွလုပ်ကိုင်နေခဲ့ကြပြီး အခုကျမှ ဟိုလူ့တွက်၊ ဒီလူ့တွက်နဲ့ တွက်ကပ်ပျင်းမိုက်စာရင်းထဲ ရောက်နေကြပြီလားဆိုတာကို ပြန်ကြည့်ဖို့ လိုပါတယ်။ ပြီးရင် ကိုယ့်ရဲ့ခေါင်းဆောင်မှုအရည်အချင်းကို အကြိမ်ကြိမ်အလီလီ ပြန်သုံးသပ်ဖို့ လိုလာပါတယ်။ လျော့လွန်းလို့ ပတ်နေကြသလား၊ တင်းလွန်းလို့ ပြတ်လုပြတ်ခင် ဖြစ်နေပြီလား။ အခြေအနေအချိန်အခါနဲ့ သဟဇာတဖြစ်အောင် ပြင်ဆင်ယူရမှာပါပဲ။ ဒီလိုမှမပြင်နိုင်ရင် ကိုယ့်သမိုင်းကလည်း လှမှာမဟုတ်တော့ဘူး။

ကိုယ်ကခေါင်းဆောင်မဟုတ်လို့ နောက်လိုက်ဖြစ်နေပြီလား။ ဒါဆိုရင်လည်း ဘာမှစိတ်ပျက်စရာမရှိပါဘူး။ အဖွဲ့အစည်းတိုင်း အဖွဲ့အစည်းတိုင်းမှာ ခေါင်းဆောင်လည်း ခေါင်းဆောင်အလျောက်အရေးပါသလို နောက်လိုက်လည်း နောက်လိုက်အလျောက် အရေးပါတာပါပဲ။ ခေါင်းဆောင်ရှိလို့ နောက်လိုက်ဆိုတာဖြစ်လာရသလို၊ နောက်လိုက်ရှိလို့လည်း ခေါင်းဆောင်ရယ်လို့ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ကိုယ်ကဘယ်နေရာမှာပဲရှိနေရှိနေ ကိုယ့်အလုပ်ကိုယ် တော်တည့်မှန်ကန်စွာ လုပ်ကိုင်ပြနိုင်ဖို့သာ အရေးကြီးပါတယ်။

လုပ်ရပ်တိုင်းဟာ ဂုဏ်သိက္ခာနဲ့ ဆက်စပ်နေပါတယ်။ လုပ်ရပ်မှန်ရင် ကြာလေလေ ဂုဏ်သိက္ခာမြင့်မားလေလေ ဖြစ်လာမယ်။ လုပ်ရပ်တွေ လွဲလွဲလာရင် ကြာလေလေ ကိုယ့်သိက္ခာတွေ ကျလာလေလေဖြစ်လာမယ်။

ကိုယ့်လုပ်ရပ်ဟာ ကိုယ့်ကိုယ်ထိခိုက်မယ်၊ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်အသိုင်းအဝိုင်း အားလုံးကို ရိုက်ခတ်သွားမှာ ဖြစ်ပါတယ်။ အရာအားလုံးက ကွန်ရက်သဖွယ် ချိတ်ဆက်နေတာဖြစ်ပါတယ်။ ကိုယ်မကောင်းတာနဲ့ ကိုယ့်အဖွဲ့အစည်းကိုပါ ထိခိုက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်ကောင်းရင်လည်း ကိုယ့်အဖွဲ့အစည်းပါ ဂုဏ်တက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အခုခေတ်ကြီးမှာ ဘယ်သူမှ တစ်ထီးတစ်နန်း တစ်သီးတစ်သန့်ကြီးနေလို့ မရနိုင်တော့ပါဘူး။ အပြန်အလှန် အမှီသဟဲပြုနေကြရတာ ဖြစ်ပါတယ်။ ဒ့ါကြောင့် သူ့လုပ်ရပ်ကောင်းဖို့လည်းလိုတယ်၊ ကိုယ့်လုပ်ရပ်ကောင်းဖို့လည်း လိုပါတယ်။ သူ့သိက္ခာ မြင့်ဖို့လိုသလို ကိုယ့်သိက္ခာလည်း မြင့်မားနေဖို့လိုပါတယ်။ သူ့သိက္ခာကို ကျအောင်လုပ်ပြီး ကိုယ့်သိက္ခာကို မြင့်အောင်မြှောက်တင်လို့လည်း မရပါဘူး။ သူရောကိုယ်ရော အတူတူမြင့်မားလာအောင် လက်တွဲကြိုးစားယူကြရမှာ ဖြစ်ပါတယ်။

### ကိုယ့်လုပ်ရပ်ဟာ ကိုယ့်သိက္ခာ

ဂုဏ်သိက္ခာဆိုတာက ရာထူးတာဝန်တွေ၊ စည်းစိမ်ဥစ္စာတွေကို ဆိုလိုတာမဟုတ်ပါဘူး။ လူတစ်ယောက်အဖြစ် မွေးဖွားလာကတည်းကိုက လူသားဂုဏ်သိက္ခာတွေ အပြည့်အဝပါလာပြီးသားပါ။ မွေးကတည်းကပါလာတဲ့ ဒီဂုဏ်သိက္ခာတွေ တစ်စတစ်စ ညှိုးမှိန်လာမလား၊ တဖြည်းဖြည်းနဲ့ ကိုယ့်ရဲ့ဂုဏ်ရောင် ထွန်းပြောင်လာမလားဆိုတာကတော့ မွေးစကနေ ဒီကနေ့အထိ ပြောဆိုလုပ်ကိုင်သမျှ အရာအားလုံးအပေါ်မှာပဲ မူတည်ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ လုပ်ရပ်တိုင်းဟာ ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဒ့ါကြောင့် အထူးအလေးထားဖို့ ပန်ကြားလိုပါတယ်။

လုပ်ရပ်တွေလည်း မှန်ကန်ကြပါစေ၊ ဂုဏ်သိက္ခာတွေလည်း မြင့်မားကြပါစေ။ ဒီလိုနည်းလမ်းနဲ့ ကိုယ့်ဘဝကို တစ်စတစ်စ မြင့်မားသထက် မြင့်မားအောင် တည်ဆောက်ယူနိုင်ကြပါစေ။ ကိုယ့်လုပ်ရပ်တိုင်းဟာ ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်ဆိုတာကိုလည်း ကောင်းကောင်းကြီး သဘောပေါက် နားလည်နိုင်ကြပါစေ။ ။

**ကချင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်**
**ပညာရေးဝန်ကြီးဌာန၊ နည်းပညာ**
**သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်) တည်ဆောက်ရေးလုပ်ငန်းအတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေစာရင်းတွင်ပါရှိသည့် နိုင်ငံတော်အထောက်အပံ့မှရငွေ(ပြည်တွင်း) (EU Budget Grant) ဖြင့်အောက်ဖော်ပြပါလုပ်ငန်းကို အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

Lot(1) ၅၀ဆံ့ကျောင်းသား/သူဆောင်(၁၃၀'×၈၇') RC ၂ထပ် (၁၃၅၃၀ စ/ပေ) ၁ လုံး

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၁၉ရက် (သောကြာနေ့)
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄ နာရီ
**တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်နေရာ** - အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်) ဖုန်း** - ၀၉-၇၉၈၈၈၂၃၃၉၊ ၀၉-၇၇၀၂၉၇၄၀၁၊ ၀၉-၇၇၀၂၉၇၄၀၀

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ကွပ်ကဲမှုအောက်ရှိ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်အတွင်းပန်းခြံ ဦးကလေးကစားကွင်း ပစ္စည်းများ တပ်ဆင်ပေးမည်ဖြစ်ရာ အရွယ်အစားနှင့်အရေအတွက်တို့မှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) Swing (ဒါန်းစင်) (၁၁'-၆"-၉'×၇') ၄ခု
(ခ) Seat (ထိုင်ခုံ)(၄'×၃'-၃"×၁'-၆") ၄ခု
(ဂ) Seasaw (၉') ၃ခု
(ဃ) Slide(Big) (လျှောစင်) (၁၀'-၉"×၆') ၂ခု
(င) လျှောက်လမ်း(၃၅၀'-၀"×၅'-၀"×၀'-၆") ၁ခု

၂။ စိတ်ဝင်စားသည့်လုပ်ငန်းရှင်များအား အောက်ပါအတိုင်း တင်ဒါပုံစံများ ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၀-၅-၂၀၁၉ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၅-၂၀၁၉ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကောမတီ**

---

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**
**တင်ဒါကော်မတီ**
**တင်ဒါခေါ်ယူခြင်း**

တင်ဒါအမှတ်၊ ၀၀၇/၂၀၁၉

၁။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တင်ဒါကော်မတီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ မြန်မာ့လက်ရွေးစင်အသင်းများ၏ အိပ်ဆောင်စားရိပ်သာတွင် ကျွေးမွေးရေးကိစ္စရပ်များအတွက် ပြည်တွင်းရှိ အဖွဲ့အစည်းများအားဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစာရွက်စာတမ်းများကို ၂၁-၅-၂၀၁၉ရက်မှစ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်သူ/အဖွဲ့အစည်း/ကုမ္ပဏီသည်အဆိုပြုလွှာအပြည့်အစုံကိုအထက်ဖော်ပြပါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးသို့ ၂၇-၅-၂၀၁၉ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးသွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အဆိုပြုလွှာများကို မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တင်ဒါကော်မတီက ဖွင့်ဖောက်စစ်ဆေးပြီး ရွေးချယ်ထားသောသူ/အဖွဲ့အစည်း/ကုမ္ပဏီများကို လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ စီမံရေးနှင့် လုံခြုံရေးဌာန တာဝန်ခံ ဦးမင်းဦးကြိုင် ဖုန်း-၀၉-၉၆၅၀၃၅၁၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တင်ဒါကော်မတီ**

---

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**
**တင်ဒါကော်မတီ**
**တင်ဒါခေါ်ယူခြင်း**

တင်ဒါအမှတ်၊ ၀၀၈/၂၀၁၉

၁။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တင်ဒါကော်မတီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်အတွင်း ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပုသိမ်မြို့များရှိ မြန်မာ့ ဘောလုံးအကယ်ဒမီ အိပ်ဆောင်စားရိပ်သာများတွင် ကျွေးမွေးရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ပြည်တွင်းရှိ အဖွဲ့အစည်းများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစာရွက်စာတမ်းများကို ၂၁-၅-၂၀၁၉ရက်မှစ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်သူ/အဖွဲ့အစည်း/ကုမ္ပဏီသည်အဆိုပြုလွှာ အပြည့်အစုံကို အထက်ဖော်ပြပါ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံးသို့ ၂၇-၅-၂၀၁၉ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးသွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အဆိုပြုလွှာများကို မြန်မာနိုင်ငံဘော လုံးအဖွဲ့ချုပ် တင်ဒါကော်မတီက ဖွင့်ဖောက်စစ်ဆေးပြီး ရွေးချယ်ထားသောသူ/အဖွဲ့အစည်း/ကုမ္ပဏီများကို လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ စီမံရေးနှင့် လုံခြုံရေးဌာန တာဝန်ခံ ဦးမင်းဦးကြိုင် ဖုန်း-၀၉-၉၆၅၀၃၅၁၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တင်ဒါကော်မတီ**

---

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/2333 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ငူမြို့နယ်၊ (၁၄)ရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ်(၁၅-ရွှေကျောင်း)၊ ဦးပိုင်အမှတ်(၆/င)+(၆/ဃ)၊ ဧရိယာ ၀ဒသမ၀၅၂ဧကရှိမြေအား ဒေါ်ကျင်လှိုင်အမည်ဖြင့် သက်တမ်းတိုးအမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင် မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်ကျင်လှိုင်အား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

# Invitation for Request for Quotation (RFQ)

Ministry of Transport and Communications (MoTC) now invites eligible firm to submit the proposal for "Telecommunications Infrastructure/ Network Inspection Tools" as part of the Telecom Sector Reform Project supported by the World Bank's Loan. The deadline for submission of RFQ is June 17th, 2019 by 13:30PM (Myanmar Standard Time).

Attention

Director General
Posts and Telecommunications Department.
Ministry of Transport and Communications
Office Building Number 2
Nay Pyi Taw
Myanmar
Telephone: +95 67 3407225
Facsimile number: +95 67 3407216
Electronic mail address: dg.ptd@mptmail.net.mm

The detail information and requirements can be seen in the Request for Quotation (RFQ) and it can be downloaded at PTD Website: https://www.ptd.gov.mm

**Tender Committee**
**Ministry of Transport and Communications**

---

**မျိုးစေ့စွမ်းအင် စိုက်ပျိုးရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်၏**
**မတည်ငွေရင်းအား မှားယွင်းစွာဖော်ပြထားခြင်းနှင့်ပတ်သက်၍**
**အတည်ပြုနိုင်ရန် အစည်းအဝေးဖိတ်ကြားခြင်း**

မျိုးစေ့စွမ်းအင် စိုက်ပျိုးရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်၏မတည်ငွေရင်းအား မှားယွင်းစွာ ဖော်ပြထားခြင်းနှင့်ပတ်သက်၍ လူကြီးမင်းတို့၏ အစုရှယ်ယာကိစ္စရပ်များ အတည်ပြုဆွေးနွေးနိုင်ပါရန် အောက်ပါအစီအစဉ်တိုင်း ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၉-၅-၂၀၁၉ ရက်
**အချိန်** - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**နေရာ** - မျိုးစေ့စွမ်းအင် စိုက်ပျိုးရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက် (အမှတ် ၁၅၁၊ ၁၆အေ ရပ်ကွက်၊ အနော်ရထာလမ်း၊ မြောက်ဒဂုံမြို့နယ်)

---

**မြန်မာ့ဗွန် စိုက်ပျိုးရေးနည်းပညာ ကုမ္ပဏီလီမိတက်၏**
**မတည်ငွေရင်းအား မှားယွင်းစွာ ဖော်ပြထားခြင်းနှင့်ပတ်သက်၍**
**အတည်ပြုနိုင်ရန် အစည်းအဝေးဖိတ်ကြားခြင်း**

မြန်မာ့ဗွန် စိုက်ပျိုးရေးနည်းပညာ ကုမ္ပဏီလီမိတက်၏ မတည်ငွေရင်းအား မှားယွင်းစွာ ဖော်ပြထားခြင်းနှင့် ပတ်သက်၍ လူကြီးမင်းတို့၏ အစုရှယ်ယာကိစ္စရပ်များ အတည်ပြုဆွေးနွေးနိုင်ပါရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပေးပါရန်ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၉-၅-၂၀၁၉ရက်
**အချိန်** - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ
**နေရာ** - မြန်မာ့ဗွန် စိုက်ပျိုးရေးနည်းပညာကုမ္ပဏီလီမိတက် (အမှတ် ၁၅၁၊ ၁၆ အေ ရပ်ကွက်၊အနော်ရထာလမ်း၊ မြောက်ဒဂုံမြို့နယ်)

---

**ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
**အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**လက်ပံတန်းမြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈ နှင့်ဆက်နွယ်သည့်**
**၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၄၂**

ဦးစိန်ဝင်း နှင့် ၁။ ဦးသန်းထိုက်စိုး
၂။ ဒေါ်အေးအေးအောင်

**ဒီကရီအနိုင်ရသူ** **တရားရုံးများ**

လက်ပံတန်းမြို့၊ မအူကုန်းရပ်ကွက်၊ မင်္ဂလာလမ်းနေ ဦးသန်းထိုက်စိုးနှင့် ဒေါ်အေးအေးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင်ဒီကရီအနိုင်ရသူ ဦးစိန်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ်အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ်မေ ၂၈ ရက် (၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**လက်ပံတန်းမြို့နယ်တရားရုံး**

---

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ (၈)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးနေစိုး ၉/မထလ(နိုင်) ၀၅၇၆၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးနေစိုးသည် ၎င်းပိုင်ဆိုင်သည့် မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်ရှိ ဦးပိုင်အမှတ်(၅၂/၁)၊ အလျား(၆၀)ပေ၊ အနံ(၃၀)ပေရှိ ဦးလှမြင့်အမည်ပေါက်မြေပေးစလစ်မြေကွက်အား အိမ်ဝင်းခြံစည်းရိုးကာရံမည်ဖြစ်ပါ၍ ၎င်းခြံစည်းရိုးကာရံသည့်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အိမ်ဝင်းခြံစည်းရိုးကာရံသည့်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတိုးနိုင်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၄)(၁၀-၂-၂၀၁၂)**
**ပြည်သာယာ(တ)ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၄၀၃၇၆၉၃**

---

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ဈေးပြိုင်တင်ဒါစနစ်ဖြင့် လျှောက်လွှာခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ဈေးပြိုင်အိတ်ပိတ်တင်ဒါဖြင့် ရောင်းချပါမည်။

၂။ ဘေးထွက်ပစ္စည်းများ၏ ဈေးပြိုင်စနစ် တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၀-၅-၂၀၁၉ရက်မှ ၂၃-၅-၂၀၁၉ရက်အထိ နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၃-၅-၂၀၁၉ရက် ညနေ ၄း၃၀နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ရောက်ရှိသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၂၀၃ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**

---

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း**
**ဆိုင်ခန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၁၂၃)ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်းဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းများနှင့် Convenience store အား ၁-၇-၂၀၁၉ရက်မှ ၃၀-၆-၂၀၂၀အထိ (၁နှစ်)ငှားရမ်းလုပ်ကိုင်လိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား ၂၀-၅-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာလေ့ကျင့် သင်ကြားရေးသင်တန်းကျောင်း၊ ငွေစာရင်းဌာနတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပြီး၇-၆-၂၀၁၉ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

**ဆိုင်ခန်းငှားရမ်းမှုတာဝန်ခံစစ်ဆေးရေးအဖွဲ့**
**စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း**
**ဖုန်း-၀၁-၅၅၇၃၇၂**

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ပေါင်းတည်မြို့နယ်၊မင်းကွက် အထက နဝမတန်း(B)မှ မောင်မင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင် ၇/ပတတ(နိုင်)၀၂၂၉၀၅ ဖြစ်ပါကြောင်း။ **ဦးမင်းလွင်**

---

**ဖခင်အမည်မှန်**

ချောက်မြို့နယ်၊ အထက(၄) အဋ္ဌမတန်း(A)မှ မမေသူခိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မူရင်းအရ ဦးအောင်ဇေဝင်း ၈/ခမန(နိုင်)၁၃၅၈၄၈ ဖြစ်ပါကြောင်း။

**ဦးအောင်ဇေဝင်း**

---

**အမည်ပြောင်း**

ဦးကျော်သူဝင်း၏သား မုံရွာမြို့ အမက(၁၉)လွှန်မှ မောင်ကောင်းခန့်ကျော် (Grade-1အောင်)အား မောင်ကျော်ဘုန်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

---

**မွေးသက္ကရာဇ်အမှန်**

မြဝတီမြို့၊ (၄)ရပ်ကွက်နေ ဦးသန်းဝင်း၏သမီး အထက(၁) သတ္တမတန်းမှ မကြယ်စင်ထက် ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။

---

**ဖခင်အမည်မှန်**

မုံရွာမြို့ အထက(၅) ပဥ္စမတန်း အောင်မြင်သော မောင်နိုင်ဝင်းထွန်းနှင့် နဝမတန်းအောင်မြင်သော မရွှေရည်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန့် ၅/မရန(နိုင်)၁၁၇၈၈၅ ဖြစ်ပါကြောင်း။

---

**ဖခင်အမည်မှန်**

မြဝတီမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်သီဟအောင်၏ ဖခင်အမည်မှန်မှာ ဦးဒန်နာဆယ်ဂတ် ၁၀/မလမ(နိုင်)၁၅၄၃၀၇ ဖြစ်ပါကြောင်း။

**ဦးဒန်နာဆယ်ဂတ်**

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးမင်းနှင့် ဆဋ္ဌမတန်းမှ မောင်အောင်မျိုးအေးတို့၏ ဖခင်အမည်မှန်မှာ ဦးခွေးတိုး ၇/တငန(နိုင်)၀၅၄၄၂၀ ဖြစ်ပါကြောင်း။

**ဦးခွေးတိုး**

---

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ငူမြို့နယ်၊ (၁)ရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ်(၁-ထီးလှိုင်)၊ ဦးပိုင်အမှတ်(ခ/၁၂၂)၊ ဧရိယာ ၀ဒသမ၀၄၂ဧကရှိ မြေအား ဒေါ်ချိုချိုပြုံး အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်ချိုချိုပြုံးအမည်ဖြင့် မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ နီလာဖြလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊မြေကွက်အမှတ်၄၈၀၊ (၄၀ပေ×၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ဟုခေါ်တွင်သော မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်စန်းရီ ၁၂/ဥကမ(နိုင်)၀၀၇၄၆၇က အမည်ပေါက်ပြီး ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၁၉၉/၂၀၁၉ရရှိသူ ဒေါ်ချိုမာအောင် ၁၂/မဂတ(နိုင်)၀၁၅၃၅၀မှ ပိုင်ဆိုင်ပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ (စဉ်-၁၄၄၀၄)၊ ဒေါ်ခင်မာနွယ်(စဉ်-၁၄၂၆၂)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ရတနာမွန်(စဉ်-၂၇၆၃၅)၊ ဦးအောင်မျိုးသူ(စဉ်-၄၆၅၄၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်၁၄၇၊တတိယထပ်၊မြို့သစ်(၁)လမ်း၊ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**



အမှတ် ၁၉(ခ)၊ မဉ္ဇူလမ်းသွယ် (၂)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးနေမျိုးမြတ်ကို-ဒေါ်ခိုင်ဆုဝေ၊ သားမောင်အံ့မင်းကို၊ မဆမ်းမာဆွေမိသားစုမှ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၁၀)သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့မှ လက်ခံယူပါသည်။

**လှူဒါန်းမှုအပေါ်**
**နတ်လူသာခု**
**ခေါ်စေသော်**

**ဖျံ-၅-ကောင်**
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၂၁၄/၀၆၁၈
**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594
GENEVA GOLD STAR FOR QUALITY
LONDON QUALITY CROWN QC 100

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးဝေ C.D.C (No) 54824 ကိုင်ဆောင်ထားသူသည် D.S.D လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၉၅၂၈၄၇၁၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/7073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မင်းအောင် ၈/မသန(နိုင်)၀၇၅၂၁၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ တပ်မတော်အင်ဂျင်နီယာကျောင်းနေ (ဘ) ဦးစော၏သားအမည်မှန်မှာ မောင်ညီမိန်းဂျမ်း ၁၃/သနန(နိုင်)၀၃၈၈၆၂ ဖြစ်ပါကြောင်း။

**မောင်ညီမိန်းဂျမ်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မိုး ၈/အလန(နိုင်) ၂၀၄၂၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/4975 SUZUKI CARRY DA 63T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသဇင်မွန် ၉/ပကခ (နိုင်)၀၁၃၁၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဉယျာဉ်အိမ်ရာ တိုက် Shop House (2)၊ အခန်း (၄၀၆)၏ မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မာလာကိုကို (ခ)ထွေးထွေးထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဒေါ်သဲသဲဖြူ ၁၄/မအပ (နိုင်)၁၆၅၇၆၉ အမည်သို့ ပြောင်းလဲ၍ ပိုင်ဆိုင်မှုစာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၁၄၃၇၉ KinRo-125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဦး ၈/ခမန(နိုင်)၀၁၄၀၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/9169 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၀၈၊ ဦးပိုင်အမှတ် (၁၃-၄၅+၁၃-၄၉)(ခဲစင်း) ၃၂×၃၃ ကြား၊ ၉၀×၉၁ ကြားရှိ ဒေါ်နက်ထယ်အမည်ပေါက် လိုင်စင်မြေကွက်အား ဖခင်ဖြစ်သူ ဦးပေါက်တူး၊ မိခင်ဖြစ်သူ ဒေါ်နက်ထယ်၊ သမီးဖြစ်သူ ဒေါ်လှရှန်တို့အသီးသီး ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၁၂၃/၂၀၀၁ဖြင့် အမွေဆက်ခံခဲ့သော ဦးစံရထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၃၃၄/၂၀၁၈ ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်လွင် ၅/ဝလန(နိုင်)၀၁၂၅၀၂က အမှုတွဲအမှတ် ၂၆၆၃/၂၀၁၈-၂၀၁၉ဖြင့် အမျိုးအစားပြောင်း၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/5658 Volvo FM 400 Dump Truck(8x4)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်ရှိန် ၁၃/မနတ(နိုင်)၀၀၃၈၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3396 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/5179 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/3197 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2854 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/4893 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မုဒုံမြို့နယ်တရားရုံးတော်၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| မန္တေးရီဝင်း | နှင့် | ကိုဇာနည် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဖေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ (မ-၇၈၇)၊ (၅)လွှာ၊ ခြေရင်းနေ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ကိုဇာနည် သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၁၀ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိရှိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်၏ကိုယ်စားလှယ်ရှေ့နေတွင် ထည့်သွင်းပို့အပ်လိုက်ရပါမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းနိုင်ဦး)**
**မြို့နယ်တရားသူကြီး**
**မုဒုံမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ် (၁၂၃၁)နေ ဒေါ်နန်းနွဲ့ ၇/ပခန(နိုင်)၀၁၈၀၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်အုပ်စု၊ နှမ်းခင်းကြီးရပ်ကွက်၊ သံလွင်လမ်း၊ ကွင်းအမှတ် (၁၅၁၅)၊ အကျယ်အဝန်း(အလျား ၂၀၀×အနံ ၇၀)ပေရှိ မြေကွက်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းနွဲ့မှ ၉-၄-၂၀၁၉ ရက်တွင် ငွေအပြေအကျေပေးချေ၍ ဦးကိုကိုအောင် ၉/ပမန(နိုင်)၁၀၇၂၅၅ ထံမှ လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းနွဲ့** | **ဒေါ်ခင်သက်နွယ် LL.B** |
| **၇/ပခန(နိုင်)၀၁၈၀၈၉** | **အထက်တန်းရှေ့နေ (စဉ်-၄၅၉၂၅)** |
| | **ဖုန်း-၀၉-၄၃၀၄၇၈၃၆** |

## အများသိစေရန်ကြေညာခြင်း

ရေးမြို့၊ အောင်သုခရပ်ကွက်၊ ရေးမြို့မအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၃-ခ/အောင်သုခရပ်)၊ ဦးပိုင်အမှတ် (၂၁၀)၊ မြေကွက်အမှတ် ၂၂၂၊ ဧရိယာ ၀ဒသမ၀၆၃ဧကရှိမြေသည် ခရိုင်ဝန်၏မြေနေရာချထားသော ယာယီလက်မှတ်အား ဦးတင်စိန်အမည်ဖြင့် ရရှိထားပြီး ဦးတင်စိန်ထံမှ ဦးကြည်ဝင်း၊ ဦးလှထွန်း၊ ဒေါ်သန်းနွဲ့၊ ဦးအောင်တင်ဝင်း၊ ဦးခင်မောင်လတ်၊ ဒေါ်စန္ဒာအောင်တို့ခြောက်ဦးသည် အရောင်းအဝယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅/၈၄)အရ တရားဝင်ဝယ်ယူခဲ့ပါသည်။ ဦးလှထွန်းသည် ၈-၁၂-၂၀၀၇ ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်သန်းနွဲ့၊ ဦးကြည်ဝင်း၊ ဦးအောင်တင်ဝင်း၊ ဦးခင်မောင်လတ်တို့လေးဦးမှ မိမိတို့ပိုင်ဆိုင်သောမြေကို ဒေါ်စန္ဒာအောင်အား အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ် (၂၂/၂၀၁၀) အရ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့သဖြင့် ဒေါ်စန္ဒာအောင်မှ တရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်စန္ဒာအောင်ထံမှ လျှောက်ထားသူ ဦးဇော်ဇော်နေဝင်းသည် ရေးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် (၂၈/၂၀၁၀)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာ၍ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်ချထားပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ကံဘဲ့၊ မြေကွက်အမှတ်- ၁/ဟ-၁A၊ ဧရိယာ ၀ဒသမ၁၁၉ဧက၊ မြေကွက်တည်နေရာအမှတ်-၁၁(က)၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်ခင်ခင်ကြည် ၁၂/ဗဟန(နိုင်)၀၄၇၅၄၃၊ ဒေါ်မြင့်မြင့်ကြည် ၁၀/မဒန(နိုင်)၀၀၈၉၃၄၊ ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်စိုးညွှန့်ဆွေ ၁၂/ဗဟန(နိုင်) ၀၉၈၄၁၃၊ ဦးအောင်သန့်စင် ၁၂/ဗဟန(နိုင်)၀၇၉၆၁၇၊ ဦးအောင်ဇေယျ ၁၂/ဗဟန(နိုင်) ၀၄၈၂၂၉ အမည်ပေါက်မြေကွက်အား (မိခင်)ဒေါ်ခင်ခင်ကြည်နှင့် ၎င်း၏ခင်ပွန်း ဦးဖေမြ (ဖခင်)တို့ ကွယ်လွန်ပြီးဖြစ်ကြောင်း ဂရန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ကြည် ကွယ်လွန်ခဲ့ပြီး ၎င်း၏ခင်ပွန်းမှာ ဦးထွန်းသိန်းဖြစ်ကြောင်း၊ ဒေါ်မြင့်မြင့်ကြည်(ကွယ်လွန်)၊ ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်စိုးညွှန့်ဆွေ၊ ဦးအောင်သန့်စင်၊ ဦးအောင်ဇေယျတို့မှာ ဖခင်ဦးဖေမြ (ကွယ်လွန်)နှင့် မိခင် ဒေါ်ခင်ခင်ကြည်(ကွယ်လွန်)တို့မှ မွေးဖွားသောသားသမီးအရင်းအချာများဖြစ်ကြပါကြောင်း၊ အခြားသောကိတ္တိမသားသမီးများ မွေးစားထားခြင်းမရှိပါကြောင်း၊ ထို့ကြောင့် အထက်ပါမြေကွက်နှင့်အဆောက်အအုံအပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်တို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိမိတို့ကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိတို့မှအပ အခြားအမွေဆက်ခံပိုင်သူလုံးဝမရှိကြောင်း၊ ဦးထွန်းသိန်း၊ ဒေါ်ညွှန့်ညွှန့် (ခ)ဒေါ်စိုးညွှန့်ဆွေ၊ ဦးအောင်သန့်စင်၊ ဦးအောင်ဇေယျတို့မှ ၁၁-၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဒေါ်ရင်ရင်ချို၊ ဦးခင်ဇော်ဝင်းတို့၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်ခင်ခင်ကြည်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်စိုးညွှန့်ဆွေ၊ ဦးအောင်သန့်စင်၊ ဦးအောင်ဇေယျအမည်ပေါက် နှစ် ၆၀ဂရန်မူရင်း၊ GP အမှတ် ၁၆၁၂၇/၂၀၁၉(၁၁-၂-၂၀၁၉)၊ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းမရှိကြောင်း ဦးအောင်သန့်စင်၏ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဦးအောင်သန့်စင် (ကိုယ်တိုင်နှင့် ဦးထွန်းသိန်း၊ ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်စိုးညွှန့်ဆွေ၊ ဦးအောင်ဇေယျတို့ထံမှ GPရသူ)မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် RC (၁)ထပ်ခွဲတိုက်(၁)လုံးရှိပြီး လျှောက်ထားသူများအနက်မှ ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်စိုးညွှန့်ဆွေနှင့် ဦးအောင်ဇေယျတို့ နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအတိုင်း ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍သတိပေးတားမြစ်ချက်

အောက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများသည် ဒေါ်ခင်ခင်သိန်း ၁၀/ကထန (နိုင်)၀၇၂၉၂၈၏ တစ်ဦးတည်းမူပိုင်တံဆိပ်အမှတ်အသားအဖြစ် မြဝတီမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅/၂၀၁၆)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်များဖြင့် သောက်ရေသန့်ဗူး ၂၀လီတာရေဗူးကြီး၊ ၀.၆လီတာရေဗူးနှင့် ၀.၂၂လီတာ ရေခွက်များကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့် ဖြူးရောင်းချလျက်ရှိနေပါသည်။




အထက်ပါကုန်အမှတ်တံဆိပ်များကို အတုပြုလုပ်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုခုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူပြီးတုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှားတုပ၍ သံတူကြောင်းကွဲစာလုံးများ သုံးစွဲ၍ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဆိုင်းဘုတ်အသုံးပြုခြင်း၊ Online Shopping တွင်အသုံးပြုခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဒေါ်ခင်ခင်သိန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမှုအတွက် ဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်သိန်း**
**၁၀/ကထန(နိုင်)၀၇၂၉၂၈**
**အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/4347 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပိန္နဲပင်ကျေးရွာ မူလတန်းကျောင်းမှ စတုတ္ထတန်း အောင်မောင်အောင်စိုးပြည့်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းသူ ၈/စလန(နိုင်) ၁၂၇၁၀၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၅၆၁)၊ မြေကွက်တည်နေရာအမှတ်(၅၆၁)၊ မောင်းမကန်သာလမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံတောင် ဦးသိန်းထွန်း ၁၄/မအပ (နိုင်)၀၀၆၈၀၅ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား နှစ်(၆၀)ဂရန်အမည်ပေါက် ဦးသိန်းထွန်း ၁၄/မအပ(နိုင်)၀၀၆၈၀၅မြေကွက်အား ဦးသိန်းထွန်းပါ (၃)ဦးအား တရားပြိုင်ထားကာဒေါ်တင် တင်ဝေမှ တရားလိုပြုလုပ်၍ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ်-၂၆/၂၀၁၇၊ တရားမဇာရီမှုအမှတ်-၂၆/၂၀၁၈ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသည်။ ယခုတရားရုံး ဦးသိန်းထွန်းပါ (၃)ဦးကိုယ်စား ဘီလစ် ဒေါ်ကြည်ကြည်စန်း ၁၄/လမန(နိုင်)၀၀၄၁၅၂ မှတရားမကြီးမှုအမှတ်-၂၆/၂၀၁၇တွင်ချမှတ်ထားသော အနိုင်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၂၆/၂၀၁၈ ၏နေ့စဉ်မှတ်တမ်း၊ ထုံးပုံကျအပြီးသတ်အမိန့်၊ ဂရန်မူရင်း(ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တရားရုံး) ၏ တရားရုံးအရာရှိ ခန့်အပ်စာတို့တင်ပြ၍ မြေပြင်ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါကြောင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်(မြေပုံကူး) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

Myan Pyi Kyaw Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် ILV 14-15 4144 (16/03/2015) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၄၈၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၈၂ဧက၊ မြေကွက်အမှတ် (ဉ-၁၄၆၉) ဦးမြင့်ဦး ၉/ပမန(နိုင်)၁၆၈၈၇၄(ဘ)ဦးတင်ဆောင် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်သဥ္ဇာဆွေ ၁၂/အစန(နိုင်)၀၀၁၆၀၄(ဘ)ဦးခင်မောင်ဆွေမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၈၂ဧက၊ မြေကွက်အမှတ် (ဉ-၂၂၉) ဦးမောင်မောင် NOAK-၀၀၉၂၂၂ (ဘ) ဦးမွေးအမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်သဥ္ဇာဆွေ ၁၂/အစန(နိုင်)၀၀၁၆၀၄(ဘ)ဦးခင်မောင်ဆွေမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ် (ဉ-၇၂၁၆)၊ ဦးဇော်မင်းအောင် ၉/ပမန(နိုင်)၂၀၂၈၅၀ (ဘ)ဦးနွေးကို အမည်ပေါက်ပါမစ်မြေကွက်ကို ဦးစောမူးတား ၁၂/မရက(နိုင်)၀၀၄၅၆၆ (ဘ)ဦးစောတီမိုးသီမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဂျပန်နိုင်ငံ၏ ချေးငွေအကူအညီဖြစ်သော JICA ODA Loan ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အဆင့် (၂)ဖြစ်သည့် အောက်ဖော်ပြပါ လမ်း(၃)လမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် အောက်ပါအတိုင်း တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| စဉ် | လမ်းအမည် | လုပ်ငန်းပမာဏ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၁။ | မန္တလေး-တကောင်း-ဗန်းမော် မြစ်ကြီးနားလမ်း {DOH-05A} Lot 1:141.92 km-160.108 km | ၁၈.၁၈၈ ကီလိုမီတာ | ၅.၅မီတာအကျယ် ကတ္တရာလမ်း၊ RC တံတားနှင့် Box Culvert များတည်ဆောက်ခြင်း |
| ၂။ | မန္တလေး-တကောင်း-ဗန်းမော် မြစ်ကြီးနားလမ်း {DOH-05B} Lot 2: 163.22 km-190.84 km | ၂၇.၆၂ ကီလိုမီတာ | ၅.၅ မီတာအကျယ် ကတ္တရာလမ်း၊ Box Culvert များတည်ဆောက်ခြင်း |
| ၃။ | ဂန့်ဂေါ-အိုက္ကာလမ်း {DOH-06} Lot 3:9.0km-21.345 km | ၁၂.၃၄၅ ကီလိုမီတာ | ၅.၅ မီတာအကျယ် ကတ္တရာလမ်း၊ RC တံတားနှင့် Box Culvert များ၊ ကျောက်စီရေမြောင်းများတည်ဆောက်ခြင်း |
| ၄။ | ဟန်မြင့်မိုရ်-မြို့ကြီး-ရွာင်-အောင်ပန်းလမ်း {DOH-07A} Lot 4:33.42 km-51.82 km | ၁၈.၄၀ ကီလိုမီတာ | ၅.၅ မီတာအကျယ် ကတ္တရာလမ်း၊ RC တံတားနှင့် Box Culvert များ၊ ကျောက်စီရေမြောင်းများ တည်ဆောက်ခြင်း |
| ၅။ | ဟန်မြင့်မိုရ်-မြို့ကြီး-ရွာင်-အောင်ပန်းလမ်း {DOH-07B} Lot 5: 51.82 km-63.44 km | ၁၁.၆၂ ကီလိုမီတာ | ၅.၅ မီတာအကျယ် ကတ္တရာလမ်း၊ Box Culvert များ၊ ကျောက်စီရေမြောင်းများတည်ဆောက်ခြင်း |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၉ရက်မှ ၂၇-၅-၂၀၁၉ရက်ထိ
၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၁-၇-၂၀၁၉ရက် မွန်းတည့် ၁၂:၀၀နာရီ
၄။ **ကနဦးတင်ဒါပုံစံများစိစစ်လက်ခံမည့်ရက်** - ၁၁-၇-၂၀၁၉ရက် မွန်းလွဲ ၁:၃၀နာရီ
၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်း (၅၀၀၀၀/-)နှုန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (တည်ဆောက်ရေး)၊ လမ်းဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်။**
**ဖုန်း-၀၉-၅၀၈၄၅၇၆၊ ၀၉-၂၅၇၇၂၈၈၄၄၊ ၀၉-၄၅၀၃၃၀၅၈၀**

---

## မွန်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ
## အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)၏တည်ဆောက်ရေးလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေစာရင်းတွင်ပါရှိသည့် နိုင်ငံတော်အထောက်အပံ့မှရငွေ(ပြည်တွင်း) (EU Budget Grant)ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)တွင် အောက်ဖော်ပြပါလုပ်ငန်းများကို အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

Lot(1) ၁၂၀ဆံ့ကျောင်းသား/သူဆောင်(၂၁၁'×၇၀')RC ၄ထပ်(၃၄၂၈၈ စ/ပေ) (၁)လုံး
Lot(2) ဆရာ/မဆောင် RC(၄)ခန်းတွဲ(၄)ထပ်(၇၈'×၉၄')(၁၇၇၈၈ စ/ပေ) (၁)လုံး

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၁၉ရက်(သောကြာနေ့)
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၉ရက်(သောကြာနေ့) ညနေ(၄း၀၀)နာရီ
**တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)ဖုန်း-၀၉-၄၃၂၀၂၈၂၄၊ ၀၉-၄၃၂၀၂၈၂၅၊၀၉-၂၆၀၂၄၂၂၂၆ သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ဗုဒ္ဓဘာသာပညာသင်ရေးစင်တာ (TBEC) ကျောင်း၊ နဝမတန်းမှ မမိုးမိုး၏ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၆/ရဖန(နိုင်)၀၄၈၈၇၇ ဖြစ်ပါကြောင်း။ **ဦးသန်းထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Easy Rider Motorbike Co.,Ltd ၏ပို့ကုန်လိုင်စင်MSEQEL 618-19 0344(09/07/2018) နှင့် ထုတ်ကုန်ကြေငြာလွှာ No.207887(13/08/2018)တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက 09-446644705အား အကြောင်းကြားပေးပါရန်။

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာနေ ဦးနန်းတင်၏ သမီးမနန်းဖြူဖြူဝင်းအား ယနေ့မှစ၍ မသံစဉ်လင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသံစဉ်လင်းထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၉၉၆၉ Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုးမိုး ၁၀/သထန(နိုင်)၀၀၇၀၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၇၃၂၀ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းကြည် ၁၀/ကထန(နိုင်)၀၀၁၆၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောင်းပုလဲရပ်၊ အထက (၆) ထားဝယ်၊ ပထမတန်းမှ (ဘ)ဦးမင်းဆန်းဦး ၆/ကသန(နိုင်)၀၄၅၅၅၀ ၏ သား မောင်တိမ်မင်းခန့်အား မောင်နေခန့်မင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တူမအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်းနေ (ဦး) ဦးမိုးဇက်နှင့်(အဒေါ်)ဒေါ်မော်လီ(ခ) ဒေါ်ခင်လှထွေးတို့၏ တူမ မသူသူအောင် ၆/မမန(နိုင်)၁၅၅၆၄၆သည် ဦးနှင့်အဒေါ်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ တူမအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မော်လီ(ခ)ဒေါ်ခင်လှထွေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ ပေ (၈၀×၈၀)၊ မြေကွက်အမှတ်(ဒ-၃၂၅၂၉)၊ ဦးလှထွန်းအောင်(ဘ)ဦးတင်လှ ၁၄/ကလန(နိုင်)၀၁၀၀၅၁အမည်ပေါက် ပါမစ်မြေ၏ မြေပေးမိန့်လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်မူရင်းကို ပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး (New Yangon Specialist Hospital)အတွက် လိုအပ်သောဆေးရုံသုံးစက်ပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၉ရက် ညနေ၃နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

## ကရင်ပြည်နယ်၊ ဘားအံမြို့
## အစိုးရနည်းပညာအထက်တန်းကျောင်း(သံတောင်ကြီး)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း (သံတောင်ကြီး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အလုပ်ရုံ(၁)ထပ် Steel Structure (၁)လုံး
(၁၅၀'×၇၅')(၁၁၂၅၀စ/ပေ)
(ခ) ဆရာ၊ ဆရာမဆောင် RC လေးခန်းတွဲ (၁)လုံး
(လေးထပ်)(၇၈'×၉၄')
(၁၇၇၈၈ စ/ပေ)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၉ရက် ညနေ ၄း၀၀နာရီ

(သံတောင်ကြီးမြို့ တည်ဆောက်ရေးမြေနေရာသို့သွားရောက်ကြည့်ရှုရန်)

၃။ အသေးစိတ်သိရှိလိုပါက အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)ရှိ အောက်ပါဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ဖုန်း-၀၉-၇၉၄၂၄၂၂၉၃၊ ၀၉-၆၉၈၇၈၀၀၈၁၊ ၀၉-၂၅၆၂၀၉၂၉၈**

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂)

ဒေါ်တိုးနှင်းခိုင် **နှင့်** ဦးစောမင်းထွေးအောင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ အမှတ် (၁၇၄)နေ တရားပြိုင်ဦးစောမင်းထွေးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက တရားလို၏တရားဝင်ပိုင်ဆိုင်သော မြေကွက်အတွင်း၌ ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသော တရားပြိုင်၏အဆောက်အအုံအားလုံးအား ဖယ်ရှားပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၂၈ ရက် (၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ ညောင်ကျေးရွာ၊ အောင်ချမ်းသာလမ်း၊ အမှတ်(၂၄၇) နေ ကျွန်မ မနီနီထွန်းမှ အောက်ပါအတိုင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် (၁၉၀)ဟုခေါ်တွင်သည့် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက် အမှတ်(၁၉၀)၊မြေအမည်ပေါက် ဗိုလ်ကြီးမျိုးနိုင်ဟုအမည်ပေါက်လျက်ရှိသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တရားဝင်ချထားပေးထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ကို ကျွန်မ မနီနီထွန်းမှ တရားဝင်ဝယ်ယူမည်ဖြစ်သည့်အတွက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ဗိုလ်ကြီးမျိုးနိုင်ဟု အမည်ပေါက်လျက်ရှိသော ပါမစ်မြေအမျိုးအစားမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများအားလုံးသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာပါသည့်ရက်မှစ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနီနီထွန်း ၁၂/လသယ(နိုင်)၁၂၁၇၂၆**
**အမှတ်(၂၄၇)၊အောင်ချမ်းသာလမ်း၊ ညောင်ကျေးရွာ၊စက်မှုဇုန်(၁)**
**လှိုင်သာယာမြို့နယ်၊**
**ဆက်သွယ်ရန်ဖုန်း -၀၉-၂၅၁၉၂၈၇၁၉**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ကချင်ပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံများတွင် တိုက်နယ်ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းသစ် (၅)ခုအား စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းပါရန် ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၉
**ပိတ်သိမ်းမည့်ရက်** - ၃-၆-၂၀၁၉

(၃) အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၇၄-၂၅၂၆၆၁၂ နှင့် ၀၇၄-၂၅၂၆၆၁၃တို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် (DDP Paung Laung) အရောက် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) **Tender No.61/ EPGE/2018-2019** ပြည့်ဖြိုးမြစွမ်းအင်နှင့်ရေအားစက်ရုံများဌာနလက်အောက်ရှိ ရဲရွာစက်ရုံအတွက် Governor HMI (8 Nos)၊ Generator Protection Device (2 Nos)၊ Transformer Protection Device (2 Nos)၊ Temperature Display (20 Nos)၊ Governor Oil Pump with Motor (2 Sets)၊ Turbine Shaft Seal (2 Nos) များ ဝယ်ယူခြင်း။ (6 Items)

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၄-၆-၂၀၁၉ ရက် (၁၄း၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝန်ကြီးဌာန ဝက်ဆိုဒ်(www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ညောင်ဦးခရိုင်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဒေါ်ချောစုလှိုင် **နှင့်** ဒေါ်တင်တင်ဝေ
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တိုက်နံပါတ် (7-G) ရွှေပင်လုံအိမ်ရာနေ ဒေါ်တင်တင်ဝေ (ဘ)ဦးအေးကျော် ၉/နထက(နိုင်)၀၀၈၄၄၀ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ် ၁၅၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် မေ ၃၁ ရက် (၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာမာစိုးရင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပခုက္ကူမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၇၀

ဦးသိန်းမြင့်ဝင်း **နှင့်** ၁။ ဦးဝေလင်းစိုး
၂။ ဒေါ်ခိုင်မာဝင်း
၃။ ဦးတေဇာဝင်း
၄။ ဦးစန်းဝင်းထူး
၅။ ဒေါ်တင်ရွှေ
**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ (၇)လမ်းနေ (၁) တရားပြိုင် ဦးဝေလင်းစိုး(ဘ)ဦးဘအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဝိုင်းမြေပေါ်တွင် ဆောက်လုပ်နေထိုင်သော အိမ်အဆောက်အအုံများအား ဖျက်သိမ်းဖယ်ရှား၍ အိမ်ဝိုင်းမြေလက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဇွန် ၆ ရက် (၁၃၈၁ခုနှစ် နယုန်လဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်ဇော်ထူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပခုက္ကူမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အတွက် အဓိကကုန်ကြမ်း Steel နှင့် ဆက်စပ်ပစ္စည်း(၁၂)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံများကို အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၉ရက် နံနက် ၁၀ နာရီ

(ခ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃-၆-၂၀၁၉ရက် ညနေ ၄ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၇၅၊ ၀၆၇-၄၀၈၃၆၉၃၉၊ ၀၉-၇၉၆၅၅၇၃၂၂၊ ၀၉-၇၉၆၃၈၇၁၀၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ တောင်ပို့လ အုပ်စု၊ မြိုင်သာကျေးရွာနေ ဦးကျော်တင့်ဆွေ၏ အမည်မှန်မှာ ဦးကျော်တင့်ရွှေ ၅/ဟမလ(နိုင်)၀၆၇၄၂၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/2915 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ဥက္ကဌာရာမလမ်း၊ အမှတ်-၆၆၇(ခ)၊ အကျယ်အဝန်း(၂၀'×၆၀')ပါမစ်မြေအမျိုးအစား ဒေါ်အုံးမေ(ISN-၁၄၆၂၅၀) အမည်ပေါက်မြေနှင့် အိမ်အပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိန်ဝင်း ၁၂/တမန(နိုင်)၀၂၉၈၁၁ ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ၂၄-၅-၂၀၁၉ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင် (LL.B, D.B.L, D.M.L)**
**ဒေါ်ဖြူဖြူခိုင် (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B,D.B.L,D.I.L,D.M.L)**
**အထက်တန်းရှေ့နေ**
**အမှတ်-၅၈၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/8683 NISSAN AD VAN 12,StationWagon (4x2) R အမည်ပေါက်သူ SOE SAN AUTOMOBILE SERVICES Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဒီ၊ ဦးပိုင်အမှတ်(၈၀-ဂျီ)၊ ဧရိယာ ၀ဒသမ ၄၃၈ဧကရှိ ဘိုးဘပိုင်မြေကွက်(၁)ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇ဒီ၊ ဦးပိုင်အမှတ်(၄၈ အမ်နှင့် ၄၈အယ်လ်) ဧရိယာ ၀ဒသမ ၀၉၈ဧကရှိ ဘိုးဘပိုင်မြေကွက်(၂)ကွက်၊ ယင်းဘိုးဘပိုင်မြေကွက်(၃)ကွက်၏ စုစုပေါင်းမြေဧရိယာ ၀ဒသမ ၅၃၆ဧကနှင့် ယင်းဘိုးဘပိုင် မြေ(၃)ကွက်ပေါ်ရှိ အမှတ်(၆၂ဘီ)၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ကားဂိုဒေါင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၈တွင် ချမှတ်ခဲ့သော စီရင်ချက်အရ ဒေါက်တာဦးကျော်ဝင်းက မိခင်ဖြစ်သူ ဒေါ်ခင်သိန်းသိန်း၏ သေတမ်းစာအရ အမွေထိန်းလက်မှတ်စာရရှိခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်များအားလုံးဖြစ်စေ၊ တစ်ကွက်ချင်းနှင့်ပတ်သက်၍ဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုနှင့်ဖြစ်စေ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါက်တာဦးကျော်ဝင်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ အခြားနည်း စီမံခန့်ခွဲခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ခွဲစိတ်ခြင်း၊ မြေပုံမြေရာဇဝင်ထုတ်ယူခြင်း၊ အမည်ပြောင်းခြင်း စသည့်ကိစ္စအဝဝတို့ကို ဆောင်ရွက်ခြင်းမပြုပါရန်နှင့် ဖောက်ဖျက်ကျူးလွန်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါက်တာဦးကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်အိအိခိုင် (စဉ်-၂၂၇၃၆)** **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၄၄၃၇၅)** **ဒေါ်မာလာသန်းမြင့် (စဉ်-၄၈၇၁၆)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၄၉)၊ ဒုတိယထပ်၊ အခန်း(၅)၊ လမ်း(၄၀)(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၃၂၆၆၄၄**

## ဦးလှငွေ ISN ၁၂၃၉၈၇နှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် ၁၁၆နေ ဒေါ်တင်တင်အေး၊ ဒေါ်စန်းဝင်း၊ ဒေါ်ဥမ္မာစိုး၊ ကိုယဉ်မျိုးအောင်၊ မကေသွယ်အောင်၊ မစပယ်အောင်တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခြင်းခံထားရသူ ဦးယဉ်ဗိုလ်အောင် ၁၂/အစန(နိုင်)၁၆၉၃၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဦးပိုင်အမှတ် ၇၁/က၊ ပေါက်တောရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် ၁၁၆ ဟု ခေါ်တွင်သော (အလျား×အနံ) (ပေ ၁၀၀× ပေ ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများသည် ကွယ်လွန်သူ ဖခင် ဦးငြိမ်းမောင်၊ မိခင် ဒေါ်ခင်လှတို့၏ ကျန်ရစ်သော အမွေပုံပစ္စည်းများဖြစ်ပါသည်။ ဦးငြိမ်းမောင်နှင့် ဒေါ်ခင်လှတို့ ကွယ်လွန်ချိန်တွင် သားသမီး(၈)ဦး ကျန်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေများသည် အမွေဆက်ခံခွင့်ရှိသော ဦးငြိမ်းမောင်နှင့် ဒေါ်ခင်လှ ကွယ်လွန်ပြီးနောက် ၎င်းတို့၏အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသော ကွယ်လွန်သူများဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်မြင့်၊ ဦးစံထွန်းအောင်၊ ဦးချစ်သိန်းနှင့် ဦးအောင်အောင်ငြိမ်းတို့၏ ဆက်ခံသူများဖြစ်ကြပါသည်။ ဖော်ပြပါ အမွေပုံပစ္စည်းရပ်များအပေါ် တိုက်ရိုက်အမွေဆက်ခံခွင့်ရှိသူများလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ဆိုခဲ့ပါ အမွေပုံပစ္စည်းများတို့ကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ကန်ထရိုက်ဆောက်လုပ်ခြင်း၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းတို့ လုံးဝမပြုလုပ်ကြရန် အလေးအနက် သတိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆိုခဲ့ပါ အမွေပုံပစ္စည်းရပ်တို့နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာအရေးဆိုဆောင်ရွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေများထံသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြ၍ လာရောက်ညှိနှိုင်းပါရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးမောင်**
**B.A,H.G.P,R.L,D.B.L,D.M.L,D.I.L,D.A.Psy.**
**(စဉ်-၃၄၁၄)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးအောင်သူစိုး LL.B, Bsc(Engg) (စဉ်-၃၉၂၇၁) အထက်တန်းရှေ့နေ**
**ဦးဇော်စိုးအောင် LL.B, C.B.L,D.B.L,D.I.L (စဉ်-၁၁၂၈၅) တရားလွှတ်တော်ရှေ့နေ**
**ဦးဝဏ္ဏစည်သူမိုး LL.B (စဉ်-၄၇၁၃၂) အထက်တန်းရှေ့နေ**

**အမှတ်(၁၆/က)၊ ပထမထပ်၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၆၆၉၃၄၊ ၀၉-၄၅၇၈၁၂၆၈၈၊ ၀၉-၉၅၇၃၂၀၄၈၃၊ ၀၉-၅၄၀၃၁၈၃၊၀၉-၆၉၅၄၀၃၁၈၃**

## ဒေါ်သန်းလှ
### အသက်(၉၄)နှစ်

(ဦးထွန်းမြတ်-ဒေါ်ငွေခိုင်)တို့၏သမီး၊ ဦးဝင်းကို-(ဒေါ်သန်းနု)၊ (ဦးလှရွှေ)၊ ဦးဘရီ-ဒေါ်စန်းစန်း၊ (ဦးဇော်အေး)-ဒေါ်ခင်ဆွေအိ၊ (ဦးလှမိုး)-ဒေါ်မြမြစိုး၊ ဦးကြည်သိန်း-ဒေါ်ညွန့်ညွန့်သန်း၊ ဗိုလ်မှူးကြီးကြည်စိုး(ငြိမ်း)-ဒေါ်မြမာလာမြင့်၊ ဦးဇော်ဇော်လင်း-ဒေါ်ခင်မြင့်ဦးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်၁၂ယောက်တို့၏အဘွား၊ (ဦးစံလင်း(ခ)ဦးတူး)၏ချစ်လှစွာသော ဇနီးသည် ၁၆-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျောက်တော်ကြီးဘုရားလမ်း၊ ကျိုက်ဝိုင်း၊ အမှတ်(၄)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စောကြည်
**မကွေးတက္ကသိုလ်၊ သတ္တဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး**
**အသက်(၉၄)နှစ်**

ဒေါက်တာချိုချိုဦး၏မိခင် ဒေါ်စောကြည်သည် ၁၆-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခနှင့် ဆရာ၊ ဆရာမများ**
**သတ္တဗေဒဌာန၊ ဘားအံတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်ရပါသော အစ်ကိုကြီး ကိုမြင့်မောင်ထွန်း၏ မိခင် ဒေါ်ခင်မြင့် အသက်(၇၁)နှစ်သည် ၁၆-၅-၂၀၁၉ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**EMBA16 Group-1 သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးဝင်း
**ဒုတိယအင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၆၆)နှစ်**

သူငယ်ချင်း ဦးမျိုးဝင်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**BE(Civil)1977**
**ကျောင်းဆင်းသူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်စန္ဒာဝင်း (မော်ကျွန်း)
**အထက(၅)ဗိုလ်တထောင်၊ အလက(၁)ကျောက်တံတား**
**ကမာကလုတ် အထက်တန်းကျောင်း**
**အလယ်တန်းပြဆရာမ (PGDMA အပတ်စဉ် ၃)**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ်(၃၇/၃၉)နေ အငြိမ်းစားကျောင်းဆရာကြီး ဦးစိန်ဝင်း-(ဒေါ်ခင်ခင်မြင့်) တို့၏သမီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀/ခ)နေ ဒေါ်လှိုင်သီတာခင်၏သမီးချွေးမ၊ ဦးလှိုင်တေဇာတင်-ဒေါ်မာမာဌေး၊ ဒေါက်တာလှိုင်ထိပ်ထားခင်တို့၏တူမ၊ ဦးသန့်ဇင်အောင်-ဒေါ်လှိုင်မေပွင့်ဖြူ၊ ဗိုလ်မှူးမင်းမင်းထွန်း-ဒေါ်လှိုင်မေပွင့်သူတို့၏ညီမ၊ မောင်ရဲဘုန်းသန့်၏အဒေါ်၊ ဦးလှိုင်မင်းထက်ကောင်း၏ ချစ်လှစွာသော ဇနီးသည် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်၆း၅၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၄၅လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်စန္ဒာဝင်း (မော်ကျွန်း) အသက်(၄၃)နှစ်
**အထက(၅)ဗိုလ်တထောင်၊ အလက(၁)ကျောက်တံတား**
**ကမာကလုတ် အထက်တန်းကျောင်း**
**အလယ်တန်းပြဆရာမ (PGDMA အပတ်စဉ် ၃)**

မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၃)ရပ်ကွက်၊ အောင်ဆန်း (၈)လမ်း၊ အမှတ် ၁၄နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ်(၃၇/၃၉)နေ အငြိမ်းစားကျောင်းဆရာကြီး ဦးစိန်ဝင်း-(ဒေါ်ခင်ခင်မြင့်) တို့၏သမီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀/ခ)နေ ဒေါ်လှိုင်သီတာခင်၏သမီးချွေးမ၊ ဦးဇော်ဝင်း(ပစ္စည်းထိန်းချုပ်-ငြိမ်း၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်အေးသန်းတို့၏တူမ၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်သီတာဝင်း၊ ဦးအောင်ကိုဦး-ဒေါ်သန္တာဝင်း၊ ဒေါ်ပပဝင်းတို့၏ညီမ၊ ဦးကောင်းမြတ်ဝင်း၏အစ်မ၊ တူ/တူမလေးယောက်တို့၏အဒေါ်၊ ဦးလှိုင်မင်းထက်ကောင်း၏ချစ်လှစွာသောဇနီးသည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆း၅၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၄၅လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/6681,Toyota Corollo Fielder N2E12 S/W (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၄/ဖပန(နိုင်)၀၀၀၈၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၈၁)၊ စဉ့်အိုးဘိုအကွက်၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ ၀ဒသမ ၀၁၈ဧကရှိ မြေအား ဦးမျိုးမင်းအောင်၊ ဒေါ်ယုယုခိုင်တို့က မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မမ
**အသက်(၇၈)နှစ်**

ဒေါက်တာမိုးဆွေ (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၏ မိခင် ဒေါ်ခင်မမသည် ၁၇-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်မြင့်
**အသက်(၇၁)နှစ်**

ဦးမောင်မြင့်ထွန်း (MD,Shwe Taung Tet Myanmar Company)-ဒေါက်တာခင်ခင်ထား (ကလေးအထူးကုဆရာဝန်ကြီး ဝေဘာဂီအထူးကုဆေးရုံ)၏မိခင် ဒေါ်ခင်မြင့်သည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ကျေးဇူးတင်လွှာ
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း**
**ဒါယိကာမကြီး**
### ဒေါ်တင်ကြည် (ဂုဏ်ပိုးထည်တိုက်)
**အသက်(၈၈)နှစ်**

(ဂုဏ်ပိုးထည်တိုက်ဦးလှကြည်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ (စိန်ဘုရားသား ဦးညွန့်မောင်-ဒေါ်ကြည်ကြည်)၊ (ဦးကျော်ညွန့်-ဒေါ်တင်ညွန့်)၊ (ဦးအေးကျော်-ဒေါ်သန်းကြည်)၊ (ဦးဘုန်းမြင့်-ဒေါ်အမာကြည်)၊ (ဦးညွန့်အောင်-ဒေါ်မြင့်မြင့်) တို့၏ညီမ၊ ဦးမောင်မောင်-ဒေါ်ဖူဂျီကိုတို့၏ အစ်မသည် ၁၂-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသည်။ အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသော ပုဂ္ဂိုလ်များအားလုံးအား အထူး ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ကျေးဇူးတင်လွှာ
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
### ဒေါ်တင်ကြည် (ဂုဏ်ပိုးထည်တိုက်)
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဂုဏ်ပိုးထည်တိုက် ဦးလှကြည်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ ဦးမောင်မောင်-ဒေါ်ဖူဂျီကိုတို့၏ အစ်မ၊ ဒေါက်တာမြင့်ဦး မယူကီကိုကြည်တို့၏ကြီးတော်၊ ဟီကာရီ၊ နနဆယ်တို့၏ အဘွား၊ ရေတာရှည်မြို့နယ်၊ ရေငန်းမြောင်ရွာ ဇေတဝကာရာမ ဓမ္မအလင်းရောင်ကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇောတိက၏ ရဟန်းမယ်တော်ကြီးသည် ၁၂-၅-၂၀၁၉ရက် ည ၁၁း၀၅ နာရီတွင် ရန်ကုန်မြို့၊ ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခြင်းကိစ္စပြီးစီးခဲ့ပါကြောင်း။ အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါသော ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မမ
**အသက်(၇၈)နှစ်**

နေပြည်တော်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေ၏ မိခင် ဒေါ်ခင်မမသည် ၁၇-၅-၂၀၁၉ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန(စစ်ကိုင်းတိုင်းဒေသကြီး)**
**စစ်ကိုင်းတိုင်းဒေသကြီး၊တိုင်းရင်းဆေးဆရာအသင်း**
**ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မုံရွာ**

## အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ (၆) ရပ်ကွက်နေ ဦးထိန်လင်းထွန်း-ဒေါ်ဇင်ဇင်ခိုင်တို့၏သမီး အလက အင်ပုမှ ပထမတန်းအောင် မဝင်းလဲ့လဲ့ဖြူအား မဆုသဒ္ဒါမောင်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၁) နဝမတန်းအောင် မစုသဲဝေ၏ ဖခင်အမည်မှန်မှာ ဦးညိမ်းဟန် ၈/ခမန(နိုင်)၀၆၀၅၅၂ ဖြစ်ပါကြောင်း။

**ဦးညိမ်းဟန်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ၂၇လမ်း၊ အမှတ် (၉၇)၊ မြေညီထပ် (မျက်နှာမူလျှင်-ညာ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးမျိုးဝင်း (ခ)ဦးဒါဝတ် ၈/စလန(နိုင်)၀၀၀၆၉၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများယနေ့မှ ၁၀ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**Tel:294866, HP:09-5017044**

## ဝမ်းနည်းကြေကွဲခြင်း
## ဝဏ္ဏကျော်ထင် ဦးအောင်မြင့်
### ညွှန်ကြားရေးမှူး(ငြိမ်း)သစ်တောဦးစီးဌာန
### ဧည့်ပါမောက္ခ(ငြိမ်း)၊ ရှေးဟောင်းသုတေသနပညာဌာန
### နာယက၊ ထားဝယ်သမဂ္ဂ
### အမျိုးသားစာပေဆုရှင်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(၂၃)ရပ်ကွက်၊ပျဉ်းမမြိုင်လမ်း၊ အမှတ် (၇၈/၂)နေ (ဦးဗရှင်-ဒေါ်ခင်စိန်)တို့၏သားကြီး၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ ဦးဆန်းဦး(ဗိသုကာ)-ဒါရိုက်တာ ဒေါ်အိအိခိုင် (လင်းရှပ်ရှင်ထုတ်လုပ်ရေး)၊ Dr. ချိုဦး(ဗိသုကာ)၊ ဦးမင်းဦး(2nd Mate)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

### ထားဝယ်အသင်း
### ဝဏ္ဏကျော်ထင် ဦးအောင်မြင့်(ထားဝယ်)
### နာယက၊ ထားဝယ်အသင်း
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် (၇၈/၂)နေ (ဦးဗရှင်-ဒေါ်ခင်စိန်)တို့၏သား၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ အသင်းဝင် အမှတ်(၄၇၆)၊ ထားဝယ် အသင်းနာယကဦးအောင်မြင့်သည် ၁၆-၅-၂၀၁၉ရက် တွင်ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စောကြည်(မကွေးမြို့)
### အသက်(၉၅)နှစ်

ဦးဝင်းထွဋ်ဦး [ညွှန်ကြားရေးမှူး(စီမံရေး)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန] ၏မိခင် ဒေါ်စောကြည်သည် ၁၆-၅-၂၀၁၉ ရက် နံနက် ၁၀နာရီတွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်အေးအေး
### အငြိမ်းစား စာရင်းစစ်မှူး
### ညောင်တုန်း၊ ဆားမလောက်
### အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် (၂၀)နေ (ဦးကျင်ရှိန်-ဒေါ်လှညွှန့်)တို့၏သမီး၊ (ဦးမောင်မြင့်)၏ချစ်လှစွာသောဇနီး၊ (ဦးကံရှိန်)-ဒေါ်အေးသိန်း၊ ဦးကြည်-ဒေါ်ရှုတီ၊ (ဦးဟုန်စိန်-ဒေါ်ရင်မြိုင်)တို့၏ညီမ၊ (ဦးမောင်မောင်ထွေး)-ဒေါ်ငွေငွေတို့၏အစ်မ၊ (ဦးထွန်းမင်း)၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ဦးမင်းလွင်လမ်း၊ အမှတ်(၁၄၇)နေ ဦးတင်အောင်သန်း(ဒု-ညွှန်မှူး၊ ကော့သောင်းခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မူမူကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်ပြည့်စုံသန့်(အထက-၁၊ ကျောက်တန်း)။ မောင်ဘုန်းဇော်သန့်(မြို့မ၊ အလက)တို့၏အဘွားသည် ၁၆-၅-၂၀၁၉ရက် ညနေ ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက်မွန်းတည့် ၁၂နာရီတွင်နေအိမ်မှ ကျောက်တန်းမြို့ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်ခင်မမ
### အသက်(၇၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်းနေ(ဒေါက်တာ မြင့်ဆွေ)၏ဇနီး၊ ဒေါက်တာမိုးဆွေ(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ဒေါ်ညွှန့်စီ၊ ဦးအောင်ဆွေ-ဒေါ်ကြည်မြင့်၊ ဦးဝင်းနိုင်-ဒေါ်စန္ဒာဆွေတို့၏မိခင်သည် ၁၇-၅-၂၀၁၉ ရက် နံနက် ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက်(စနေနေ့) ညနေ၃နာရီတွင် အထက်ပါနေအိမ်မှမုံရွာမြို့ စက်မှုဇုန်အနီးဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မမ
### အသက်(၇၈)နှစ်

ဒေါက်တာ မိုးဆွေ (တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)၏မိခင် ဒေါ်ခင်မမသည် ၁၇-၅-၂၀၁၉ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန၊ နေပြည်တော်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မမ
### အသက်(၇၈)နှစ်

မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ ပေပင်ကျောင်းလမ်းနေ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးဆွေ၏ ချစ်လှစွာသောမိခင် ဒေါ်ခင်မမသည် ၁၇-၅-၂၀၁၉ ရက် နံနက် ၃း၁၅နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချင်းပြည်နယ်ကျန်းမာရေးဝန်ထမ်းများ**

---

### တကက ဝင်းမောင်
### အမှတ်(၈၆)ခြေလျင်တပ်ရင်း
### အသက်(၈၆)နှစ်

ကျောက်ပန်းတောင်းမြို့၊ ပိန္နဲတော ကျေးရွာနေ (ဦးဘတင်-ဒေါ်အေးဖြူ) တို့၏သား၊ နတ်တလင်းမြို့၊ စာတိုက်လမ်းနေ (ဦးထွန်းတင်-ဒေါ်ငွေကျင်) တို့သားသမက်၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စပယ်(၂)လမ်း၊ အမှတ်(၆)နေ(ဒေါ်စန်းမြင့်-သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းအုပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန်းလဲ့လဲ့ဝင်း၏ဖခင်သည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဦးငွေဝင်း(ခ)ဝင်းကြီး(ပုလော)
### အသင်းဝင်အမှတ် ၆၀၆
### အသက်(၇၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့(၃)ရပ်ကွက်၊ မြသီတာလမ်းနေ (ဦးကြာသင်-ဒေါ်သန်း)တို့၏သား၊ ဒေါ်အေးအေး၏ ခင်ပွန်းသည် ၁၅-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင်နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

---

### ဦးဘလှ
### (M.Balakrishnan)
### ဌာနခွဲမှူး(အင်ဂျင်နီယာ)(ငြိမ်း)
### လမ်းနှင့်တံတားဌာန
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၈၈လမ်း၊ အမှတ်(၄၈)၊ သုံးလွှာနေ(ဦးမန်းနီး ဂါတ်ဗိုလ်ကြီး မြန်မာ့မီးရထား-ငြိမ်း-ဒေါ်ပုမ)တို့၏ချစ်လှစွာသောသား၊ [ဗေဒဝိဇ္ဇာဆရာကြီး ဦးမူတူးရာမ(တောင်ငူ)]၊ ဒေါ်မြကြည်တို့၏ သားသမက်၊ ဒေါ်တင်ညွန့်(M.Mallika Devi)အထက်တန်းပြ(ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရဲမော်သိုက်၊ (သက်သာသွားဆေးခန်း၊ မြင်သာ၊ တောင်ဥက္ကလာပ) မခိုင်ဝတ်ရည်လှတို့၏ ချစ်လှစွာသောဖခင်သည် ၁၇-၅-၂၀၁၉ ရက် နံနက် ၇း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်(၁)၌ ဇွဲပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက်(စနေနေ့) ညနေ ၃နာရီတွင် ဟိန္ဒူရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက် ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

**အနိစ္စ**

---

### ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးငွေအောင်
### တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေအကြံပေး
### (ရန်ကုန်မြို့တော်စည်ပင်-ငြိမ်း)၊
### အကြံပေးပုဂ္ဂိုလ်(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်-ငြိမ်း)
### အသက်(၈၄)နှစ်

မန္တလေးမြို့၊ ပုလွေတန်းရပ်နေ(ဦးစံမြ-ဒေါ်အေးကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊အမှတ် ၄၆၄နေ ဒေါ်သန်းညွန့်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇင်အောင်(ဒါရိုက်တာ Aung Pinle United Co.,Ltd)-ဒေါ်ရွှေစင်ငွေး(အလယ်တန်းပြ)၊ ဒေါက်တာဦးစိုးညွန့်အောင်(OG London)၊ဒေါ်ချိုချိုအောင် (ခေတ္တ-UK)တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၉ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမိုးဆွေ၊ ဇနီးဒေါ်ညွှန့်စီတို့၏မိခင် ဒေါ်ခင်မမ အသက်(၇၈)နှစ်၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်း၊ မုံရွာမြို့သည် ၁၇-၅-၂၀၁၉ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမိုးဆွေ၊ ဇနီးဒေါ်ညွှန့်စီတို့၏မိခင် ဒေါ်ခင်မမ အသက်(၇၈)နှစ်၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်း၊ မုံရွာမြို့သည် ၁၇-၅-၂၀၁၉ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန**
**ပြည်နယ်ဦးစီးဌာနမှူးနှင့် တိုင်းရင်းဆေးရုံများ၊ ခရိုင်ရုံးများ၊**
**မြို့နယ်တိုင်းရင်းဆေးကုဌာနများမှ ဝန်ထမ်းများအားလုံး**

---

### ဒေါ်ခင်အေး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၈၈/ခ)နေ (ဦးစံညွှန့်-ဒေါ်စောညွှန့်)တို့၏သမီး၊ (ဦးပွ-ဒေါ်ကျင်)တို့၏သမီးချွေးမ၊ ဦးတင်မြင့်-(ဒေါ်လှမြင့်)တို့၏ညီမ၊ ဦးတင်အေး(တရားရုံးချုပ်ရှေ့နေ)၏ဇနီး၊ ဦးစိုးလွင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်သန်းသန်းငွေး၊ ဦးဝင်းကျော်-ဒေါ်သန္တာလှိုင်၊ ဦးနေအောင်၊ အုပ်ခွဲ တပ်ကြပ်ကြီးအောင်မျိုးထွေး (လထခ)-ဒေါ်နုနုလွင်(ဆေးသုတေသနဦးစီးဌာန)၊ ဦးပြည့်စုံကျော် (ဒဂုံတက္ကသိုလ်စီမံ)-ဒေါ်နီနီအေးတို့၏မိခင်၊ မောင်ဟိန်းဝင်းထက်၊ မအေးပပမျိုး၊ မောင်ဟိန်းမင်းထက်၊ မောင်သက်ပိုင်၊ မလဝန်းအိမ်တို့၏အဘွားသည် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဦးကျော်မင်း(SHARK အီလက်ထရောနစ်)
### အသက်(၆၂)နှစ်

ကျွန်းလှမြို့နယ်၊ ညောင်ပင်ရိုးကျေးရွာနေ(ဦးထွန်းရှိန်-ဒေါ်မယ်အောင်)တို့၏သား၊ တမူး မြို့နယ်နေ ဦးကျော်စိန်-ဒေါ်သောင်းမြတို့၏သားသမက်၊ သာကေတမြို့နယ်၊ ၃/ရန်ပြေ ရပ် ကွက်၊ ရန်အောင်လမ်း၊အမှတ် ၁၀နေ ဒေါ်ခင်မကြည်၏ခင်ပွန်း၊ ကိုမိုးမင်းဦး၊ ကိုတင်ကိုကို- မခိုင်ဝါမင်း၊မောင်လှိုင်မင်းထက်တို့၏ဖခင်၊မြေး နှစ်ယောက်တို့၏ အဘိုးသည် ၁၇-၅-၂၀၁၉ရက် နံနက် ၇း၅၀ နာရီတွင်ကွယ်လွန် သွားပါသဖြင့် ၁၉-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၃-၅- ၂၀၁၉ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ရဟန်း၊ သိမ်၊ ကျောင်း တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်ကြည်ကြည်ဝင်း
### ရွှေနဂါးကြေးအိုး ကန်တော်ကလေး
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၄၉)၊ လေးလွှာ နေ (ဦးသိန်းကြည်)-ဒေါ်ခင်အေးဝင်း (ကန်တော်ကလေး-ရွှေနဂါးကြေးအိုးဆီချက်)တို့၏ချစ်လှစွာ သောသမီး၊ (ဦးကျော်စိန်)-ဒေါ်သန်းသန်းရင်(ငွေဇင်ယော်ကားပစ္စည်းဆိုင်)တို့၏သမီးချွေးမ၊ ဦးမျိုးလှိုင်၏ချစ်လှစွာသောဇနီး၊ မမျိုးသဥ္ဇာထက်(Grade-10၊ အထက-၅ဗိုလ်တထောင်)၊ မောင်ဘုန်းမြတ်သူ(Grade-5၊အထက-၅ဗိုလ်တထောင်)တို့၏မိခင်သည် ၁၆-၅-၂၀၁၉ရက် နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါ မည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ ဉာဏိက မဟာထေရ်
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၅)ဝါ

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ သဒ္ဓမ္မဝံသာရုံ(နဂါးရုံ)ပါဠိတက္ကသိုလ် ပရိယတ္တိ စာသင်တိုက်ကြီး၏ဦးစီးပဓာန နာယက၊ မြို့နယ် ဩဝါဒါစရိယ ဘဒ္ဒန္တ ဉာဏိက မဟာထေရ်သည် ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့)နံနက် ၇း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ သဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ် ကလာပ်တော်ကို ၁၉-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် မြင်တော် ကန်သုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ဆင်ယင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

**တပည့် ရဟန်းသာမဏေများနှင့်တပည့်ဒါယကာ၊ ဒါယိကာမများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်မကျော်ညွန့်
### အသက်(၉၆)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ပေါက်တူးတောင်ကျေးရွာနေ(ဦးဘကျော်)-ဒေါ်စိန်စိန်၊ ဦးဆိတ်ညို အောင်-ဒေါ်မကျော်သိန်း၊ (ဦးဖိုးသာထွန်း)-ဒေါ်သိန်းတင်၊ ဦးကျော်မြသန်း-ဒေါ်အေးမြတင်၊ ဦးခင်မောင်ထွန်း-ဒေါ်သန်းကြည်တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၂၃ယောက်တို့၏အဘွားသည် ၁၆-၅-၂၀၁၉ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၇)၊ အမှတ်(၁၄၅၄/က)နေ ဦးခင်မောင်ထွန်း-ဒေါ်သန်းကြည်တို့၏နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၉ ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ ပန်းခြံ(၇)၊ အမှတ်(၁၄၅၄/က)ဗိုလ်တိုက်ချွန်းလမ်းနှင့် သုခမိန်လမ်းထောင့် အမှတ်(၁၄၅၄/က)နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်သန်းမြ
### ချောင်းဆုံ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၄၇)နေ (ဦးနီ-ဒေါ်လှစိန်) တို့၏သမီး၊ (ဦးထွန်းငွေ) ဌာနခွဲမှူးကျန်းမာရေးဝန်ကြီးရုံး(ငြိမ်း)၊ ဒေါက်တာခင်မောင်လွင်(အကြံ ပေး၊အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ)-ဒေါ်လဲ့လဲ့တင်(Pauline)၊ ဦးခင်မောင်ငွေ (ဘဏ-ငြိမ်း)-ဒေါ်ခင်ငွေးမူ၊ ဦးခင်မောင်သန့် (မန်နေဂျင်းဒါရိုက်တာ၊ နဝဒေးဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလီမိတက်)-ဒေါ်သီရိမေ(ဆသရ-ငြိမ်း)၊ ဒေါက်တာခင်မောင်မြ-ဒေါ်ခင်မီမီဟိန်း၊ ဒေါက်တာခင်ပြုံးဆွေ(ခေတ္တဩစတြေးလျနိုင်ငံ)၊ ဒေါက်တာ မြတ်မော်ထွန်း-(ဒေါ်ခင်ပြုံးသစ်)တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇-၅-၂၀၁၉ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၉ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဦးမြသန်း
### ဦးစီး(တ)မြို့ပြ(ငြိမ်း)ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း၅၀၊ အမှတ် ၁၇(လေးလွှာ-ဝဲ)နေ ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း၊ ဦးထိန်လင်း-ဒေါ်သင်းသင်းမြင့်၊ Capt. ငွေလင်း(Weathernews Inc.Yangon Branch)-ဒေါ်ကြူကြူ၊ ဦးဉာဏ်ကြည်ဦး(ဆည်မြောင်းဦးစီးဌာန)-ဒေါ်မြတ်ဇင်၊ ဦးလှထွန်း-ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မချစ်လင်းဆု(Project Officer,NTU,Singapore)၊ မဖွေးဖွေးငွေ (Software Quality Analyst)UOB,Singapore၊ မောင်ပိုင်ခန့်လင်း(Lance Corporal,N.S, Singapore)၊ မမြတ်လင်းအောင်(ခေတ္တ-AUSTRALIA)၊ မောင်ဟိန်းထက်အောင်(ခေတ္တ-KOREA)၊ မောင်မင်းဉာဏ်ဟိန်းတို့၏အဘိုးသည် ၁၆-၅-၂၀၁၉ရက် မွန်းလွဲ ၁း၁၂ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဒေါ်ငွေးငွေးရီ
### ဝါးခယ်မမြို့
### အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊မင်းပိုင်းရပ်ကွက်၊ မြို့မလမ်း၊အမှတ် ၂၇နေဦး ကင်းချီ(ခ)ဦးကျော်အောင်-ဒေါ်ကျင်ရီ(အထည်စတိုး)တို့၏သမီး၊ မငွေးငွေးလှိုင်၊ မဝင်းဝင်းသန်း၊ ကိုမောင်မောင်လွင်-မစုစုလှိုင်တို့၏အစ်မ၊ မောင်စိုင်းဝင်းထွဋ်၊မောင်ဘုန်းမြတ်မင်းတို့၏အဒေါ်သည် ၁၆-၅-၂၀၁၉ရက် မွန်းလွဲ ၁၂း၄၀ နာရီတွင်ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဝါးခယ်မနေအိမ်မှ နံနက် ၅နာရီ၊ ရန်ကုန်မြို့၊ လမ်းမတော် ၄လမ်း၊ အမှတ် ၄၂နေအိမ်မှ နံနက် ၉နာရီတွင် ကားများ ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်လှဆန်းဝေ
### အထက(၂)စစ်တွေ
### အသက်(၅၆)နှစ်

စစ်တွေမြို့၊ လမ်းမတော်(တောင်)ရပ်ကွက်နေ(ဦးမောင်အေးချမ်း-ဒေါ်ဦးသိန်းမြ)တို့၏သမီး၊ ဦးသိန်းမောင်-ဒေါ်စိန်စိန်မြတို့၏တူမ၊(ဦးဘစော)-ဒေါ်မြမြတင်တို့၏တူမ၊ဒေါ်လှသိန်းနု-ဦးအောင်ကျော်သန်း၊ ဒေါ်စန်းစန်းနု-ဦးမောင်ကျော်သိန်း၊ဒေါ်ခင်လှနု-(ဦးအောင်ကြိုင်)၊ဒေါ်စန်းစန်းအေး-ဦးမောင်ရွှေသိန်း၊ (ဦးမောင်လှသိန်း)၊ ဦးခင်မောင်အေး-ဒေါ်ဆွေဆွေဦး၊ ဦးခင်မောင်ထွေး-ဒေါ်နီနီမြင့်တို့၏အစ်မ၊တူ၊တူမ ၁၂ယောက်တို့၏အဒေါ်သည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည၁၁း၁၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ သဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အားလုံးအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၁၇**

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်တွင် အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန ၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှင့် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ ရှိပါကြောင်း။

အဆောက်အဦဦးစီးဌာန၏ ပြုပြင်ပြောင်းလဲတိုးတက်မှုဆောင်ရွက်ချက်များ အနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ၂၀၁၈ ခုနှစ် (၆)လဘတ်ဂျက်တွင် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်း ၄၈ ခုကို စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ဝန်ကြီးဌာန ၂၅ ခုတို့မှ ၂၀၁၈ ခု (၆)လ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်း ၂၉၉၁ ခုကို တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီက စိစစ်အတည်ပြုပေးခဲ့ပါကြောင်း။

တတိယ (၁)နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် မောင်တောခရိုင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ရွာ လေးရွာတွင် Assemble Board House ၄၃ လုံး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၁* ✻


ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

## နှစ်နိုင်ငံကုန်တင်ကားများ သွားလာရေးအဆင်ပြေစေရန် နယ်စပ်ဂိတ်များ တရုတ်နိုင်ငံမှ အချိန်ပြောင်းလဲပေး

**မူဆယ် မေ ၁၇**

တရုတ်နိုင်ငံ ရွှေလီမြို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ မူဆယ်ဒေသရှိ တာဝန်ရှိသူများ ပူးပေါင်း၍ မေလဒုတိယပတ်က နှစ်နိုင်ငံနယ်စပ်ဂိတ်များတွင် ဖြစ်ပေါ်နေသည့် ယာဉ်ကြောပိတ်ဆို့နေသည့်ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး တိုးတက်စေရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးဖွံ့ဖြိုးစေရေးကိစ္စရပ်များ စသည့် အကြောင်းအရာများအား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးခဲ့သည့် အကြောင်းအရာကိစ္စရပ်များအား မေ ၁၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ တယ်ဟုန်တိုင်းအစိုးရ၏ တောင်းဆိုမှုအရ ရွှေလီမြို့အစိုးရက မြန်မာဘက်မှ တာဝန်ရှိသူများနှင့် နားလည်မှုယူပြီး ပူးတွဲဆောင်ရွက်ကာ ရွှေလီ-ကျယ်ဂေါင် ဂိတ်ပိတ်ချိန်အား ပြန်လည်ပြင်ဆင်လိုက်ကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ် ရွှေနန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်ပိတ်ချိန်အား ယခင် တရုတ်စံတော်ချိန် ၂၄း၀၀ နာရီအား ၂၁း၃၀ နာရီသို့လည်းကောင်း၊ ကုန်တင်ယာဉ်များပိတ်ချိန် ယခင် ၂၁း၃၀ နာရီကို ၂၃း၃၀ နာရီသို့လည်းကောင်း ပြောင်းလဲခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်များအား ဝမ်တိန်ဂိတ်မှ ဝင်ရောက်ပြီး ကုန်မဲ့ယာဉ်(ခါလီ)ဖြင့် ရွှေလီမြို့မှတစ်ဆင့် ကျယ်ဂေါင်မြို့တွင်းသာ ကုန်ပစ္စည်းတင်နိုင်ကြောင်း၊ လိမင်ဈေးမှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်ထွက်ခွာနိုင်ကြောင်း သိရသည်။

ထို့အပြင် မြန်မာဘက်မှ ကုန်တင်ယာဉ်အာမခံ ပြုလုပ်ထားရန် အာမခံငွေကြေးအတွက် ယာဉ်တစ်စီးလျှင် တရုတ်ငွေ ၃၅ ယွမ်ပေးဆောင်ရမည်ဖြစ်ကြောင်း၊ လိမင်ဈေး၌ ယာဉ်ရပ်နားခအနေဖြင့် တရုတ်ငွေ ယွမ် ၂၀ ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် မြန်မာဘက်မှ မော်တော်ယာဉ်များ တရုတ်နိုင်ငံအတွင်း မောင်းနှင်ပြီဆိုပါက တရုတ်နိုင်ငံ၏ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်-မူဆယ်**


တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဂိတ်။

## ၂၀၁၉ အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၇**

မြန်မာကလပ် VUC ဖူဆယ်အသင်း (Victoria University College) သည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှဖူဆယ်ကလပ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၇ ရက်မှ ၁၇ ရက်အထိ ဗန်ကောက်မြို့ရှိ Futsal Arena Indoor Stadium ၌ ကျင်းပမည် ဖြစ်သည်။

မြန်မာဖူဆယ်ကလပ်အသင်းများသည် ယခုနှစ်တွင် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာရှဖူဆယ် ကလပ်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲနှင့် ၂၀၁၈ MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် MIU အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ဖူဆယ်လိဂ်တွင် ဒုတိယရသည့် VUC အသင်းက အာရှကလပ်ဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အာရှကလပ် ဖူဆယ်ပြိုင်ပွဲတွင် အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ VUC FC နှင့်အတူ ထိုင်းကလပ် Port Futsal Club ၊ အီရန်ကလပ် Mes Sungun Varzeqau FC ၊ ဗီယက်နမ်ကလပ် Thai Son Nam FC ၊ လက်ဘနွန်ကလပ် Bank of Beirut FC ၊ အီရတ်ကလပ် Naft AL Wasat FC ၊ ဂျပန်ကလပ် Nagoya Oceans FC၊ အင်ဒိုနီးရှားကလပ် Vamos FC ၊ ကာဂျစ္စတန်ကလပ် FCErem ၊ ယူအေအီးကလပ် AL-Dhafra Sport & Cultural Club ၊ တရုတ်ကလပ် Shenzhen Nanling Tie-lang FC ၊ ကာတာကလပ် AL Rayyan SC ၊ တာဂျစ်ကစ္စတန်ကလပ် Soro Company ၊ ဥဇဘက်ကစ္စတန်ကလပ် AGMK FC၊ တောင်ကိုရီးယားကလပ် Star FS Seoul နှင့် ကူဝိတ်ကလပ် Kazma SC တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဇွန် ၂၇ ရက်တွင် အာရှဘောလုံးအဖွဲ့ချုပ်ရုံးတည်ရှိရာ မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိန်း**

သင့်မိသားစု အတွက် အထူးသင့်တော်သော ပြည်လမ်း၊ လေဆိပ်အနီးရှိ လုံးချင်းများကိုဝယ်နိုင်မည်




ကနဦး စာရင်းပေးသွင်းသူများထဲမှ (၁၀) ဦးအား

သိန်း(၁၂၀၀) တန်ကို သိန်း(၉၀၀) ခန့်ဖြင့်

25.5.2019 ရက် နံနက်(၁၁) နာရီ Myamnar Culture Valley တွင်
မဲဖောက်ရွေးချယ် ရောင်းချပေးသွားမည်။

စာရင်းပေးသွင်းရန် - 09 767 699 881/ 09 767 699 882

- 2BR ပါ လုံးချင်းအိမ် အသစ်စက်စက်
- ကားပါကင် (၂) စီး၊ မြေပိုင်မြေ

အချိန် - 25/ 26 May 2019 ရက်တွင် ရောင်းချပေးမည်
နေရာ - Myanmar Culture Valley/ ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရား အနောက်မုခ်ရှေ့